
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၊ ၅၀၀၄၇၆၀၄၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၊ ၅၀၀၇၃၃၀၆၀၇

ပုံနှိပ်ခြင်း ၊ ပထမအကြိမ်၊ ဇွန်လ၊ ၂၀၀၈

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဗိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း
အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း
(ကာလာစုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး ၊ ၁၅၀၀ ကျပ်

## ဝေမျှခံစားကြပါစို့ . .

ငါတို့စာပေမှဦးစီး၍ လေးစားသင့်ပြည်သူများထံ အဆက်မပြတ်လှူဒါန်းနေရာမှ စာအုပ်အငှားဆိုင်များ၊ စာဖတ်ပရိသတ်များနှင့်ပူးပေါင်း၍ ပိုမိုထိရောက်ကျယ်ပြန့်စွာ လှူဒါန်းနိုင်ရန် ငါတို့စာပေမှဖြန့်ချိထားသော **မင်ပဝဒီ** ၏ များရည်မြစ်စာအုပ် ရောင်းရငွေအားလုံး အရင်းရော အမြတ်ပါမကျန် လှူဒါန်းမည် ဖြစ်ပါသည်။ စာအုပ်ဝယ်ယူ၍ ကုသိုလ် ပါဝင်နိုင်ပါသည်။ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများလည်း ငါတို့စာပေသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ငါတို့စာပေ
အမှတ် (75-D)၊ ဗိုးစိန်လမ်းနှင့်
ရှိုင်းရေအိုးစင်လမ်းထိပ်၊
ဗဟန်း၊ ရန်ကုန်။
Ph: 721345, 559773

www.burmeseclassic.com

www.burmeseclassic.com

## ပြောပါရစေ...

“ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်”ဆိုတဲ့ ဝတ္ထုက ဗီဒီယို အဖြစ် အသွင်ပြောင်းတဲ့အခါ ဝတ္ထုနဲ့ သီးခြားဖန်တီးရတာဖြစ်တော့ တချို့ဝတ္ထု ထဲပါတဲ့ ဇာတ်ကွက်တွေကို ဖြုတ်တာတို့ ဗီဒီယိုအဖြစ် ကြည့်ကောင်းအောင်လုပ်တာတို့ဘာတို့ ရှိပါတယ်။ ဥပမာ-ဝတ္ထု ထဲမှာပါတဲ့ ဇာတ်ကောင်နာမည်တွေက စလို့ပေါ့။ အခု “ဒါမျိုးကြီး စိန်သာဗလ”ကလည်း ပထမဝတ္ထုကို ဖတ်သူတွေကော မဖတ်ရ သေးတဲ့သူတွေအတွက်ပါ အရသာတစ်မျိုးပေးလိမ့်မယ်ထင်ပါ တယ်။

ပန်းဒါနိုင်

www.burmeseclassic.com

www.burmeseclassic.com



သံသရာဆိုတဲ့
အခန်းတွေထဲမှာ
လူဟာ ဟိုကူးလိုက်
ဒီကူးလိုက်ပါပဲ...။

## အခန်း(၁)

‘စိန်သာဗလ ပြန်လာပြီဟေ့’

‘မနက်မိုးလင်းလင်းချင်း ရပ်ကွက်ထဲမှာ အသံတွေက အထက်ပါအတိုင်း ညံစီနေပါတော့တယ်။

ဘုန်းကြီးအပြီးဝတ်တော့မယ်ဆိုပြီး လူဝတ်ကြောင်ကို စွန့်သွားတဲ့ စိန်သာဗလ ဘယ်ပုံဘယ်နည်းကြောင့် ဘုန်းကြီးဘဝကနေ ထွက်လာသလဲ ဆိုတာ သိချင်လို့ စပ်စုသူများနဲ့ စိန်သာဗလအိမ်ရှေ့မှာ မယောင်မလည် လုပ်ရင်းက အိမ်ထဲကို ဟိုကြည့်ဒီကြည့် ကြည့်နေလို့။

အိမ်ထဲမှာနေနေရင်း အခံရခက်နေသူက စိန်သာဗလရဲ့အဖေ ဦးဘ ဘုတ်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကမထသေးဘဲ စက်တော်ခေါ်နေတဲ့ သားဖြစ်သူ စိန်သာဗလရဲ့ ခြင်ထောင်ကိုကြည့်လိုက်၊ ဇနီးဖြစ်တဲ့ ဒေါ်ရွှေ ထမင်းချက်နေတာကို လှမ်းကြည့်လိုက်နဲ့ တစ်ခုခုကို အလိုမကျဖြစ်ပုံမျိုး ဖြစ်နေရင်းက မထူးပါဘူးဆိုပြီး ဒေါ်ရွှေ ထမင်းချက်ဟင်းချက်လုပ်နေတဲ့ မီးဖိုချောင်ရှိရာ သွားလိုက်ပါတယ်။

'မရွှေ'

'ဘာတုန်း'

'ငါတော့ကွာ…'

'ဘာ ငါတော့ကွာလဲ…ရှင့်စကားက ဟိုမရောက်ဒီမရောက်နဲ့'

ဒေါ်ရွှေက ရေပ်သီးထောင်းနေရာကနေ ဦးဘတုတ်ကို ပြောလိုက်ပါတယ်။

'ဘာ…ငါတော့ဂုဂုရမှာလဲ။ မင်းရဲ့သားတော်မောင် စိန်သာဗလလုပ်ပုံကောင်းလား။ ငါတော့ အရပ်ထဲ ဘယ်လိုမျက်နှာပြရမှန်းမသိဘူး'

'ဒါများ ကိုဘတုတ်ရယ်…မျက်နှာမပြရဲလည်း မျက်နှာဖုံးလေးဘာလေး ဝယ်စွပ်ပေါ့'

'မရွှေ…မင်းက ငါ့စကားကို ရယ်စရာဖြစ်အောင် မလုပ်ပါနဲ့။ အခုမင်းရဲ့သားလုပ်ပုံကောင်းလား။ တစ်သက်လုံး ဘုန်းကြီးဘဝနဲ့ အရိုးထုတ်တော့မယ်ဆိုပြီး အခုလူထွက်လာတာလေ'

ဒေါ်ရွှေက ရေပ်သီးထောင်းနေတာကို ရပ်လိုက်ရင်းမှ–

'ဒီမှာ ကိုဘတုတ်…ကျွန်မသား ဘုန်းကြီးဝတ်တုန်းက တစ်သက်လုံး ဘုန်းကြီးဘဝမှာ အရိုးထုတ်ပါမယ်လို့ စာချုပ် ချုပ်ခဲ့တာမှမဟုတ်တာ။ ဒီတော့ သူမပျော်လို့ လူထွက်တာ ဆန်းသလား။ သက်သက်မဲ့ ရဟန်းဘဝ



မှာ မပျော်ဘဲနေနေရမှ ပိုပြီးအပြစ်ကြီးမှာ'

'ဒီမှာ မရွှေ…မင်း ဘာသိလဲ။ မင်းသားက အိမ်မှာ ငြိမ်ငြိမ်နေမှာမဟုတ်ဘူး။ တော်ကြာ ဟိုဟာကျူညီ ဒီဟာကျူညီနဲ့ အလွဲတွေဖြစ်၊ လိုက်လျော်ရ၊ ရှင်းရနဲ့…လာဦးမယ်။ နောက်ဆက်တွဲတွေက မင်း ကြည့်ကြည့်နေတဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေထက်ကို ဆိုးမှာ'

'ကိုဘတုတ်…ရှင်…ပြောပြန်ပြီနော်။ ဘာဖြစ်လဲ…ကိုးရီးယားဇာတ်လမ်းတွဲ ကြည့်တာ" ဘာ်သက် ရှင်က မနာလိုဖြစ်တာ။ ကဲ…ရေပ်သီးထို ညက်အောင်ထောင်း။ ကျွန်မ ကြက်သားကိုင်လိုက်ဦးမယ်။ သားကိုကြက်သားဟင်းဆီပြန်လေး ကျွေးရမှာ။ သားလေး မြိန်ရည်ယှက်ရည်စားတာ ကြည့်ရမယ်'

ဦးဘတုတ်ခမျာ ဒေါ်ရွှေရဲ့ တစ်ချက်လွှတ်အမိန့်ကို ဘယ်မလိုက်နာနိုင်ပါ့မလဲ။ ဘာပြောကောင်းမလဲ။ ရေပ်သီးကို ထေ င်းတာ ဘယ်လောက်ထောင်းချက်ပြင်းသလဲ မမေးနဲ့။ ခြင်ထောင်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်တော်မူနေတဲ့ စိန်သာဗလတောင် အိပ်ရာက နိုးလာပါလေရော။

◆◆◆

'ဒကာမကြီးနဲ့ ဒါယိကာကြီး…အဲ…ယောင်လို့။ အဖေနဲ့ အမေ…ဘုန်းတော့်အတွက် ဘာဝယ်ထားလဲ'

အိပ်ရာကနိုးလာတဲ့ စိန်သာဗလက နောက်ဖေးမီးဖိုချောင်ကို ဝင်လာရင်း ခေါင်းကိုပွတ်လိုက်ရင်းမှ မေးလိုက်ပါတယ်။

'ဟဲ့ကောင်…စိန်သာဗလ…မင်း အိပ်ရာထတာ ဘယ်အချိန်ရှိပြီလဲ။ သခင်းကျက်မှ ထမင်းစားတော့။ မင်းတော့ကွာ…အရင်အချိန်အတိုင်းပဲ'

ရေပ်ဆုံထဲက ရေပ်သီးတွေကို ပန်းကန်လုံးထဲ ထွန့်ခပ်ထည့်နေရင်း

www.burmeseclassic.com



မှ ဦးဘတုတ်က မကျေမနပ်တဲ့လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။

'အမေရာ..အိပ်ရာထတယ်ဆိုတာ ဘယ်အချိန်ထထ ထတာပါပဲ အမေရာ'

'ဟော့ကောင် စိန်သာဗလ..မင်း ငါ့ကို မရှည်နဲ့။ ဘယ်နဲ့ကွာ..ဘာ စိတ်ကူးပေါက်လို့ မင်း ဒီလိုလူထွက်လာရတာလဲ'

'ဒါကတော့ အမေရာ...သံသရာဆိုတဲ့ အခန်းတွေထဲမှာ လူဟာ ဟိုကူးဒီကူး ..ူးနေကြတာပဲ။ ကျွန်တော် လူထွက်တာ ဆန်းမှမဆန်းတာ။ ထွက်ချင်လို့ ထွက်ႉလာတာ။ လူ့လောကီမှာ ကျွန်တော် ဘာမှမလုပ်ရသေးဘူး။ ဘုန်းကြီးဝတ်နေရင်း ကိုးခန်းပျို့ကို ကျွန်တော်ဖတ်မိတယ်။ ဟတ္ထိပါလ သူဌေးသားတွေ တောထွက်မှာကို ဖခင်သူဌေးကြီးက လူ့လောကီအကျိုး တွေလုပ်ပြီးမှ တောထွက်ပါဆိုပြီး ဆုံးမတာကို ဖတ်ရတော့ ကျွန်တော် လူ့လောကီမှာ ဘာမှသိပ်မလုပ်ရသေး..ဟားဆိုတာ သဘောပေါက်လာ တယ်။ ဒါနဲ့ လူထွက်လာတာ'

စိန်သာဗလစကားအဆုံး ဦးဘတုတ်က အံ့အားတသင့်အမူအရာနှင့်-

'မရွှေ..ကြားလား..မင်းရဲ့သားတော်မောင် ပြောနေတာတွေလေ'

'ကြားသမျှ သိပ်ကြား..သားပြောတာမှန်တာပေါ့။ သားက လူတွေ ကို ကူညီဖို့ ရက္ခစိုးက အိပ်မက်ပေးပြီးမွေးလာတာပဲဟာ။ ဒါက သူ့ပါရမီနဲ့ သူလာတာ။ ရှင် ဘာမှမပြောနဲ့'

'အေး..ငါ ဘာမှမပြောဘူး။ မင်း ဒီကောင်လွှဲတဲ့ကိစ္စတွေ လိုက် လျော်ဖို့သာ ပြင်ထားပေတော့'

ဦးဘတုတ်က မီးဖိုချောင်ထဲကနေ ထွက်သွားပါတယ်။

'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် အမေရယ်..အဖေက အဖေ့



နေရာကနေ ပြောတာကိုး၊ ပြောပါလေ့စေ။ ကျွန်တော် မျက်နှာသစ်ပြီးရင် လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ် အမေ'

ဒေါ်ရွှေအနားကနေ မျက်နှာသစ်ဖို့ ထွက်သွားတဲ့သားကိုကြည့်ရင်း ကျေနပ်နေတာကတော့ ဒေါ်ရွှေအဖို့ ပြောဖွယ်မရှိ။

အမေဆိုတော့လည်း သားကို အချစ်ပိုတာ ဆန်းမှမဆန်းတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

လူတွေမှာ
မဖြစ်ချင်တာတွေက ခပ်များများရှိပြီး
ဖြစ်ချင်တာတွေက
နည်းနည်းပါးပါးလေးရတာ
ဆန်းတော့ မဆန်းပါဘူး။

## အခန်း(၂)

စိန်သာဗလ လက်ဖက်ရည်ဆိုင်ရောက်တော့ လက်ဖက်ရည်ဆိုင်ထဲမှာ အရင်လိုပါပဲ။ ဖော်လိုကော၊ သာဗျင်ကော နိုင်ငံတကာ ထွန်းရွှေကော ရှိနေပါတယ်။ အဲ..အိမ်ပွဲစားငြိမ်းအေးတော့ မတွေ့ရဘူး။ ဒီကောင် ခွင်မိနေတယ်ထင်ပါရဲ့။

'စိန်သာဗလ..လာဟေ့။ အောင်မယ်..ကတုံးနဲ့ကျတော့လည်း မင်းက ရောက်နေတာပဲ'

နိုင်ငံတကာထွန်းရွှေက ဂျာနယ်တစ်စောင်ကို လက်မှာကိုင်ထားရင်း [illegible] ပြောလိုက်ပါတယ်။

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်ကွာ။ ဘာဖြစ်လဲ..ဘုန်းကြီးဝတ် [illegible] လူဝတ်ပြန်လဲတာ ဆန်းမှမဆန်းတာ။ ဘုရားဟောတရားတွေမှာ [illegible] ရှိတာပဲ။ ငါတို့ နိုင်ငံတကာမှာလည်း ဒါမျိုးရှိတာပဲ'

'ထွန်းရွှေရာ..မင်းက လုပ်ချပြန်ပြီ။ ဘယ်နိုင်ငံက ဟာလဲ..တီတီ [illegible]ပြော။ ဒီမှာ..စိန်သာဗလရဲ့ဇာတာကို ငါတွက်ချက်ကြည့်တော့ ဒီ[illegible] ရာဟုထဲရောက်နေလို့ကွ။ ရာဟုကလွတ်ရင် ပြီးပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ..သာဖျင်ရာ..မင်းမလည်း ဗေဒင်ကမလွတ်ဘူး။ ဟိုက သူ့ဘာသာသူ လူထွက်လာတဲ့ကိစ္စ မင်းရာဟုနဲ့ ဘာဆိုင်လဲ'

ဖော်လိုမင်းစိန်စကားအဆုံး သာဖျင်ထံမှ ဘာမှမကြားရတော့။

'ငစိန်ရေ..ရေနွေးအိုးပေးဦးဟေ့။ ဒီမှာ စိန်သာဗလ ဘာမှမသောက်ရသေးဘူး။ ဒီကောင်သောက်နေကျ လက်ဖက်ရည်ပါ ယူလာ'

ဖော်လိုက လက်ဖက်ရည်လှမ်းမှာလို့ မကြာပါ။ ရေနွေးအိုးကော လက်ဖက်ရည်ခွက်ပါ ငစိန်က ယူပြီး စားပွဲဝိုင်းကို ရောက်လာပါတယ်။

'စိန်သာဗလရာ..မင်းဘာမှလုပ်မနေနဲ့။ နဂိုအတိုင်းပဲနေ။ ဘာဖြစ်လဲ..ဘုန်းကြီးဝတ်တာမပျော်လို့ လူထွက်တာ။ ပြီးတော့ ယူကွာ..မိန်းမပါယူ'

'ဟေ့ကောင်ငစိန်..စိန်သာဗလကို စွတ်မြှောက်ပေးမနေနဲ့။ မိန်းမယူတာ တော်ကြာ မင်းလို မင်းမိန်းမ မကြူကို ကြောက်နေရရင် စိန်သာဗလတစ်ယောက် မ.ယ.ကစာရင်း ဝင်သွားဦးမယ်'

သာဖျင်က ငစိန်စကားကို ကန့်ကွက်လိုက်ပါတယ်။

'ဒါလည်း မှန်တာပဲ သာဖျင်ရ..ဒီမှာ စိန်သာဗလ...ငါ မင်းကို အကြံပေးမယ်။ မင်းက လူမှုရေးအကျိုးတွေလုပ်တာ ခဏခဏလွဲတယ်။ ဒီတော့ ဒီလောက်ကောင်းတာတွေ လုပ်တာတောင် လွဲနေတာ။ အဲဒါတွေ ဆန့်ကျင်ဘက်လုပ်ကွာ။ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်၊ အိုကွာ ကောင်းတာတွေနဲ့ ဆန့်ကျင်ဘက်အကုန်လုပ်ကွာ'

ဖော်လိုမင်းစိန်စကားအဆုံး နိုင်ငံတကာထွန်းရွှေက လက်ထဲမှာ ကိုင်ထားတဲ့ ဂျာနယ်ကို ပစ်ချရင်းက-

'ဟေ့ကောင် ဖော်လို..စွတ်ပြီး ပေါက်ကရတွေ ပြောမနေနဲ့။ ငါ့အကြံက လူတစ်ယောက် ဘဝပျက်သွားမယ်။ နိုင်ငံတကာမှာ ဒါမျိုးလုပ်



ဘဝပျက်သွားတာတွေ အများကြီးပဲ။ ဒါကို နိုင်ငံတကာနဲ့ယှဉ်ပြီး ငါကန့်ကွက်တယ်'

စိန်သာဗလက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ရင်းမှ-

'နေကြပါဦးကွာ..ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်။ ဒါက ငါ့အတွက်ပဲဟာ။ အားလုံးကောင်းစေချင်လို့ ပြောတာပဲ။ ရန်မဖြစ်ကြပါနဲ့'

စိန်သာဗလစကားအဆုံး အားလုံး ဘာစကားမှမဆိုကြတော့-

'ဒါနဲ့ကွာ..ငါရဲ့ဆော်ဒါကြီး အိမ်ပွဲစားငြိမ်းအေးကော မတွေ့ပါလား'

'ဒီကောင် အခုတလော အလုပ်ဖြစ်နေတယ်ကွ။ လူတွေက အိမ်တွေဝယ်ကြတော့ ဒီရက်ထဲ အိမ်လေးငါးခြောက်လုံးလောက် ဝယ်လက်ဖြစ်တော့ ဘယ်စားတော်ဆက်ရောက်နေလဲမသိဘူး'

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ် သာဖျင်ရာ..ငြိမ်းအေးဘဝမှာ အဖြူချည်းပဲ သောက်နေရတာ။ အခု အနီတွေဘာတွေ ပြောင်းသောက်တော့ ဗိုက်ကောင်းတာပေါ့'

'ဟုတ်တယ် စိန်သာဗလ..ငြိမ်းအေးမိန်းမ မိနိုင်ဆို ပြောမနေနဲ့။ သူလင်ငြိမ်းအေးကို ဖူးဖူးမှုတ်နေလိုက်တာဆိုတာ။ အရင်လို ကွာမယ်ရှင်းမယ်တောင် လေသံမထွက်ဘူး'

သာဖျင်စကားအဆုံး နိုင်ငံတကာထွန်းရွှေက-

'ဒါကတော့ နိုင်ငံတကာမှာရှိတဲ့ မိန်းမတိုင်းက ဒီအတိုင်းချည်းပဲဟေ့။ ငါထောက်ခံတယ်'

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်ကွာ။ မိန်းမပဲ..ပိုက်ဆံတော့တာပေါ့'

အဲဒီနောက်တော့ သူတို့စကားဝိုင်းက ခေတ္တခဏ ငြိမ်သက်သွားပါ

www.burmeseclassic.com



တယ်။

'စိန်သာဗလ..ဘုန်းကြီးဘဝကနေ ထွက်လာပြီးပြီဆိုတော့ ဘာမှ မလုပ်ဘဲမနေနဲ့ကွာ။ အလုပ်ကလေးဘာလေး လုပ်ကွာ။ လူရှိန်တာပေါ့'

'ငါလည်း စဉ်းစားမိပါတယ် သာဗျင်ရာ'

'မှန်တယ်ကွာ..သာဗျင်ပြောတာ ငါထောက်ခံတယ်'

'ဖော်လိုမင်းစိန်တို့ကတော့ကွာ..သူများဘာမှမပြောနဲ့ ဝင်ဖော်လို့ လိုက်ပြီးသားပဲ'

စိန်သာဗလက လက်ကျန်လက်ဖက်ရည်ကို သောက်လိုက်ရင်း-

'အေးကွာ..မင်းတို့ပြောတဲ့အတိုင်း အလုပ်တစ်ခုခုတော့ လုပ်ရမှာ ပေါ့။ ဘယ်အလုပ်လုပ်ရင် ကောင်းမလဲ စဉ်းစားတာပေါ့လေ'

အဲဒီနောက်တော့ စိန်သာဗလတို့တစ်တွေ စကားကောင်းတာ ရေနွေး အိုး ဘယ်နှစ်အိုးကုန်သွားမှန်းတောင် မသိ။ နေမွန်းတည့်မှ လက်ဖက်ရည် ဆိုင်ကနေ လူစုခွဲလိုက်ကြပါတယ်။

စိတ်ညစ်နေသူကတော့ ငစိန်ပါပဲ။ ဘယ်နှယ့် စားပွဲခုံပေါ်မှာ ပေကျံ နေတဲ့ ဆေးလိပ်ပြာတွေ၊ ဆေးလိပ်တိုတွေ၊ လက်ဖက်ရည်စက်တွေ ရှင်းရ လင်းရ သုတ်ရလို့ပါပဲ။

ဒီကြားထဲ သာဗျင်က သူသောက်တာ အကြွေးမှတ်ခိုင်းတော့ ပွဲက ပြီးရော။

မကြူသိလို့က မကြူရဲ့စကားလုံးတွေက ကျိုက်ထီးရိုးသေနတ်ပစ် သလို လာတော့မှာလေ။



www.burmeseclassic.com

ပြုမှန်ရင်တော့
ကိုယ့်မွေးနေ့ အထိမ်းအမှတ်
တစ်သက်မှာ တစ်ခါတော့
ပွဲတော်လေးတစ်ပွဲလောက်
ကျင်းပသင့်တာပေါ့။

## အခန်း(၃)

မနက်ဇာစာစော စိန်သာဗလ အိပ်ရာကနိုးတော့ နှင်းတွေကကျလို့နေပါတယ်။ အေးမြတဲ့အရသာနဲ့အတူ ဆောင်းလေကလည်း တစ်ချက်တစ်ချက် တိုက်ခတ်တဲ့အခါ စိန်သာဗလအဖို့ အေးခဲနဲ့ခံစားနေရပါတယ်။

မျက်နှာသစ်ဖို့ ရေတိုင်ကီနားမှာ ငူငူကြီးရပ်နေရင်းက စိန်သာဗလအဖို့ မျက်နှာသစ်ဖို့ကိုတောင် မေ့နေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပတ်ဝန်းကျင်မြင်ကွင်းက မနက်စောစောမှာ ကြည့်လို့ကောင်းနေလို့ပါ။

'ဟဲ့သား..မျက်နှာမသစ်သေးဘဲနဲ့ ဘာလို့ တိုင်ကီနားမှာ ရပ်နေတာလဲ'

အေ ရွှေက အိမ်ရှေ့ကို ထွက်လာရင်းမှ မေးလိုက်တယ်။

'ဘာရယ်မဟုတ်ပါဘူး အမေရယ်..ကြည့်ကောင်းကောင်းနဲ့ ကြည့်သို့ကောင်းနေလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'သားကတော့လေ..တော်ကြာ အအေးပတ်နေဦးမယ်။ အင်း.. ဘာလိုလို့နဲ့ သားရဲ့မွေးနေ့တောင် ရောက်တော့မှာပဲ။ အခုလို ဒီဇင်ဘာလလယ်မှာ သားကိုမွေးတာပေါ့။ အခုလိုပဲ နှင်းတွေကျနေတဲ့ ဒီဇင်ဘာလမှာလေ။ ဟုတ်တယ်..ပြည်သူ့ဆိုင်က နို့မှုန့်မရလို့ အပြင်က ခင်းအဖေ ဝယ်ပေးရတာ ဒီလပေါ့ကွယ်။ မင်းကိုမွေးတော့ အမေ နို့မထွက်လို့ နို့မှုန့်တိုက်ရတာ'

'ဟဲ့..မရွှေ..နင်က ဘာလဲ။ ကိုရီးယားဇာတ်ကားတွဲတွေထဲကလို နောက်ကြောင်းပြန်နေတာလား။ စောစောစီးစီး အိမ်ထဲမှာ ပြောလည်းရတာပဲ။ ဟိုကောင် မျက်နှာသစ်မှာ သစ်'

ဦးဘတုတ်က လှမ်းအော်ပြောလိုက်ပါတယ်။

'ကိုဘတုတ်..စောစောစီးစီး ရှင့်မလည်း ဒီကိုရီးယားအကြောင်း မပါရင် စကားမပြောတတ်တော့ဘူးဆင်တယ်'

စိန်သာဗလတစ်ယောက် မျက်နှာကို အမြန်သစ်လိုက်ပါတယ်။ တော်ကြာ အဖေနဲ့အမေ မြားဦးက သူ့ဆီလှည့်လာတော့မယ်။

'ကဲ..စိန်သာဗလ..ဒီနေ့ ဘာအမ်အစဉ်ရှိလဲ။ ဘယ်သွားမှာလဲ။ ဘယ်အချိန် ပြန်လာစားမှာလဲ။ ပြီးရင် ဘယ်အချိန်ပြန်ထွက်မှာလဲ။ ပြောပါဦး ဆာလာအိပ်ရဲ့'

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်။ ကိုယ့်ကံနဲ့ကိုယ် ဆာလာအိပ်ဖြစ်ရတာပဲ အဖေရ'

စိန်သာဗလစကားကို ဦးဘတုတ် ဒေါပွသွားပါတယ်။

'ဟော့ကောင်..မင်းကို ငါက ရွဲ့ပြောနေတာကွ။ ဆာတဲ့အခါ အိမ်ပြန်လာတယ်၊ စားတယ်၊ အိပ်တယ်..ဒါကို ပြောတာကွ'

စိန်သာဗလလည်း ဘာမှဆက်မပြောတော့ဘဲ မျက်နှာသစ်ပြီးသွား



လို့ အိမ်ထဲကို ဝင်လာခဲ့တယ်။

အရေးကြီးတာက ပီတာဖခင်ရဲ့ ဩဝါဒစကားသံတွေရန်က ကင်းဝေးဖို့ လက်ဖက်ရည်ဆိုင်ကို သွားတာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

◆◆◆

'စိန်သာဗလ..လာဟေ့'

လက်ဖက်ရည်ဆိုင်ကိုရောက်တော့ အိမ်ပွဲစားငြိမ်းအေးက လှမ်းခေါ်ပါတယ်။ လက်ဖက်ရည်ဆိုင်စားပွဲဝိုင်းမှာက လူက အတော်စုံနေပါတယ်။

'ဒါမျိုးကြီးလည်းဖြစ်တတ်တယ်ဟေ့..အခုမှ လူက တကယ်စုံတာ။ ငစိန်ရေ..ကျဆိမ့်တစ်ခွက်ဟေ့'

စိန်သာဗလက လက်ဖက်ရည်မှာပြီး အကဲခတ်လိုက်တော့ သာဗျင်နဲ့ နိုင်ငံတကာထွန်းရွှေက ဂျာနယ်တွေ ကိုယ်စီကိုင်ပြီး ဖတ်နေတာကို တွေ့ရတယ်။

'ဒီမော်ဒယ်သရုပ်ဆောင်မလေးက လုပ်ပြန်ပြီဟေ့..သူ့ရဲ့ ဆယ့်ကိုးနှစ်မြောက်မွေးနေ့ပွဲကို ဆီဒိုးနားမှာ လုပ်တာကွ'

'သာဗျင်..ဒီမှာလည်း ကြည့်ဦး...ရုပ်ရှင်မင်းသမီးရဲ့ မွေးနေ့ဟေ့။ ဓာတ်ပုံတွေကလည်း နည်းတာမဟုတ်ဘူး။ ဂျာနယ်ထဲမှာ ဖော်ပြထားတာ'

စိန်သာဗလက နိုင်ငံတကာထွန်းရွှေလက်ထဲက ဂျာနယ်ကို ယူပြီး ကြည့်လိုက်ပါတယ်။

'ဒီလမွေးတဲ့သူတွေက အေးမြတဲ့အတိတ်နိမိတ်ကို ရတယ်ကွ။ ဘဝမှာ အေးအေးချမ်းချမ်းနေရတယ်'

'သာဗျင်..ငါလည်း အခုလို ဒီဇင်ဘာလမှာ မွေးတာကွ။ အမေက

www.burmeseclassic.com

www.burmeseclassic.com



မနက်ကတောင် ပြောသေးတယ်။ အခုလို နှင်းတွေ ဖြိုင်ဖြိုင်ကျတဲ့လမှာ မွေးတာ။ ပြည်သူ့ဆိုင်က နို့မှုန့်မရလို့ အပြင်က ဝယ်တိုက်ရတာတဲ့'

'ဟုတ်ပြီကွာ..မိုက်တယ်။ ဒီမှာ စိန်သာဗလ..မင်းလည်း တစ်ခါဖူးမှ မွေးနေ့မလုပ်ဖူးတာ။ မွေးနေ့လေးဘာလေး လုပ်ပါလား။ ဘယ်သူမှ မပါရင်နေ ငါတို့သူငယ်ချင်းတွေချည်းပဲပေါ့ကွာ။ ဒါမျိုး က နိုင်ငံတကာမှာလည်း ကျင်းပကြတာပဲ'

နိုင်ငံတကာထွန်းရွှေရဲ့စကားအဆုံး စိန်သာဗလအဖို့ တွေးစရာဖြစ်သွားပါတယ်။ ခက်တာက တစ်ခါဖူးမှ မွေးနေ့က မလုပ်ဖူးပါ။

'နေဦးကွ..ငါက ဘုန်းကြီးကနေ လူထွက်လာတာဆိုတော့ ငွေက မရှိဘူး။ အမေ့ကို ပြောကြည့်ရမှာပဲ'

အိမ်ပွဲစားငြိမ်းအေးက စိန်သာဗလစကားအဆုံး-

'ဒါက ငါတို့အိမ် ဝယ်ရောင်းလုပ်တာထက်ကို လွယ်ပါတယ်ကွာ။ ဒီမှာ စိန်သာဗလ..ပိုက်ဆံသိပ်မကုန်ပါဘူးကွာ။ နှစ်သောင်းလောက်သာ ကုန်မှာ။ မင်း ဖိတ်ချင်တဲ့လူ ရွေးဖိတ် ငါကြည့်စီစဉ်ပေးမယ်'

'ဟေ့ကောင်ငြိမ်းအေး..ဖြစ်ပါ့မလား။ နိုင်ငံတကာမှာတော့ ဒီငွေ နှစ်သောင်းလောက်နဲ့ မဖြစ်ဘူးနော်'

'ဟေ့ကောင်ထွန်းရွှေ..မင်းဖတ်တဲ့ နိုင်ငံတကာဟာတွေနဲ့ လာမယှဉ်နဲ့။ ဒီမှာက မြန်မာပြည်ကွ'

ငြိမ်းအေးဟောက်လိုက်တဲ့အခါ နိုင်ငံတကာထွန်းရွှေက ဘာမှပြန်မပြောတော့။

'ကဲပါကွာ..ငါ အမေနဲ့တိုင်ပင်ကြည့်ပါဦးမယ်။ ဟဲ..ဟဲ..ငါလည်း ဒါမျိုးတော့ လုပ်ချင်တယ်ကွ'



'ကောင်းတယ်..စိန်သာဗလရေ...ငါတော့ ထောက်ခံတယ်ဟေ့။ လုပ်ကွာ..မွေးနေ့ကို မြန်မြန်လုပ်'

ဖော်လိုမင်းစိန်က အားတက်သရောပြောတာကို မိန့်မိန့်ကြီးပြုံးပြီး ကျေနပ်နေသူက စိန်သာဗလပါပဲ။

◆◆◆

'ဘာကွ'

ဦးဘတုတ်က စိန်သာဗလကို ရုပ်ပါမင်းသားကြီး ကြော်ငြာထဲက ကြော်ငြာသလိုမျိုး ပြောလိုက်ပါတယ်။

'မင်းကို ဘယ်သူက ဒီလိုမွေးနေ့လုပ်ဖို့ မြှောက်ပေးလိုက်တာလဲ'

'မြှောက်ပေးတာမဟုတ်ပါဘူး အဖေရာ..ကျွန်တော်လည်း ဂျာနယ်တွေထဲမှာ မင်းသားမင်းသမီး၊ မော်ဒယ်၊ အဆိုတော်တွေက မွေးနေ့ပွဲတွေ လုပ်ကြတော့ ကျွန်တော်လည်း သူတို့လို မွေးနေ့ပွဲလုပ်ချင်လို့ပါ'

'မရွှေ..မင်းသားပြောတာ ကြားလား။ မင် ပြောဦး..ပြောဦး'

ဒေါ်ရွှေက ဦးဘတုတ်ကို ကြည့်လိုက်ရင်း-

'ပြောမယ်..ကျွန်မတို့သားကို မွေးနေ့ပွဲလုပ်ပေးဖူးလို့လား။ အခုသူ ဒီလိုလုပ်တာ လုပ်ပလေ့စေပေါ့။ ဘာဖြစ်လဲ'

'ဘာဖြစ်တာက ကိစ္စမရှိဘူး။ ဟိုက မင်းသားမင်းသမီးတွေ။ မင်းရဲ့သားက..'

ဦးဘတုတ်စကားမဆုံးမီမှာပဲ စိန်သာဗလက-

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ် အဖေရာ..စိန်သာဗလဆိုတဲ့သားကလည်း ရပ်ကွက်ထဲမှာ မသိသူမရှိဘဲလေ'

'ဟေ့ကောင်..တော်..တော်..ဒီမှာ မရွှေ..မင်းဘာသာမင်း မင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ ဆက်ရှူး။ ငါကတော့ သဘောမတူဘူးဟေ့။ ကြားရဦးမယ်နော်။ မင်းထပ်ရှင်းရဦးမှာ'

'အို..တော်..ဖြစ်ချင်ရာဖြစ်။ ကိုယ့်သားလေးမွေးနေ့ပွဲ သူလုပ်ချင်ရာမှာ လုပ်ပလေ့စေ'

ဦးဘတုတ်စကားအဆုံး ဒေါ်ရွှေက စိန်သာဗလမျက်နှာကိုကြည့်ပြီး ပြုံးလိုက်ပါတယ်။

စိန်သာဗလကလည်း အမေဖြစ်တဲ့ ဒေါ်ရွှေမျက်နှာကို ကြည့်လို့။ အဲဒီအကြည့်က အမေရှိရင် ငွေရှိတယ်ဆိုတဲ့ အကြည့်ပေါ့။

◆◆◆

စိန်သာဗလတစ်ယောက် ကိုယ့်မွေးနေ့ပွဲကို ကျင်းပရတာမို့ အကျေနပ်ကြီး ကျေနပ်လို့နေပါတယ်။

ရပ်ကွက်ထဲမှာ ဘယ်သူမှမလုပ်ဖူးတဲ့ မွေးနေ့မျိုးကို ကျင်းပတာပါ။

ကျင်းပတာကလည်း ကြည့်လေ။ ရပ်ကွက်ရဲ့ မိုးရိပ်ချောင်းနံဘေးက ကိုသောင်းရဲ့ အရက်ဖြူဆိုင်မှာ ကျင်းပတာပါ။

'ကဲ..စိန်သာဗလ..ဘယ်လောက် မင်းမွေးနေ့က ထူးခြားလဲ။ အခုလို ချောင်းနံဘေးက ကိုသောင်းရဲ့ အရက်ဖြူဆိုင်မှာ ကျင်းပတော့ လတ်ဆတ်တဲ့ မိုးရိပ်ချောင်းလေကိုလည်း ရှူရတယ်။ ချောင်းရေစီးသံလည်း ကြားရတယ်။ ပြီးတော့ ကိုယ့်ရဲ့ခင်မင်ရာ နီးစပ်ရာ မိတ်ဆွေတွေလာရင် မုန့်ဟင်းခါး စားချင်သူတွေအတွက်လည်း ရပ်ကွက်ထဲက မုန့်ဟင်းခါးဆိုင်ကနေ အော်ဒါမှာပေးထားတယ်။ အရက်သောက်ချင်သပဆို သောက်စမ်း။ ကိုသောင်းဆိုင်က အကြွေးပါရတယ်။ ပြီးတော့ မွေးနေ့ကိတ်ကို သူများတွေက ကိတ်မုန့်နဲ့ လုပ်နေချိန် မင်းက ထူးခြားသွားပြီ။ ဘိန်းမုန့်နဲ့ လှီးမယ်။ အဲဒီဘိန်းမုန့်ကို



ရပ်ကွက်ထဲက အလှဖန်တီးရှင် စာဥ ယူလာလိမ့်မယ်'

မရပ်မနားအစီအစဉ်တွေကို တရစပ်ပြောနေတဲ့ အိမ်ပွဲစားငြိမ်းအေးကိုကြည့်ရင်း စိန်သာဗလက-

'ဒါမျိုးကြီးတွေက ကြုံတောင့်ကြုံခဲဆိုတော့ ဖြစ်တတ်ပါတယ်။ ဖြစ်တတ်ပါတယ်'

စိန်သာဗလစကားအဆုံးမှာပဲ-

'စိန်သာဗလရေ..စိန်သာဗလ..လာပြီဟေ့'

ကိုသောင်းရဲ့အရက်ဖြူဆိုင်ထဲကို အလှဖန်တီးရှင် စာဥက အော်ဒါမှာထားတဲ့ ဘိန်းမုန့်ဗန်းကိုကိုင်ရင်း သာဖျင်၊ ဖော်လို၊ နိုင်ငံတကာထွန်းရွှေတို့နဲ့ ဝင်လာပါတယ်။

'စိန်သာဗလရေ..ဘိန်းမုန့်ကတော့ ရှယ်ပဲ။ စာဥ ရှယ်လုပ်နိုင်းတာ'

အလှဖန်တီးရှင် စာဥက ဘိန်းမုန့်ကို စားပွဲခံပေါ်ချလိုက်ရင်းတနေ ပြောလိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ ဒီလိုမွေးနေ့ပွဲမျိုး မရှိသေးဘူးဟေ့'

နိုင်ငံတကာထွန်းရွှေက ကိုသောင်းရဲ့ အရက်ဖြူဆိုင်ကို ကြည့်ရင်းကနေ ပြောလိုက်ပါတယ်။

'ကိုစိန်သာဗလရေ..ကျွန်တော်တို့လည်း ခင်ဗျားနဲ့အတူတူ ရင်ခုန်သံချင်း ဂျက်ပင်ထိုးချင်လို့ ခင်ဗျားမွေးနေ့ပွဲကို လာခဲ့တာ။ ဖော်လိုနဲ့ ကိုသာဖျင်က ဖိတ်လို့လေ။ ခင်ဗျားမွေးနေ့မှာ ကဗျာတွေရွတ်မယ်'

'ရပါတယ်..ဒါမျိုးကြီးလည်း ဖြစ်ရမှာပေါ့'

စိန်သာဗလက ကျေနပ်တဲ့အကြည့်နဲ့ ကြည့်ရင်းက ပြောလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ကောင် သာဖျင်··ကိုယ့်လူတွေနဲ့ကိုယ်ဆို ဟုတ်သေးရဲ့ကွာ။ မင်းဟာက ဘေးက သူစိမ်းတွေနဲ့ဟာ'

'ဒါလည်းမှန်တာပဲ'

'ဘာမှန်တာလဲ ဖော်လိုရ··မင်းက ဖော်လိုလိုက်ဖို့ပဲသိတာ။ မင်းနဲ့ သာဖျင်ခေါ်လာတာ ပြဿနာတွေဘာတွေဖြစ်မယ်နော်'

နိုင်ငံတကာထွန်းရွှေက သတိပေးစကားအဆုံး-

'ဘာပြဿနာဖြစ်ရမှာလဲကွ။ ဒါက ကဗျာဆရာလူငယ်လေးတွေ။ သူတို့က ကဗျာတွေ မွေးနေ့ပွဲကို ချီးပချင်တာပဲကွာ။ ပိုတောင် ဝိုင်းက စည်မှာ'

သာဖျင်ရဲ့စကားအဆုံး စိန်သာဗလက မွေးနေ့ပွဲစတင်ဖို့ အိမ်ပွဲစား ငြိမ်းအေးကို အချက်ပြလိုက်ပါတယ်၊

'ကဲ··မွေးနေ့ပွဲ စတော့မှာမို့ မွေးနေ့ရှင် စိန်သာဗလက ဘိန်းမုန့်ကို ဓားနဲ့လှီးဖို့ ကြွပါ'

ငြိမ်းအေးရဲ့စကားအဆုံး အလုဖန်တီးရှင် စာဥက စိန်သာဗလလက်ထဲ ဘိန်းမုန့်လှီးဖို့ ဓားကို ပေးလိုက်ပါတယ်။

စိန်သာဗလက ဘိန်းမုန့်လှီးတယ်ဆိုရင်ပဲ-

'ဖြောင်း··ဖြောင်း'

'*Happy Birthday to you*

*Happy Birthday to you*'

ကိုသောင်းအရက်ဆိုင်ထဲက သီချင်းသံတွေနဲ့ လက်ခုပ်သံတွေက ဆူညံစွာ ထွက်ပေါ်လို့လာပါတယ်။

'စိန်သာဗလ··ဘိန်းမုန့်ကို ခွဲကျွေးဦးလေကွာ။ မင်းချည်းပဲ မစားနဲ့



ဦးလေ။ နိုင်ငံတကာမှာ ဒါမျိုးမလုပ်ဘူး'

လှီးထားတဲ့ ဘိန်းမုန့်ကို လက်နဲ့ကိုင်ပြီး ပါးစပ်ထဲထည့်ဖို့ လုပ်နေတဲ့ စိန်သာဗလကို နိုင်ငံတကာထွန်းရွှေက သတိလှမ်းပေးလိုက်တယ်။

'အို··ဆောရီး··ဒါမျိုးကြီးလည်းဖြစ်တတ်တာ မေ့သွားတယ်'

အဲဒီနောက် စိန်သာဗလက ဘိန်းမုန့်ကိုလှီးပြီး မွေးနေ့ပွဲတက်ရောက်လာသူတွေကို လိုက်ကျွေးပါတယ်။

'အခုချိန်ကစပြီး မုန့်စားချင်သူက စား၊ သောက်ချင်သူက သောက်လို့ရပါပြီ'

ဖော်လိုမင်းစိန့်ရဲ့စကားအဆုံး တက်ရောက်လာသူတွေက မုန့်ဟင်းခါး ထည့်စားသူ စား၊ အရက်သောက်သူသောက်နှင့် အလကားရလို့လားမသိ သွက်လို့နေပါတယ်။

-

ကိုသောင်းရဲ့အရက်ဖြူဆိုင်ထဲက စားပွဲဝိုင်းတိုင်းမှာ အားပေးချက်ကတော့ မုန့်ဟင်းခါးဆိုလည်း လိုက်ပွဲက လက်မလည်အောင်ပါပဲ။

အဲ··ကဗျာဆရာလေးတွေဝိုင်းမှာလည်း အရက်ပုလင်းက တစ်လုံးပြီးတစ်လုံးပါပဲ။ အရက်ချက်စက်ရုံ သူတို့ဘေးနား ရောက်နေတဲ့အတိုင်းပါပဲ။

'ကိုငြိမ်းအေး··ဟောဒီမွေးနေ့ပွဲ ကျင်းပတဲ့ မြင့်မြတ်တဲ့ဒီနေရာမှာ ကိုစိန်သာဗလအတွက် ကဗျာရွတ်မယ်။ ဒီတော့ တစ်ခွက်ထပ်ချလိုက်ဦးမယ်'

'ရွတ်ကွာ··စိန်သာဗလ··ကဗျာရွတ်မယ်တဲ့'

ငြိမ်းအေးက စိန်သာဗလကို ပြောလိုက်ပါတယ်။

'လုပ်ပါ၊ ရွတ်ပါ၊ နားထောင်ရတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလက နိုင်ငံတကာထွန်းရွှေဘေးနားက ခုံမှာ ဝင်ထိုင်လိုက်ရင်းက. ကဗျာရွတ်မယ့် ကဗျာဆရာလူငယ်လေးတွေဆီက ထွက်ပေါ်လာမယ့် ကဗျာတွေကို နားဆင်ဖို့ အသင့်နေရာယူလိုက်ပါတယ်။

'ကျွန်တော်က ကဗျာဆရာ ဝရဇိန်ပါ။ ကဗျာကို ဒီလိုရွတ်ပါရစေ··

*ဒိုင်ယာနာ့မွေးနေ့*

*သက်မွန်မြင့်မွေးနေ့*

*ရော်နယ်ဒင်ဟိုမွေးနေ့*

*ဦးဖိုးကျားမွေးနေ့*

*ဗေလုဝမွေးနေ့*

*အေဘာရာမိုဗစ်မွေးနေ့*

*မော်ရင်ဟိုနဲ့ ဖာဂူဆန်မွေးနေ့*

*မြစ်တွေ သမုဒ္ဒရာထဲစီးဝင်ပေါ့'*

'ဖြောင်း··ဖြောင်း'

လူငယ်ကဗျာဆရာ ဝရဇိန်ရဲ့ ကဗျာရွတ်သံအဆုံး အားလုံးက လက်ခုပ်တီးလိုက်ပါတယ်။ ကဗျာဆရာဝရဇိန်က ခုံပေါ်ထိုင်ထိုင်ချင်းမှာပဲ ငုံ့ထားတဲ့ အရက်တစ်ခွက်ကို ထပ်မံသောက်လိုက်ပြန်ပါတယ်။ သူကြည့်ရတာ စောစောက ကဗျာရွတ်တာ အတော့်ကိုမူးနေလို့ ထိန်းပြီးရွတ်ရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

'စိန်သာဗလ··ဒီကဗျာက မဆိုးဘူး။ နိုင်ငံတကာက လူတွေရဲ့ နာမည်တွေပါတယ်'

'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်။ နိုင်ငံတကာထွန်းရွှေရယ်'

စိန်သာဗလက ဘယ်သူ ကဗျာဆက်ရွတ်လေဦးမလဲလို့ နားစွင့်နေ



သေရဲ့။

*'သံသရာရထားကြီးပေါ်မှာ*

*ငိုက်မျှည်းမနေပါနဲ့*

*နွေမှာ လေပြည်ရဲ့ရနံ့ကို*

*ငါဝယ်ချင်ရဲ့။*

*မိုးမှာ*

*မှန်တိုင်းတွေကို နှိမ်နင်းချင်ရဲ့။*

*ဆောင်းမှာ*

*နှင်းပွင့်လေးတွေကို*

*မြူတီပါလာပို့ပေးမယ်။*

*အချစ်ရယ်··*

*လာ··ဧဝရက်တောင်ထိပ်မှာ*

*ဘီလီယက်ထိုးရအောင်'*

'စိန်သာဗလ··ဟိုကဗျာဆရာလေး ရွတ်တာ ထိတယ်။ နိုင်ငံတကာ နာမည်တွေ မပါဘူး'

'ဟော့ကောင်ထွန်းရွှေ··ငြိမ်ငြိမ်နေ'

အနီးအနားမှာရှိတဲ့ သာဗျင်က ထွန်းရွှေကို လှမ်းသတိပေးလိုက်ပါတယ်။

စိန်သာဗလ ဝိုင်းတွေကို အကဲခတ်လိုက်တော့ အတော်များများက မူးနေကြပါပြီ။ ငြိမ်းအေးဆို လေသံတောင်မကွဲတော့ပါ။

အဲဒီအချိန်မှာပဲ လူငယ်ကဗျာဆရာတစ်ယောက် ဆတ်ခနဲ အရက်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုင်ကာ မတ်တတ်ရပ်လိုက်ရင်းကနေ-

'မွေးနေ့

မျော်ကြ၊ ရွှင်ကြ၊ ကကြ

ဒါ ကဗျာတစ်ပုဒ်ဟေ့'

သူ့ရဲ့ကဗျာရွတ်သံလည်းဆုံးရော အလှဖန်တီးရှင် စာဥက ဘာမပြော ညာမပြောနဲ့ ထကပါတယ်။ မူးနေတဲ့ငြိမ်းအေးလည်း ခေါင်းထောင်ကြည့်ရင်းက စာဥနဲ့အတူ တွဲပြီးကပါရော။

'ဟေ့··မွေးနေ့ပွဲမှာ ကဗျာရွတ်နေတာကို မကရဘူးလေ။ ကဗျာရွတ်တာ မပြီးသေးဘူး'

လူငယ်ကဗျာဆရာတစ်ဦးက အရက်မူးတဲ့လေသံနဲ့ ပြောတဲ့စကားကို ဘယ်သူမှ ဂရုမစိုက်ပါ။ အလှဖန်တီးရှင်စာဥနဲ့ ငြိမ်းအေး ကနေတာကို လက်ခုပ်တိုင်းတီးပေးနေကြပါတယ်။

'ကနေတာကို ရပ်လိုက်··ကဗျာဆရာ ကျုပ် အမိန့်ပေးနေတယ်။ ကဗျာရွတ်တာကို ပွဲမဖျက်နဲ့'

အရက်မူးနေတဲ့ ကဗျာဆရာလူငယ်တစ်ဦးက ထပြောလိုက်ပါတယ်။

'ဟေ့ကောင်··မင်းက အမိန့်ပေးရအောင် ဘာကောင်လဲ။ ငါက အိမ်ပွဲစားငြိမ်းအေးကွ··ရော့'

'ဟာ··ခွပ်··အား'

အိမ်ပွဲစားငြိမ်းအေးက အဲဒီကဗျာဆရာလူငယ်ကို ပြေးထိုးပါတယ်။ ဟိုဘက်က ကဗျာဆရာလူငယ်ကလည်း ပြန်ထိုးပါတယ်။

'ဟေ့ကောင်··ငြိမ်းအေးကို မထိနဲ့'

'ကဲကွာ··ခွပ်··ဖြောင်း'



'ချလွမ်း··ချလွမ်း'

ဖော်လိုမင်းစိန်က ငြိမ်းအေးကို ကျန်တဲ့ ကဗျာဆရာလူငယ်နှစ်ဦးက ဝိုင်းထိုးတဲ့အတွက် ထိုင်ရာမှ ထရင်း အဲဒီလူငယ်နှစ်ဦးကို ပြေးဆွဲပါတယ်။ သာဗျင်ကလည်း ဝိုင်းပြီးဆွဲပါတယ်။

ပွဲက ရှုပ်ကုန်ပါပြီ။ မုန့်ဟင်းခါးပန်းကန်တွေကွဲ၊ အရက်ပုလင်းတွေကွဲနဲ့ ဖြစ်ကုန်ပါတယ်။

'လုပ်ကြပါဦး··ဒါမျိုးကြီးက မဖြစ်ရဘူး။ ဟေ့ မဖြစ်ရဘူး'

စိန်သာဗလခမျာ ဘာလုပ်ရမှန်းမသိနဲ့ ရန်ဖြစ်နေကြတာကို ဖင်ဆွဲရပါတယ်။

'စိန်သာဗလ··များရဲ့တင်ပါးကို ဘယ်သူဝင်ဆိတ်လဲမသိဘူး။ လက်သရမ်းတဲ့ကောင်တွေ··များ နာသွားပြီ'

အရေးထဲ အလှဖန်တီးရှင်စာဥက စိန်သာဗလကို လာတိုင်ပါတယ်။

'နေဦးဟဲ့··ဒီမှာ ရှင်းရဦးမယ်။ တော်ကြပါ။ ဘာ့။ မွေးနေ့ပျက်ကုန်ပါမယ်'

စိန်သာဗလက ငြိမ်းအေးရှိရာ ဝင်ဆွဲမလို့လုပ်စဉ် နိုင်ငံတကာထွန်းရွှေက-

'နိုင်ငံတကာမှာလည်း ဒါမျိုးတော့ရှိတယ် စိန်သာဗလရေ··ဖြစ်ပလေ့စေ'

'ဟာ··ဖြစ်လို့ရမလား။ ဒါမျိုးကြီးမဖြစ်ရဘူး'

စိန်သာဗလက ငြိမ်းအေးကို ပြေးဆွဲပါတယ်။

'စိန်သာဗလ··ဖယ်စမ်းပါ။ အိမ်ပွဲစားလက်သီး ဒီကဗျာဆရာတွေ မြည်းစမ်းပါလေ့စေ။ ကိုယ်မူးလို့ပြောတာမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ငြိမ်းအေးက လက်သီးလက်မောင်းတန်းရင်းမှ စိန်သာဗလ ဝင်ဆွဲတာကို ရှန်းရင်းကန်ရင်းမှ ပြောပါတယ်။

'နေပါဦးကွာ..ငြိမ်းအေး..ငါပြောတာ နားထောင်စမ်းပါ'

'ဒီမှာ သူငယ်ချင်း..ဖယ်ပါ။ ကိုယ်ရှင်းမယ်..ဖယ်..ဖယ်'

ငြိမ်းအေးက ရုန်းရင်းကန်ရင်းမှ သောက်တာများလို့ မဟန်နိုင်ဘဲ လဲကျသွားပါတယ်။

'ဒုက္ခပါပဲ ငြိမ်းအေးရာ..ဒါမျိုးကြီးလည်း ဖြစ်တတ်ပါလားကွာ'

ရန်ပွဲက မငြိမ်းသေးပါ။ ဆွဲမနိုင်ထိန်းမရနဲ့ ဖြစ်နေတုန်းပါ။

'စိန်သာဗလ..လုပ်ပါဦး။ ငါ့ဆိုင်တော့ အကုန်ပျက်စီးကုန်ပါပြီ'

ဆိုင်ရှင်ကိုသောင်းကလည်း ကွဲနေတဲ့ ပုလင်းတွေ၊ ဖန်ခွက်တွေကို ကြည့်ရင်းက အော်ပြောလို့နေပါတယ်။

'ဟော့..ရပ်ကြစမ်း'

ရပ်ကွက်လူကြီး ဦးသူရနဲ့ လူအချို့က အရက်ဆိုင်ရှေ့ကနေ လှမ်းအော်လိုက်တာကြောင့် ရပ်ပွဲဖြစ်နေသူတွေအကုန်လုံး ရပ်သွားပါတယ်။

'အားလုံး ရုံးကိုလိုက်ခဲ့။ ဒီမှာ ရန်ဖြစ်နေတယ်ဆိုတာ ရုံးကို ဖုန်း လှမ်းဆက်လို့ ချက်ချင်းလာတာကွ။ အားလုံး ရုံးရောက်မှ တွေ့မယ်'

စိန်သာဗလ အတော်ကို စိတ်ညစ်သွားပါတယ်။ စိတ်ထဲကနေ ဒီလို ရန်ဖြစ်ဖို့ လက်သင်ကဗျာဆရာလေးတွေကို ခေါ်လာတဲ့ ဖော်လိုနဲ့ သာဇျင် ကို မေတ္တာအတုံးလိုက် အတစ်လိုက် ပို့နေမိပါတယ်။

◆◆◆

ရုံးရောက်တော့ သက်ဆိုင်ရာ မိဘဆွေမျိုးသားချင်းတွေပါ ခေါ်ခိုင်းလို့ ရောက်လာကြပြီး နောင် ရန်မဖြစ်အောင် ဝန်ခံလက်မှတ်တွေဘာတွေ ထိုး၊



ဒဏ်ငွေပေးရနဲ့ စိန်သာဗလတို့ရဲ့ ရပ်ကွက်အေးချမ်းသာယာရေးရုံးကို လာပြီး ဝိုင်းကြည့်သူတွေနဲ့ တကယ့်ပွဲတော်အလားပါပဲ။

ကျန်တဲ့သူတွေတော့ မသိဘူး။ စိန်သာဗလကိုတော့ အဖေလုပ်တဲ့ ဦးဘတုတ်က သူ့အရက်ကိုခွဲတယ်ဆိုပြီး ဆူကလည်း ဆူ၊ ဆုံးမကလည်း ဆုံးမနဲ့ စိန်သာဗလခမျာ မွေးနေ့ပွဲဆိုတဲ့အသံကို မကြားချင်လောက်အောင် ပါပဲ။

◆◆◆

အရပ်ထဲမှာတော့ စိန်သာဗလမွေးနေ့ပွဲက ဟိုးလေးတကြော်ကြော် လို့ ပြောရမှာပါပဲ။ ဒီကြားထဲ ကိုသောင်းဆိုင်မှာ ပျက်စီးခဲ့တဲ့ ပစ္စည်းတွေ အတွက် အလျော်ပေးရတာက ပါသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၄)

စိန်သာဗလ အခုရက်တွေမှာ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ အောင်းနေမိတယ်။ ဘဝမှာ မွေးနေ့ပွဲလေး တစ်ခါလုပ်မိပါရဲ့။ ဖြစ်လိုက်ရတဲ့ပြဿနာ။ အရပ်ထဲလည်း ဟိုးလေးတကြော်ကြော်က ဖြစ်နဲ့။ ဒါကြောင့် အိမ်မှာပဲနေပြီး ရှိတဲ့စာအုပ်တွေပြန်ဖတ်ရင်းပဲနေလို့။

ဒါကို အဖေဖြစ်တဲ့ ဦးဘတုတ်ကတော့ ကျေနပ်နေမိတယ်။ အပြင်မသွား ဘာမသွားဆိုတော့ စိန်သာဗလအတွက် ပြဿနာဖြစ်စရာက မလို။ ဒီတော့ လျှော်စရာ ရှင်းစရာလည်းမလိုဘူး။

'စိန်သာဗလ‥မင်း အပြင်လေးဘာလေး မထွက်တော့ဘူးလားကွ'

အဲဒီလိုစကားစလိုက်ရင်ပဲ စိန်သာဗလက လက်ခါပြရင်းက–

'တစ်ခါတလေ ဒီလိုငြိမ်ငြိမ်လေးနေရတာကပဲ ကောင်းပါတယ် အဖေရာ'

အဲဒီလိုပြောပြီး စိန်သာဗလက ဖတ်လက်စစာအုပ်ကို ဆက်ဖတ်လို့နေရဲ့။ ဦးဘတုတ်ကတော့ စိန်သာဗလ ဒီလို အိမ်ထဲ အမြဲနေပါစေလို့ ဆုတောင်းတာက အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဦးဘတုတ် ဆုတောင်းမပြည့်ပါ။ အဖြစ်က ဒီလိုပါ။

'သား··အပြင်လေးဘာလေး ထွက်ပါဦးလား။ အမြဲတမ်း အိမ်ထဲမှာ ချည်းနေတာ မကောင်းဘူး။ သားက အမြဲတမ်း အပြင်ထွက်နေကျ။ သူငယ်ချင်းတွေနဲ့ လူမှုရေးအလုပ်တွေလုပ်၊ စားကြ၊ သောက်ကြ၊ လုပ်ကြကိုင်ကြဆိုတော့ သားလေး စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းပါ့မယ်။ အရင်အတိုင်းပဲ နေပါ။ ဘာဖြစ်လဲ ကိုယ်က ကောင်းတာလုပ်တာ အဖျက်လုပ်တဲ့သူတွေကြောင့် သားမွေးနေ့မှာ ရန်ဖြစ်တာ ဒါမျိုးက ဖြစ်လေ့ဖြစ်ထရှိတာပဲ'

မိခင်ဖြစ်သူ ဒေါ်ရွှေစကားကြောင့် စိန်သာဗလက ဖတ်လက်စ၊ စာအုပ်ကို ပိတ်လိုက်တယ်။

"ဟုတ်တယ်··အမေပြောတာ မှန်တယ်။ ကျွန်တော် ဘာဖြစ်လို့ အိမ်ထဲအောင်းနေစရာလိုမလဲ။ အရင်အတိုင်းပဲနေတော့မယ်။ ကောင်းတယ်··ကောင်းဆို အခုပဲ လက်ဖက်ရည်ဆိုင်သွားမယ်'

ချက်ချင်းဆိုသလို ကောက်ခါငင်ခါပါပဲ စိန်သာဗလက အိမ်ပေါ်ကနေ ဆင်းသွားပါတယ်။

'မရွှေ··မင်းကတော့ကွာ။ သူ့ဘာသာသူ အိမ်ထဲမှာနေတာကို မင်းက လမ်းမ အရောက်ပို့လိုက်ပြန်ပြီ။ ပြဿနာတွေဖြစ်လာမှာနော်'

'ဒီမှာ ကိုဘတုတ်··ကျွန်မက မွေးတဲ့အမေ၊ ကျွန်မ သိတယ်။ အမြဲတမ်း လူမှုရေးလုပ်ငန်းတွေ တက်တက်ကြွကြွလုပ်နေတဲ့ ကလေးတစ်ယောက်က ဒီလိုငြိမ်တာမျိုး မကောင်းဘူး။ ဒါကြောင့် ကျွန်မ သွားခိုင်းတာ။ ဘာဖြစ်လဲ'

ဦးဘတုတ်က ဒေါ်ရွှေကို စိတ်တိုတဲ့လေသံမျိုးနဲ့ ပြောရင်းက အိမ်နောက်ဖေး ဝင်သွားပါတယ်။



ဒေါ်ရွှေကတော့ အိမ်နံရံမှာ ချိတ်ဆွဲထားတဲ့ စိန်သာဗလရဲ့ ဘွဲ့ဝတ်စုံနဲ့ဓာတ်ပုံကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်လို့နေပါရဲ့။

◆◆◆

'ငါ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ စာတွေဖတ်ရင်းက ဆင်ခြင်မိတယ်ကွာ'

သာဇျင်က သောက်ဖို့လုပ်နေတဲ့ ရေနွေးခွက်ကို စားပွဲပေါ် ပြန်ချလိုက်ရင်းက-

'သာဇျင်··မင်း စဉ်းစားကြည့်၊ ငါ လူမှန်းသိတတ်စအရွယ်ကတည်းကစပြီး လူမှုရေးတွေလုပ်ခဲ့တယ်ကွာ။ ငါ ကောင်းတာတွေချည်းပဲ လုပ်တာ။ ဘယ်သောက်လွဲခဲ့လဲ။ ငါ့ရဲ့လူမှုရေးတွေကို မာရ်နတ်ကများ အစဉ်အမြဲ နှောင့်ယှက်ထားသလား မသိဘူးကွာ။ ဒါမျိုးကြီးက ငါ့မှ ဖြစ်သလားမသိပါဘူးကွာ'

စိန်သာဗလ စကားကို သာဇျင်က ရေနွေးကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်းမှ ဘာစကားမှမဆိုဘဲ စဉ်းစားခန်းဝင်နေပါတယ်။ ခဏကြာတော့မှ-

'စိန်သာဗလ··ငါက ဗေဒင်နည်းအရ ဒီလိုတွေးမိတယ်ကွာ။ တို့ဗေဒင်ပညာရပ်မှာ ကကဲကင်းဆိုတာရှိတယ်။ မင်း အခု ကောင်းတာတွေ လုပ်တာ ဆိုးတယ်ဆိုတော့ ကောင်းတာတွေရဲ့ဆန့်ကျင်ဘက်ကို လုပ်ကွာ။ ရိုက်သေ၊ ဖဲရိုက်၊ အိုကွာ··လူတွေကို ဘုကလန့်ပြောကွာ။ ဘယ်လိုလဲ'

စိန်သာဗလက သာဇျင်ရဲ့ပြောစကားကို နားထောင်ရင်းမှ-

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သာဖျင်..မင်းပြောတဲ့အတိုင်း ဆန့်ကျင်ဘက်တွေ လုပ်ပစ်မယ်။ ဖြစ်ချင်တာဖြစ်ပေါ့ကွာ'

'ဒါပေါ့ စိန်သာဗလရာ..တို့ ဗေဒင်ပညာရပ်တွေမှာ ဒီလို ကက်ကင်းဟာ အလကားဖြစ်လာတာမှမဟုတ်တာ။ မင်း ဒီကက်ကင်းရဲ့အကြောင်းကို ကောင်းကောင်းကြီး သဘောပေါက်လာမှာ'

သာဖျင်က မိန့်မိန့်ကြီးပြုံးရင်းမှ ရေနွေးကို ငုံ့သောက်လိုက်တယ်။

'ဟော့..စိန်သာဗလ..ဘယ်လိုဖြစ်လို့ ဒီနေ့မှ လက်ဖက်ရည်ဆိုင် ထွက်လာတာလဲ'

စိန်သာဗလနဲ့ သာဖျင်ရှိတဲ့နေရာကို အိမ်ပွဲစားငြိမ်းအေးက လှမ်းအော်ရင်းမှ ရောက်လာပါတယ်။ ငြိမ်းအေးရဲ့ဘေးမှာလည်း ငြိမ်းအေးနဲ့ သက်တူရွယ်တူလောက်ရှိမယ့် လူတစ်ဦးပါလာပါတယ်။

စိန်သာဗလက ငြိမ်းအေးဘေးနားကလူကို အကဲခတ်ကြည့်လိုက်တော့ ဒီလောက် နေပူပူကြီးမှာ ပင်နီတိုက်ပုံလည်ကတုံးကိုဝတ်ပြီး ရော်ဘာဖိနပ်ကို စီးထားပါတယ်။ လက်ထဲမှာ ဆေးပေါ့လိပ်ကို တစ်ဖက်ကကိုင် လက်တစ်ဖက်ကလည်း စာအုပ်ထူကြီးကို ကိုင်ထားပါတယ်။

'ငြိမ်းအေးရာ..မင်းကိုမြင်ကတည်းက ငါ လန့်နေပြီ'

'မလန့်နဲ့ စိန်သာဗလ..ငါလည်း အဲဒီနေ့က နည်းနည်းများသွားတာရယ်။ ပြီးတော့ ဒီကဗျာဆရာတွေပြောတာကို မခံနိုင်တာနဲ့ ရှုပ်ကုန်တာ'

'ကဲ..အခြေခံကောင်းစားရေး ကိုလှသောင်း..လာဗျာ..ကျွန်တော် မိတ်ဆက်ပေးမယ်'

ငြိမ်းအေးက သူနဲ့ပါလာတဲ့လူကို ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်ခိုင်းပါတယ်။



'စိန်သာဗလနဲ့သာဖျင်..မင်းတို့ကို ငါ မိတ်ဆက်ပေးရဦးမယ်။ ဒါ ဒါတို့အိမ်နားကိုပြောင်းလာတဲ့ ကိုလှသောင်းတဲ့။ သူမှာ အဖေနဲ့ညီမ ရှိတယ်ကွ။ ငါနဲ့ အခုရက်မှာမှ ခင်တာ'

'တွေ့ရတာ ဝမ်းသာပါတယ်။ ဒါနဲ့ ဘယ်လိုဖြစ်လို့ အခြေခံကောင်းစားရေး ကိုလှသောင်းလို့ ခေါ်တာလဲ။ ဒါမျိုးကြီးကို သိလို့ရမလား'

စိန်သာဗလက မေးတယ်ဆိုရင်ပဲ လှသောင်းဆိုသူက တိုက်ပုံအင်္ကျီလက်ကို ခေါက်လိုက်ရင်း·

'ဆိုကရေးတီးသောက်တဲ့ အဆိပ်ခွက်ထဲမှာ ဂရိနိုင်ငံရဲ့ အမှန်တရားတွေပါတယ်ဆိုတာ ခင်ဗျားတို့ သိလား။ ကိုယ့်ကိုယ်ကို သိပါတဲ့။ ကျွန်တော်သိတာဟာ ကျွန်တော် ဘာမှမသိပါတဲ့။ ကဲ..ခင်ဗျားတို့ အဲဒါ ကျုပ်တို့လူငယ်တွေအတွက် တိုးတက်မယ့် အယူအဆကိုပေးတဲ့ ဒဿနပဲ။ နှစ်တွေထောင်ပေါင်းများစွာကြာပြီ။ ဒါကို လက်ခံရမယ်'

စိန်သာဗလ နည်းနည်းစိတ်ညစ်သွားပါတယ ။

'ကိုလှသောင်း အခြေခံကောင်းစားရေး ဘယ်လိုဖြစ်တာလဲလို့ မေးတာလေ။ တစ်ခုခုလွဲနေသလိုပဲ'

'ပြောမှာပေါ့ စိန်သာဗလရယ်..ကျုပ်က အခြေခံလူတန်းစားကောင်းစားရေးအတွက် အမြဲတမ်းကြိုးစား တွေးတောနေတာဗျ။ ဘွဲ့ရကတည်းက ဘာမှလုပ်တာမဟုတ်ဘူး။ လူထုကောင်းစားရေးအတွက် ကျုပ်တို့မှာ တာဝန်ရှိတယ်။ တာဝန်ဆိုတာ လူတိုင်းနဲ့ဆိုင်တယ်။ ကမ္ဘာကြီးမှာ မညီမျှဖြစ်နေတာကို လူတန်းစား ညှိပစ်ရမယ်'

အခြေခံကောင်းစားရေး ကိုလှသောင်းက ဆေးပေါ့လိပ်ကိုဖွာရင်းက လက်ဖက်ရည်ဆိုင်ရှေ့ကို ကြည့်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ရှေ့မှာ ဆလွန်းကားတစ်စီး ထိုးရပ်လိုက်တယ်။ ကားပေါ်ကလူက ဆင်းလာပြီး ဟမ်းဖုန်းနဲ့ စကားပြောရင်းက လက်ဖက်ရည်ဆိုင်ဘေးမှာဖွင့်ထားတဲ့ စတိုးဆိုင်ထဲ ဝင်သွားပါတယ်။

'တောက်..လောကမှ အဲဒီလို ကုတ်သွေးစုပ်တဲ့လူတွေက နိမ့်ကျတဲ့ ပွဲတွေဆီကနေ မတရားယူ၊ အမြတ်တွေစားရင်း ဒီလို ဇိမ်ခံကားတွေနဲ့ ဖြစ်နေကာ။ လောကကြီးက မတရားဘူး'

လှသောင်းက လက်ထဲက ဆေးပေါ့လိပ်တိုကို စားပွဲခုံနဲ့ ဖိချေလိုက်ပါတယ်။

'ဒါမျိုးကြီးပြောတာ လွဲနေပြီထင်တယ်။ ဒီကားပိုင်ရှင်က အောက်ခြေကနေ ရိုးသားကြိုးစားရင်းက တက်လာတာ။ သူစုဆောင်းကြိုးစားသွန်းလို့ အခုလို စတိုးဆိုင်ပိုင်ရှင် ဖြစ်နေတာ။ နှစ်တိုင်း မရှိတဲ့လူတွေကို အလှူပေးနေကျ။ မဟုတ်သေးဘူးနော်'

စိန်သာဗလက ပြောလို့မဆုံးခင် သာဗျင်ကလည်း-

'ဟုတ်တယ်..ဒီလူက အင်မတန်ကြိုးစားတာ။ သိပ်တော်တဲ့သူ'

အခြေခံကောင်းစားရေး လှသောင်းတစ်ယောက် နည်းနည်း မျက်နှာပျက်သွားပါတယ်။

'ဒါက ဖောက်ပြန်ဖို့နိမိတ်တွေပဲ။ လူပဲဗျာ..တစ်ချိန်ဖောက်ပြန်မှာပဲ။ အခု စတိုးဆိုင်ဖွင့်တာကကော လူတွေကို အမြတ်ကြီးစား ကုတ်သွေးစုပ်တာ မဟုတ်ဘူးလား။ ပြီးတော့ ကားဂိတ်တွေမှာ လူတွေက တန်းစီပြီး ကား စောင့်နေချိန် ဒီလူကကျတော့ ဇိမ်ခံကားနဲ့ ဒါမျိုးမဖြစ်သင့်ဘူး။ လူတန်းစား ကွဲပြားနေတယ်'

စိန်သာဗလ နည်းနည်းဒေါသထွက်သွားပါတယ်။



'ဟေ့လူ..ဘုရားဟောတဲ့ ကံ,ကံ၏အကျိုးကို မယုံဘူးလား။ အတိတ်ကံတွေကြောင့် လူတွေဟာ အမျိုးမျိုးကွဲပြားနေတာ။ ဒီစတိုးဆိုင်ပိုင်ရှင်က လည်း သူလုပ်ခဲ့တဲ့ အတိတ်ကံကြောင့် အခုလိုကြီးပွားလာတာလို့ ကျွန်တော် ထင်တယ်။ ဒါမျိုးကြီးက ဖြစ်တတ်တယ်လေ'

အခြေခံကောင်းစားရေး လှသောင်းက ရေနွေးကြမ်းကို ငုံ့သောက်ရင်းက-

'ဒါကြောင့် ဘော်စိန့် လီနင်က ပြောတာ။ လူဟာ သိပ်ပြီး ဖန်ဆင်းရှင်ကို တွယ်တာနေရင် ဘဝရဲ့တိုးတက်မှုတွေ ဆုတ်ယုတ်ပြီတဲ့'

'ကိုလှသောင်း..ခင်ဗျားမှားနေပြီ။ ဘာသာတရားရှိမှ လူဟာ သိမ်မွေ့မှာဗျ..သိရဲ့လား'

စိန်သာဗလနဲ့ အခြေခံကောင်းစားရေး ကိုလှသောင်းတို့စကားလုံး တိုက်ပွဲက ပြင်းထန်လာပါတယ်။ ဒါကို အကဲခတ်'တဲ့ အိမ်ပွဲစားငြိမ်းအေး က-

'ကဲ..ကိုလှသောင်းရေ..အခြေခံကောင်းစားရေးအတွက် နောက်မှ ဆွေးနွေး။ အခု ကုလားဆိုင်မှာ ခင်ဗျားဝယ်ချင်တဲ့ စာအုပ်အဟောင်းတွေ သွားကြည့်ရအောင်။ တော်ကြာ တခြားလူအဟောင်းဝယ်တဲ့အထဲ ပါသွားဦးမယ်'

အိမ်ပွဲစားငြိမ်းအေးက အတင်းလက်ဆွဲပြီး ကိုလှသောင်းကို ခေါ်သွားပါတယ်။

သာဗျင်က ဝမ်းသာအားရနဲ့-

'စိန်သာဗလ..ငါပြောတဲ့ မင်းအတွက် ကက်ကင်း ကောင်းမြင်ပြီ။ မင်း ဒီအခြေခံကောင်းစားရေးလှသောင်းကို ဆန့်ကျင်ဘက်စကားလုံးတွေနဲ့

www.burmeseclassic.com



တွယ်လွှတ်လိုက်တာ၊ ငြိမ်းအေး ပ,ထုတ်သွားတာကိုပဲကြည့်။ တွေ့တယ် မဟုတ်လား'

'ဟေ..ငါ ဆန့်ကျင်ဘက်တွေပြောလိုက်တာလား။ ငါက မှန်တဲ့အတိုင်း ပြောတာကွ'

စိန်သာ့ဗလက သူ စောစောတုန်းက ပြောတဲ့စကားတွေ ပြန်စဉ်းစားနေတုန်း ရပ်ကွက်ထဲမှာ ရေထမ်းရောင်းတဲ့ မောင်စိုးနောင်က စိန်သာဗလတို့ရှိရာ ရောက်လာပါတယ်။

'ကိုစိန်သာ့ဗလ..စောစောတုန်းက လေကျယ်ကျယ်နဲ့လူ ခင်ဗျားတို့ လက်ဖက်ရည်ဝိုင်း ရောက်လာသေးတယ်မဟုတ်လား'

'ဘယ်သူ့ကိုပြောတာလဲ စိုးနောင်ရဲ့'

'အခြေခံကောင်းစားရေးလူသောင်းကို ပြောတာဗျာ'

'ဟာ..ဘာပြောကောင်းမလဲကွာ။ ငါနဲ့ စကားတောင် အချေအတင် ပြောကြသေးတယ်'

စိန်သာဗလစကားအဆုံး စိုးနောင်က မျက်နှာကို ရှုံ့ရင်းက–

'အလကားပါဗျာ..လမ်းထဲရောက်လာတာ ဘာမှမကြာသေးဘူး။ စကားကြီးစကားကျယ်တွေက ဘာပြောသလဲမမေးနဲ့။ လူတန်းစားကောင်းစားရေး၊ အခြေခံကောင်းစားရေးဆိုပြီး လျှောက်ပြောနေတာ။ အလုပ်ဖြင့် ဘာမှမလုပ်ဘူး။ သူ့အိမ်တောင် ကျွန်တော် နေ့တိုင်း ရေရောင်းရတယ်။ တကယ်တော့ သူ ရေထမ်းလည်းရရဲ့သားနဲ့။ အဲ..သူ့ညီမ မသင်းမြကျတော့ သူနဲ့ တခြားစီ။ သဘောကလည်းကောင်း၊ ရုပ်ကလေးကလည်း ရှိတယ်'

သာဗျင်က မောင်စိုးနောင်စကားနားထောင်ရင်းက ပြုံးလိုက်ပါတယ်။

'ဟော့ကောင်..စိုးနောင် မဟုတ်မှသာလွဲမယ်။ မင်းက အဲဒီ စောစော



က လေကျယ်ကျယ်နဲ့ပြောတဲ့ လူသောင်းရဲ့ညီမကို ကြိုက်နေပြီမဟုတ်လား'

'ဟာဗျာ..ကိုသာဗျင်ကလည်း..ဟုတ်ပါဘူး'

ရေရောင်းတဲ့ မောင်စိုးနောင်က လက်ခါပြရင်း ရှက်ကိုးရှက်ကန်းနဲ့ လက်ဖက်ရည်ဆိုင်ထဲက ပြေးထွက်သွားပါတယ်။

'ဒါမျိုးကြီးပြောတော့ မောင်စိုးနောင်ရှက်သွားတာပေါ့။ ဒါမျိုးကြီး လည်း ဖြစ်တတ်ပါတယ်'

စိန်သာဗလက မောင်စိုးနောင် ပြေးထွက်သွားတာကိုကြည့်ရင်းက ရယ်လိုက်ပါတယ်။

'စိန်သာဗလ..မင်းသိရမှာ ငါ စောစောကပြောသလို ဆန့်ကျင်ဘက် ကက်ကင်းကိစ္စ မမေ့နဲ့နော်'

'အေးပါ သာဗျင်ရာ..လုပ်ကြည့်တာပေါ့'

အဲဒီနောက်တော့ စိန်သာဗလတစ်ယောက် ရေနွေးတွေ တစ်ခွက်ပြီး တစ်ခွက်သောက်ရင်းက မိန့်မိန့်ကြီး တွေးနေပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ထဲက
အဘိဓမ္မာတွေ
ဘယ်လောက်အရည်ကျိုသောက်သောက်
လူ့ဝန်းကျင်မှာတော့
လူ့အစာကြေဖို့ လိုလေရဲ့။

## အခန်း(၅)

ဦးဘတုတ်က စိန်သာဗလရဲ့အခန်းရှေ့ကနေ အိမ်ရှေ့ကို ဖြတ်ထွက်သွားရင်းက မသိမသာ စိန်သာဗလရဲ့အခန်းထဲကို အကဲခပ်လိုက်တယ်။ ပြီးတော့ မျက်နှာက အလိုမကျတဲ့အမူအရာ ဖြစ်သွားပါတယ်။

အိမ်ရှေ့ဧည့်ခန်းမှာတော့ ဒေါ်ရွှေက မဂ္ဂဇင်းစာအုပ်ထဲက ကိုရီးယားမင်းသားမင်းသမီးတွေအကြောင်းရေးတာကို ဖတ်လို့နေရဲ့။

'မရွှေ'

'ဘာတုန်း'

ဦးဘတုတ်က မကျေနပ်တဲ့လေသံနဲ့ ဒေါ်ရွှေကို လှမ်းပြောတဲ့အခါ ဒေါ်ရွှေက ဖတ်နေတဲ့မဂ္ဂဇင်းစာအုပ်ကို ချလိုက်ရင်းက ပြန်ထူးလိုက်ပါတယ်။

'ဘာကိစ္စလဲတော်ရေ..ဒီမှာ ဟန်ယူအီဆိုတဲ့ အခု နာမည်ကြီးလာတဲ့ ကိုရီးယားမင်းသားအကြောင်း ဖတ်နေတာ၊ အရှိန်ပျက်တယ်။ သားကိုတောင် ဒီကောင်လေးပါတဲ့အခွေ ငှားခိုင်းရဦးမယ်။ တစ်ခါဖူးမှ သူ့ဇာတ်ကားတွေ မကြည့်ဖူးသေးဘူး။ တော်ကြာ သူများက ကြည့်ဖူးပြီး ကိုယ်က မကြည့်ဖူးရင် ကိုရီးယားမင်းသား မင်းသမီးအကြောင်းမသိတဲ့ ခေတ်မမီသူတွေထဲမှာ ကိုယ် ပါသွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဦးဘတုတ်က မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ရင်းမှ-

'ရှူးပါရဲ့ကွာ..သားလုပ်တဲ့ကောင်ကပါ ရှူးသလားအောက်မေ့ပါရဲ့။ အမေလုပ်တဲ့သူကပါ ဒီအတိုင်းပဲ'

'ကိုဘတုတ်..စကားကို ရှင်ကြည့်ပြောနော်။ ဘာဖြစ်လဲ..ကိုယ့်ဘာသာကိုယ် ကိုရီးယားဇာတ်ကားကြည့်တာ။ ရှင်ဘို့လို အက်ရှင်ဇာတ်ကားတွေကြည့်တာက အလကားနေရင် သတ်နေ၊ ဖြတ်နေ၊ ပစ်နေ၊ ခတ်နေနဲ့ မင်းသားတွေကလည်း ရုပ်ကြမ်းကြီးတွေနဲ့၊ ကြည့်လို့မှ အဆောမပြေပါဘူး'

ဒေါ်ရွှေက အငိုမကျတဲ့အမူအရာနဲ့ ပြောလိုက်ပါတယ်။

'မရွှေ..မင်းကို ငါ စကားနိုင်လုဖို့ခေါ်တာမဟုတ်ဘူး။ အခုတလော မင်းရဲ့သားတော်မောင် စိန်သာဗလတစ်ယောက် ဘာဖြစ်နေတာလဲ'

'နေစမ်းပါဦးတော်..ကျွန်မရဲ့သားက ဘာဖြစ်နေလို့လဲ'

'ဘာဖြစ်ရမှာလဲကွ..တစ်ခါဖူးမှ နှုတ်ခမ်းမွေးတို့၊ မုတ်ဆိတ်မွေးတို့ ရှည်အောင်မထားဖူးတဲ့ကောင်က အခု အဲဒါတွေထားပြီး သူ့အခန်းထဲက မှန်ရှေ့မှာ ရုပ်ရှင်တွေထဲက လူကြမ်းအယုအရာမျိုးတွေ လုပ်နေလို့ပေါ့'

'သြော်..ကိုဘတုတ်ရယ်..ဒါက သားက အခုလာမယ့် ရုပ်ကွက်မွှာရဲ့ဘုရားပွဲမှာ သူကိုယ်တိုင် မင်းသားလုပ်ပြီး ပြဇာတ်ကမလို့လားမှ မသိတာ'

ဒေါ်ရွှေစကားအဆုံး ဦးဘတုတ်က-

'မရွှေ..မင်း မမှတ်သေးဘူးလား။ ဒီအရုပ်ပြဇာတ်ကိစ္စ'

ဦးဘတုတ်စကားအဆုံးမှာ စိန်သာဗလတစ်ယောက် အိမ်ရှေ့ခန်းကို ထွက်လာပါတယ်။ သားဖြစ်သူကို ဒေါ်ရွှေက ကြည့်ရင်း-

'သားရေ..အမေ မေးပါရစေဦး။ ဘာကြောင့် သားက မုတ်ဆိတ်မွေး



တွေ၊နှုတ်ခမ်းမွေးတွေ ထားရတာလဲကွယ်။ ရုပ်ကြီးက ရင့်တာပေါ့'

စိန်သာဗလက အားကစားဂျာနယ်ကို စားပွဲပေါ်ကနေ ယူလိုက်ရင်း-

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ် အမေရယ်..တစ်ခါတလေတော့ အပြောင်းအလဲလေးပေါ့။ ကျွန်တော်က အမြဲတမ်း နုနုနယ်နယ်လေး နေနေတာ။ အခု ကြမ်းကြမ်းတမ်းတမ်းနဲ့ အရင်လိုမဟုတ်ဘဲ ဆန့်ကျင်ဘက်နေကြည့်မလို့။ ကောင်းကောင်းမွန်မွန်နဲ့နေတုန်းက လွဲတာတွေများတာ။ အဲဒါတွေနဲ့ ဆန့်ကျင်ဘက်ကို လုပ်ပစ်မယ်'

စိန်သာဗလစကားကို နားထောင်နေတဲ့ ဒေါ်ရွှေက ရင်ဘတ်ကို လက်နဲ့ဖိရင်း-

'ဘုရား..ဘုရား..ကိုဘတုတ်..သားက ဆိုးဆိုးပေပေတောတောနေတော့မယ်တဲ့။ ဒုက္ခပါပဲ။ သားလေး လူဆိုးလူမိုက်ကြီး ဖြစ်တော့မှာပဲ'

'ဒီမှာ မရွှေ..မင်းရဲ့သား ရှူးတာတွေ ငါနားမထောင်နိုင်ဘူး။ မင်းတို့ဘာသာမင်းတို့ ဆက်ရှူးပြီးပြောကြ။ ငါ အိမ်ရှေ့တံ ကားပြင်လိုက်ဦးမယ်'

ဦးဘတုတ်က စိန်သာဗလကိုကြည့်ရင်းက-

'ဟေ့ကောင် စိန်သာဗလ..မင်းအမေနဲ့မင်း အရှူးထပြီးရင် အိမ်ရှေ့ကို လာခဲ့။ အိမ်ထဲက တူနဲ့သံခွက်ယူလာ။ ငါ အိမ်ဘေးမှာ သစ်အပေါင်းတွေ ရွေးလိုက်ဦးမယ်'

ဦးဘတုတ်က အိမ်ပေါ်ကနေ ဆင်းသွားပြီး အိမ်ဘေးမှာ သစ်အပေါင်းပုံထဲက သစ်တွေကို ရွေးနေပါတယ်။

'အမေရာ..ဘာမှမစိုးရိမ်ပါနဲ့။ သာဖျင်ပြောသလို ကက်ကင်ပေါ့'

စိန်သာဗလက ဒေါ်ရွှေကို ပြောပြီးတဲ့အခါ စီရိအောက်က သံခွက်နဲ့ တူကိုယူပြီး အိမ်ရှေ့အဝင်ဝတံတားဆီကို ဆင်းသွားပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို ခေါင်းရှေ့ကုန်ကြည့်နေရင်းကနေ သက်ပြင်းချတာ ဖတ်လက်စ မဂ္ဂဇင်းစာအုပ်ထဲက ကိုရီးယားမင်းသား ဟန်ယူအီအကြောင်းတောင် မေ့လို့။

◆◆◆

'စိန်သာဇလ··ဟောဒီပျဉ်ပြားတွေက လွှနဲ့ဖြတ်ပြီးသွားတော့ ညီတဲ့ဘက်ကို တည့်တည့်စီပြီးရင် သံရိုက်မယ်။ အေး··သံရိုက်တဲ့နေရာမှာလည်း သံကို ဖြောင့်ဖြောင့်ရိုက်ဖို့လိုတယ်'

ညှန်ကြားချက်များကို တသီတတန်းကြီး သမ်းညွှန်နေသော ဦးဘတုတ်စကားကို နားထောင်ရင်းမှ စိန်သာဇလ ခေါင်းကုတ်ရင်းက စိတ်ညစ်လို့နေပါတယ်။

'ဒါမျိုးကြီးကဖြစ်ပါတယ် အဖေရာ'

'အေး··ဘယ်လိုဖြစ်မလဲဆိုတာ ငါကြည့်ရမှာပေါ့ကွာ။ သံတောင်ဖြောင့်အောင် မင်း ရိုက်တတ်လား၊ ရိုက်တတ်လား ကြည့်ရမှာပေါ့'

ဦးဘတုတ်က ဆေးပေါ့လိပ်ကို မီးညှိပြီး ပျဉ်ပြားတွေစီနေတဲ့ စိန်သာဇလကို ကြည့်နေပါတယ်။

'ဟာ··စိန်သာဇလ··ဘာလဲ၊ အိမ်ရှေ့တံတားပြင်နေတာလား'

ပျဉ်ပြားတွေခင်းနေတဲ့ စိန်သာဇလက ပျဉ်ပြားခင်းနေရင်းမှ လှမ်းကြည့်တဲ့အခါ ဖျင်တိုက်ပုံအင်္ကျီကိုဝတ်၊ လက်တစ်ဖက်မှာ စာအုပ်ထူထူအုပ်ကိုကိုင်၊ တစ်ဖက်က ဆေးပေါ့လိပ်တိုကို ပါးစပ်မှာခဲထားတဲ့ အခြေခံကောင်းစားရေးလှသောင်းကို တွေ့လိုက်ရပါတယ်။

သာဖျင်ပြောတဲ့အတိုင်း ကက်ကင်းသဘောအရ ဟိုတစ်ခါလို ဆန့်ကျင်ဘက်တွေ ပြောဦးမယ်လို့။ တော်ကြာ သူလေမိရင် အလုပ်က မပြီး။ အနီးအနားမှာရှိနေတဲ့ ဖခင်ဖြစ်သူ ဦးဘတုတ်က စကားလုံးတွေနဲ့ အပီကျွေး



မှာကလည်း ရှိသေးရဲ့လို့။

'ဒါပေါ့ဗျာ··လက်သမားခေါ်ရင် ငွေကုန်မယ်။ ဒီတော့ ကိုယ့်လုပ်အားနဲ့ကိုယ်ပဲလုပ်တော့ ငွေကုန်ကျမှု သက်သာတာပေါ့'

စိန်သာဇလရဲ့စကားကို အခြေခံကောင်းစားရေးလှသောင်းက သဘောတွေ့သွားတယ်ထင်ပါရဲ့။

'အခြေခံလူတန်းစားတွေဟာ အစွမ်းထွက်တန်ဖိုးကို မသိကြသေးတာများတယ်ဗျ။ တစ်ခါတရံမှာ လူသားဟာ မိုးနဲ့မြေလွှာကို အောင်မြင်ဖို့ကိုယ့်အားကိုယ်ကိုးရမယ်လေ။ မာ့က်စ်က ဒါကြောင့်ပြောတာ။ လူဟာတစ်ဦးချင်းကောင်းမှ လူသားတွေတဝမြင့်လာမှာ။ ဒါကို တချို့ နေရှင်တွေက သိပ်လက်မခံချင်ကြဘူး'

ဆေးပေါ့လိပ်ဖွာနေတဲ့ ဦးဘတုတ်က ဘေးနားမှာ စကားတွေ ဟောင်ဖွာဟောင်ဖွာပြောနေတဲ့ အခြေခံကောင်းစားရေးလှသောင်းကို ဘုကြည့်ကြည့်လိုက်ပါတယ်။ ဒါကို လှသောင်းက မသိရှာသေး။

'တံတားဆိုတာ လူတွေနင်းဖို့၊ ဖြတ်လျှောက်ဖို့ တကယ်တော့ အနင်းခံဝါပဲ။ ဒါပေမဲ့ သူက လူထုကောင်းစားဖို့အတွက်ပဲမဟုတ်လား စိန်သာဇလရဲ့'

ပျဉ်ပြားတွေစီနေတဲ့ စိန်သာဇလ နည်းနည်းတော့ ဘုသွားပါတယ်။ ဒီမှာ တစ်ယောက်တည်းလုပ်နေရတာကို စိတ်ညစ်နေရတဲ့အထဲ အဲဒီ လှသောင်းက သူ့ဩဝါဒတွေ ချွေနေလို့ပါ။

'ကိုလှသောင်း···ခင်ဗျားလက်ထဲမှာကိုင်ထားတဲ့ စာအုပ်ကြီးက လေးပါတယ်ဗျာ။ တံတားဆိုတာ လူတွေနင်းဖို့ ဖြတ်ဖို့မဟုတ်လား။ ဒီတော့ အခြေခံလူထုကောင်းစားရေးဖြစ်ရမယ်လို့ ကြွေးကြော်ထားတဲ့ ခင်ဗျားအချို့

www.burmeseclassic.com

www.burmeseclassic.com



ဘာမှလုပ်မနေနဲ့။ လာ··ကျွန်တော်နဲ့ ဝိုင်းကူဗျာ။ လူထုအတွက် ချေးစက်တွေ ပေးဆပ်လိုက်စမ်းပါ'

စိန်သာဗလစကားကြောင့် လှသောင်း နည်းနည်းတွန့်သွားပါတယ်။

'ဒါက ဒီလိုလေ စိန်သာဗလရဲ့··ငါပြောတာက လူတွေအားလုံးဖြတ်လျှောက်တဲ့တံတားမျိုးပြောတာ။ အခုဟာ မင်းအိမ်က မင်းမိသားစုဖြတ်လျှောက်မယ့်တံတားလေ။ အဲ့တံတားမှမဟုတ်တာ'

'ကိုလှ၊ သာင်းကလည်း ခင်ဗျားဖတ်တဲ့စာတွေထဲမှာ မပါဘူးလား။ တံတားဆိုတာ ဘယ်တံတားပဲဖြစ်ဖြစ်··ကိုယ့်အိမ်တံတားပဲဖြစ်ဖြစ်၊ အများတံတားပဲဖြစ်ဖြစ် တံတားဆိုကတည်းက အားလုံးကို ပေးဆပ်ပြီးသားပဲမဟုတ်လား။ လာပါဗျာ··အခြေခံကောင်းစားရေးပဲ။ တွေဝေရေးသမားလုပ်ပြီး နောက်တွန့်မနေပါနဲ့'

လှသောင်းက ပဘ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့် ကြည့်ရင်းကနေ-

'ဦးလေး··ဒီစာအုပ်ကလေး ယူထားပေးပါ။ ကျွန်တော့်ရဲ့ ချေးစက်လေးနဲ့ လုပ်အားအဖြစ် ပေးဆပ်လိုက်ဦးမယ်'

'ကောင်းတာပေါ့ကွာ··ဒါ သိပ်ကောင်းပေါ့'

ဦးဘတုတ်က ရယ်ရင်းမှ လှသောင်းပေးတဲ့စာအုပ်ကို လှမ်းယူလိုက်ပါတယ်။ လှသောင်းကတော့ ဝတ်ထားတဲ့ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပါတယ်။ သူ့ပုံက တကယ့်ကို လုပ်အားတွေပေးဆပ်မယ့်ပုံမျိုးပါပဲ။

စိန်သာဗလကတော့ သူပြောတဲ့စကားက တစ်ချက်တည်း ထိပြီလို့။

'ကဲ··ကိုလှသောင်းရေ··ဒီပျဉ်ပြားလေးတွေ စီမယ်ဗျာ'

နေပူပူအောက်မှာ အခြေခံကောင်းစားရေး လှသောင်းတစ်ယောက် စိန်သာဗလနဲ့အတူ လုပ်အားပေးနေတာ ချေးတွေက ဝတ်ထားတဲ့အင်္ကျီ



တစ်ပြင်လုံး ရွှဲနေပါတယ်။

'ငါက မထင်မှတ်ဘဲ ဒီဘက်လမ်းလျှောက်ရင်းက ဒီလို လုပ်အားပေးဖြစ်သွားတာပဲ'

'ဒါပေါ့ ကိုလှသောင်းရယ်··အခြေခံကောင်းစားရေးပဲဗျာ။ မှန်မြတ်ပါတယ်'

စိန်သာဗလတို့ဘက် လမ်းသလားမိတာ မှားလေသည့်ပုံစံမျိုးနဲ့ မကျေမနပ်အမူအရာနဲ့ပြောတဲ့ လှသောင်းကို စိန်သာဗလက ပြန်ပြောလိုက်တာပါ။

'ကဲ··ကိုလှသောင်းရေ··လာဗျာ၊ ရော့··ခင်ဗျား အရင်သံရိုက်၊ ဒီမှာ ဗူလာယူ··ကျွန်တော် ပျဉ်ပြားတွေ ကိုင်ထားပေးမယ်'

စိန်သာဗလက တူကို လှမ်းပေးပါတယ်။ ဒီအခါ အခြေခံကောင်းစားရေးလှသောင်းက ချက်နှာပျက်သွားရင်း-

'မင်းဘာသာမင်း ရိုက်စမ်းပါကွာ။ ငါမှ တူ မရိုက်တတ်တာ'

'ဗျာ··ခင်ဗျားက တူနဲ့သံ မရိုက်တတ်ဘူး ဟုတ်လား။ အခြေခံကောင်းစားရေးအတွက် ဒါမျိုးက လုပ်တတ်ရမှာပေါ့။ ခေါင်းဆောင်ကြီးဘီနင်ဆို ဆိုက်ဘေးရီးယားမှာ လယ်တောင်တွန်သေးတာပဲ။ ပြည်သူနဲ့ တစ်ပြေးတည်း၊ တစ်သွေးတည်း၊ တစ်သားတည်းဖြစ်အောင်လေ'

စိန်သာဗလရဲ့စကားအဆုံး အခြေခံကောင်းစားရေးလှသောင်းက အံ့အားသင့်သွားရင်းက-

'ဘေ··ဟုတ်လား··ဆိုက်ဘေးရီးယားမှာ လယ်ထွန်တယ်။ ငါဖြင့် တစ်ခါမှ မကြားဖူးဘူး။ ပေးကွာ··တူနဲ့သံ ငါရိုက်မယ်'

စိန်သာဗလလက်ထဲက တူကိုယူပြီး ပျဉ်ပြားတွေကို တူနဲ့သံ မရိုက်တတ်ရိုက်တတ်နဲ့ လှသောင်းတစ်ယောက် ရိုက်တာ၊ ယောက်တဲ့သံက

www.burmeseclassic.com

www.burmeseclassic.com



ကောက်၊ ကန်တဲ့သံ ပြန်ကန်နဲ့ ဖြစ်နေပါတော့တယ်။

ဒါကို အကဲခတ်နေတဲ့ ဦးဘတုတ်က–

'စိန်သာဗလရေ..မင်း အခြေခံကောင်းစားရေးလက်ထဲက တွေ့ကို ယူပြီး မင်းဘာသာမင်း ရိုက်တော့။ နို့မို့ နိုင်ငံခြားက သံတွေမှာတာတောင် တံတားက ပြီးမှာမဟုတ်ဘူးဟေ့'

'ဦးလေးကလည်း..အခြေခံကောင်းစားရေးအတွက်ပဲဗျာ။ ဒီလောက်တော့ အစွန်းထွက်မှာပေါ့။ ဒီလိုလုပ်အားနဲ့ ပေးဆပ်တာပဲ။ ဂုဏ်ယူစမ်းပါ'

အခြေခံကောင်းစားရေးလှသောင်းက စိန်သာဗလက်ထဲ တူထည့်ပေးလိုက်ပါတယ်။ ဗျူဉ်ပြားတွေကို သူက ကိုင်ပေး၊ စိန်သာဗလက သံရိုက်နဲ့ ဟုတ်လို့နေပါတယ်။ ဒီလိုနဲ့ ဗျူဉ်ပြားတွေကို သံရိုက်လို့ ပြီးတဲ့အချိန်မှာ–

'ကိုစိန်သာဗလ..ဘာလဲ..တံတားပြင်နေတာလား။ နေပူကြီးထဲမှာ ဗျာ..ညနေမှလုပ်ရင် ကျွန်တော် လာဝိုင်းကူညီပေးမှာပေါ့။ ကျွန်တော့်လာ ပြောရောပေါ့ဗျာ'

ရပ်ကွက်ထဲ ရေထမ်းရောင်းတဲ့ မောင်စိုးနောင်က စိန်သာဗလတို့ အိမ်ရှေ့ကနေ မတ်တတ်ရပ်ရင်းက ပြောလိုက်ပါတယ်။

'ရပါတယ်..မောင်စိုးနောင်ရာ..ဒီမှာ ကူညီနေတဲ့လူ ရှိပါတယ်'

စိန်သာဗလက အခြေခံကောင်းစားရေးလှသောင်းကို လက်ညှိုးထိုးပြပါတယ်။ ဒီအခါ အခြေခံကောင်းစားရေးလှသောင်းက–

'ဟော့ကောင်...မင်းဘာသာမင်း ရေထမ်းရောင်းစရာရှိတာ သွားရောင်း၊ ဘာမှ လာပြောမနေနဲ့။ ရပ်က ဖြူဖတ်ဖြူရော် ဖျော့တော့တော့နဲ့။ လမ်းလျှောက်တာ သွားတာလာတာကအစ နွေးနွေးကွေးကွေးနဲ့ကောင်.. မင်းဟာ တွေဝေရေးသမားပဲကွ။ ဘာမှကူညီစရာမလိုဘူး'



'ရပါတယ်ဗျာ..အိမ်ရှင်က မနှင်ဘဲ ဧည့်သည်က နှင်တော့လည်း သွားရမှာပေါ့..ဟဲ..ဟဲ'

မောင်စိုးနောင်က လှသောင်းကို ရယ်ကာမောကာ ပြောရင်းမှ သရော် သလိုကြည့်ရင်း ထွက်သွားပါတယ်။

'ဟေ့ကောင်..မင်း ဘာရယ်တာလဲ'

လှသောင်းက မောင်စိုးနောင်ကို ဒေါသတကြီး အော်ပြောလိုက်ပါ တယ်။

'ဒါမျိုးကြီးတွေ ပြောမနေပါနဲ့ ကိုလှသောင်းရယ်..ဒီကောင်လေးက တွေဝေရေးသမားမဟုတ်ပါဘူး။ သွားတာလာတာ နွေးနွေးကွေးကွေးဆိုတာ က ရေထမ်းရတော့ ရေပုံးကြီးနဲ့ဆိုတော့ နွေးနွေးပဲ သွားရမှာပေါ့ ကိုလှ သောင်းရဲ့..ရုပ်က ဖြူဖတ်ဖြူရော်မဟုတ်ပါဘူး။ အသားဖြူလို့ပါ'

'မင်းမသိပါဘူး စိန်သာဗလရာ..ကဲ..ငါ့ရဲ့လုပ်အားကူညီမှုလည်း ပြီးပြီမို့လား။ ငါသွားမယ်'

မောင်စိုးနောင်ကို စိတ်ဆိုးသွားလို့လားမသိ။ လှသောင်းက ဦးဘတုတ် လက်ထဲက စာအုပ်ထူကြီးကိုယူပြီး သုတ်ခြေတင်ထွက်သွားပါတယ်။

'ကောင်းပါ့ စိန်သာဗလရာ..လူထုကောင်းစားရေး အခြေခံကောင်း စားရေးဆိုတဲ့ကောင်က သံတောင် ဖြောင့်အောင်မရိုက်တတ်ပါလားကွ။ ဟော့..ဒါနဲ့ စောစောက မင်းက လှသောင်းကို လီနင်တောင် ဆိုက်ဘေးရီး ယားမှာ လယ်ထွန်နေသေးတာပဲဆိုပြီး ပြောတာကို အဖေ စဉ်းစားနေတာကွ။ ဆိုက်ဘေးရီးယားမှ စပါးစိုက်လို့ရလို့လား စိန်သာဗလရဲ့'

လှသောင်းထွက်သွားပြီးတဲ့နောက် သံနဲ့တူတွေကို ကိုင်ပြီး အိမ်ဟဲ ဝင်ဖို့လုပ်နေတဲ့ စိန်သာဗလကို ဦးဘတုတ်က မေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တလာ ဟုတ်ရမှာလဲ အဖေရာ..ခင်းကို အမြင်ကတ်လို့ ပါးစပ်ထဲရှိတာ ပြောချင်လိုက်တာ။ ဒါကို ခင်းက တကယ်ထင်သွားတာ'

'ယော..ဟုတ်လား'

ဦးဘတုတ်က စိန်သာဗလစကားအဆုံး ပြုံးရင်းက အိမ်ထဲကို စိန်သာဗလနောက်ကနေ လိုက်ဝင်လာပါတယ်။

ထမင်းပွဲပြင်ရင်း စောင့်နေတဲ့ ဒေါ်ရွှေကတော့ သားအဖနှစ်ယောက် တံတားပြင်တာ စကားမများလို့ အံ့အားတောင်သင့်လို့နေတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်းမေတ္တာဆိုတာ
လူတန်းစားမခွဲပါ
ချစ်မယ့်သူနဲ့
အချစ်ခံရမယ့်သူပဲ လိုတယ်။

## အခန်း(၆)

စိန်သာဗလ လက်ဖက်ရည်ဆိုင်ရောက်တော့ ရာသီဥတုက သာသာယာယာပါပဲ။ လက်ဖက်ရည်ဆိုင်ထဲမှာတော့ ထုံးစံအတိုင်း သာဗျင်၊ ဖော်လို၊ နိုင်ငံတကာထွန်းရွှေတို့၊ ငြိမ်းအေးတို့ လူစုံပါ ပဲ။ လေတွေ ဘယ်လောက်ကောင်းနေသလဲတော့မသိဘူး။ ဆေးလိပ်ပြာ‌တွေကတော့ စားပွဲခုံပေါ် ပြန့်ကျဲနေပါတယ်။

'စိန်သာဗလ..လာဟေ့။ အောင်မယ်..မင်းမျက်နှာမှာ နှုတ်ခမ်းမွေးတို့ မုတ်ဆိတ်မွေးတို့နဲ့ဆိုတော့ လူက လူကြီးဆန်နေပြီဟေ့'

အိမ်ပွဲစားငြိမ်းအေးက စိန်သာဗလကိုကြည့်ပြီး ပြောလိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ ဒီလို မုတ်ဆိတ်မွေး၊နှုတ်ခမ်းမွေးနဲ့ ပုံမျိုးဆိုရင်တော့ အယ်ကေးဒါးအကြမ်းဖက်သမားထင်ပြီး စုံစမ်းမှာအမှန်ပဲဟေ့'

'ထွန်းရွှေရာ..ဖွ..မင်းပြောတာ လွဲပါစေကွာ။ ဒါမျိုးကြီးတော့ မဖြစ်ပါရစေနဲ့'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလက နိုင်ငံတကာထွန်းရွှေကို ပြောလို့မဆုံးခင်မှာပဲ ဖော်လို မင်းစိန်က–

'နေစမ်းပါဦး စိန်သာဗလရဲ့..မင်းက ဘာဖြစ်လို့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ ထားရတာလဲ'

'ဒါက ငါ့အကြောင်းနဲ့ ငါပေါ့ကွာ..ငါ အခု ဆန့်ကျင်ဘက်တွေ လုပ်မလို့။ အရင်က ကောင်းတာတွေလုပ်တာ ဒီလောက်လွဲတာ။ အခု မကောင်းတာတွေ လုပ်မယ်။ ကြမ်းကြမ်းတမ်းတမ်းနဲ့ကို နေမယ်။ ဒါကြောင့် စိတ်ကြမ်းကိုယ်ကြမ်းဖြစ်အောင် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးကအစ ထားတာ'

နိုင်ငံတကာထွန်းရွှေက စိန်သာဗလရဲ့စကားကို မနှစ်မြို့တဲ့ အမူအရာနဲ့–

'စိန်သာဗလရာ..မင်းကို ဒီလို ဘယ်သူက မြှောက်ပေးလိုက်ပြန်ပြီလဲကွာ..ကြည့်လည်းလုပ်ပါဦး'

'ဘယ်သူတွေ ဘာပြောပြော စိန်သာဗလရေ..ဖော်လိုဖြစ်တဲ့ ငါက တော့ ထောက်ခံတယ်။ အခုဆို ငါတို့ရပ်ကွက်က တောဆန်လို့ ဗီဒီယို ရိုက်တဲ့သူတွေတောင် ဗီဒီယိုလာရိုက်တယ်မဟုတ်လား။ ကလေးတွေတောင် ကျောင်းမတက်ဘဲ ရိုက်ကွင်းကိုကြည့်လို့ မိဘတွေတောင် ဆူနေရသေးတယ်။ မင်းပုံနဲ့ဆို ဒီတစ်ခါ ဗီဒီယိုသမားတွေ လူကြမ်းလိုလို့ ရပ်ကွက်ထဲ နေစားနဲ့ လာရှာရင် မင်း အခုရုပ်နဲ့က အိုကေပဲဟေ့'

'ဖော်လို..ငါ့ပုံက လူကြမ်းပုံပေါက်နေလို့လား..ကြည့်ပါဦးကွာ'

ဖော်လိုမင်းစိန်စကားကြောင့် စိန်သာဗလ တော်တော်လေး စိတ်ပျက် သွားပါတယ်။



'ဟေ့ကောင်တွေ..စိန်သာဗလကို ဘာမှမပြောနဲ့။ တမင်တကာ ဒီ ကောင့်ကို ငါ့ရဲ့ ဗေဒင်ပညာနည်းအရ ကက်ကင်းလုပ်လိုက်တာဟေ့'

အားလုံးရဲ့အကြည့်က သာဗျင်ဆီ ရောက်သွားပါတယ်။

'သာဗျင်..မင်း ပေါက်ကရတွေ စိန်သာဗလကို မမြှောက်ပေးပါနဲ့ ကွာ။ မင်းရဲ့ဗေဒင်ပညာဆိုတာကလည်း ဟိုစပ်စပ် ဒီစပ်စပ်ပါကွာ'

အိမ်ပွဲစားငြိမ်းအေးစကားကြောင့် သာဗျင် ဒေါပွသွားပါတယ်။

'ဟေ့ကောင်ငြိမ်းအေး..မင်းက ငါ့ရဲ့ပညာရပ်ကို မစော်ကားနဲ့ကွာ'

နိုင်ငံတကာထွန်းရွှေက ရုတ်တရက်ဆိုသလို လက်ဖက်ရည်ဆိုင် အပြင်ဘက်ကို လက်ညှိုးထိုးပြလို့ အားလုံးဝိုင်းကြည့်လိုက်တဲ့အခါ ဝူဆိုးကို တိုတိုဝတ်ပြီး လက်တစ်ဖက်မှာ ဝါးရင်းတုတ်ကိုင်ထားတဲ့ အခြေခံကောင်း စားရေးလှသောင်းကို တွေ့လိုက်ရလို့ပါပဲ။ သူ့မျက်နှာမှာလည်း ဒေါသထွက် တဲ့အမူအရာပေါ်နေပြီး ပတ်ဝန်းကျင်ကို ဟိုကြည့်ဒီကြည့်နဲ့ စူးစမ်းလို့နေ ပါတယ်။

ဒါကို အိမ်ပွဲစားငြိမ်းအေးက–

'ဗျို့..အခြေခံကောင်းစားရေးကိုလှသောင်း လာပါဦးဗျ။ ဘယ်လို ဖြစ်တာလဲ။ လက်ထဲမှာလည်း ဝါးရင်းတုတ်ကိုင်လို့ပါလား'

အခြေခံကောင်းစားရေးလှသောင်းက လက်ဖက်ရည်ဆိုင်ထဲ ဝင်လာ ရင်း–

'ဘာဖြစ်ရမှာလဲ..ကျုပ် လူသတ်မလို့ဗျ။ လူသတ်မလို့'

'ဟာဗျာ..ဘယ်လိုဖြစ်လို့ လူသတ်ချင်နေရတာလဲ။ ခင်ဗျားကို ဖမ်း မှာပေါ့'

ငြိမ်းအေးက လှသောင်းကို တားလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကောင်ကို သတ်ပြီးတော့ ထောင်ထဲဝင်မယ်'

'နေစမ်းပါဦးဗျာ..ဖြစ်ပုံကို ပြောပါဦး'

စိန်သာဗလက အခြေခံကောင်းစားရေးလှသောင်းကို မေးလိုက်ပါတယ်။

'ဘာဖြစ်ရမှာလဲဗျ..ကျုပ်အိမ်ကို ရေလာလာထည့်ပေးတဲ့ ရုပ်က ဖြူဖတ်ဖြူရော်နဲ့ တွေဝေရေးသမားလိုလို ဘာလိုလိုနဲ့ ကျုပ်ကြည့်မရတဲ့ စိုးနောင်လေ။ ဒီလို အခြေအမြစ်မရှိတဲ့ကောင်က ကျုပ်နှမ မသင်းမြကို ခိုးပြေးသွားတယ်လေ။ ဒီကောင်နဲ့ တူသလား တန်သလား။ ဒါမျိုး ဒီကောင် လုပ်စရာလား။ ဒါကြောင့် ဒီကောင့်ကို သတ်မလို့'

အခြေခံကောင်းစားရေး လှသောင်းစကားကို ကြားရတဲ့သူတွေက မသိမသာပြုံးလိုက်ပါတယ်။

'ဒါမျိုးက နိုင်ငံတကာမှာလည်း ရှိပါတယ်ဗျာ။ ဘုရင်ကတောင် ထီးနန်းစွန့်ပြီး တစ်ခုလပ်နဲ့ကြိုက်လို့ ယူသေးတာပဲ။ နိုင်ငံတကာမှာ ဒါမျိုးတွေက မဆန်းဘူး'

နိုင်ငံတကာထွန်းရွှေက ရှင်းပြပါတယ်။

'ဟိုဟာက နိုင်ငံတကာ..ဒီဟာက မြန်မာပြည်ဗျ။ ဒီကောင် ကိုယ်နဲ့ တန်ရာတန်ရာမလုပ်ဘူး'

'မဟုတ်သေးပါဘူးဗျာ..သူလည်း လူပျို၊ ခင်ဗျားညီမလည်း အပျို ပဲဟာ။ လူပျိုချင်း အပျိုချင်းပဲဟာ'

'စိန်သာဗလ ပြောတာ ထောက်ခံတယ်ဗျာ။ နေ့စဉ် ရေရောင်းရတာ မျက်လုံးချင်းဆုံ ရင်တွေခုန်ရင်း ရေစက်ဖြစ်သွားတာပေါ့'

'တော်စမ်းပါ ဖော်လိုရာ..အဲဒီရေစက်က ကျုပ်နှမလေး ရေစက်ဗျ။



တွေ့လို့ကတော့ ဒင်းကို သတ်မယ်'

ဒီအခါ သာဗျင်က လွယ်အိတ်ထဲကစာအုပ်ကို ထုတ်လိုက်ရင်း–

'အခြေခံကြီး..နေပါဦးဗျာ။ ကျုပ်တွက်ချက်ကြည့်ပါဦးမယ်။ သူတို့ နှစ်ယောက်ယူလို့ရမလား မရလား'

'သာဗျင်ရာ..အရေးထဲ ဟိုက ခိုးပြေးပါပြီဆိုမှ မင်းကယူလို့ ရလား၊ မရလား တွက်နေသေးတယ်'

နိုင်ငံတကာထွန်းရွှေက ဘုတောလိုက်ပါတယ်။

စိန်သာဗလက အခြေခံကောင်းစားရေးလှသောင်းကို ကြည့်ရင်း–

'ကိုလှသောင်းရယ်..ခင်ဗျားက အခြေခံကောင်းစားလို့ ပြောတယ် မဟုတ်လား။ အခု ခင်ဗျားရဲ့ညီမကို ခိုးပြေးသွားတဲ့ မောင်စိုးနောင်ကလည်း အခြေခံလူတန်းစားပဲလေ။ သူ့လောက်အခြေခံတာ ရှိဦးမလား။ ရုပ်ကွက်ထဲ ရေရောင်းရတာ ကြည့်ပါလား။ ခင်ဗျား ပြောပြောနေတဲ့ အခြေခံလူထု ကောင်းစားရေးနဲ့ ကိုက်ညီပါတယ်ဗျာ။ ဒီအခြေခံလူတန်းစားတွေအတွက် ချစ်မယ့်သူနဲ့ ချစ်ခံရမယ့်သူပဲ ရှိဖို့လိုတယ်'

'စိန်သာဗလ..အဲဒါတွေ ဘာမှထပ်မပြောနဲ့။ ဒီကောင့်ကို တွေ့လို့ ကတော့ကွာ..ထပ်ပြီး ရုပ်ကွက်အနှံ့ ရှာဦးမယ်'

'ရှာဗျာ..ဒါဆိုလည်း အခြေခံကောင်းစားရေးကြီးရေ...လိုက်သာ ရှာတော့'

အိမ်ပွဲစားငြိမ်းအေးက ဆိုင်ထဲကနေ ထွက်သွားတဲ့ လှသောင်းကို လှမ်းပြောဖြစ်အောင် ပြောလိုက်ပါသေးတယ်။

'ကောင်းတယ်ဟေ့..အခြေခံကောင်းစားရေးလို့ စကားကြီးစကား ကျယ်ပြောတဲ့လှသောင်းတော့ တစ်ချက်တည်း ထိတာပဲဟေ့'

www.burmeseclassic.com



‘သေချာတယ် သာချင်ရေ…ဟိုကောင်လှသောင်းကို အမြင်ကတ်ကတ်နဲ့ လက်စားချေပြီး မသင်းမြကို သုတ်သွားတာပဲဟော့’

သာချင်ရဲ့စကားအဆုံး ဖော်လိုမင်းစိန်က ပြောရင်းမှ စိန်သာဗလကို–

‘စိန်သာဗလရေ..မင်း လှသောင်းကို ပြောလိုက်တာ တစ်ခါတည်း အခြေခံကောင်းစားရေးကြီး ဆိုင်ထဲက ထွက်သွားရပါရောလားဟေ့’

‘ဟဲ..ဟဲ..ဒီလိုပြောတာ ပြောချင်လို့မဟုတ်ပါဘူးဗျာ။ တမင်တကာ ဆန့်ကျင်ဘက်တွေ ကပ်ပြီးပြောလိုက်တာ’

‘ဒါတွေ ထားဦးဟေ့..ငါကတော့ ကိုလှသောင်းရဲ့အဖေနဲ့ သွားတွေ့ပြီး စိုးနောင်တို့ကိစ္စကို ပြီးတာတွေလည်း ပြီးတဲ့အကြောင်း၊ ကလေးတွေကို လက်ခံဖို့ ပြောရမှာပဲ။ သူ့အဖေက သဘောကောင်းပါတယ်။ ပြီးတော့ ကိုလှသောင်းကလည်း အဖေကို ကြောက်ရတာပဲ။ အတိုးကြီးပြီးရင် အားလုံးပြီးတယ်’

ငြိမ်းအေးက လက်ဖက်ရည်ဆိုင်ထဲက ထွက်ဖို့ ဟန်ပြင်လိုက်ပါတယ်။

‘အေးကွာ..အခြေခံကောင်းစားရေးလှသောင်းနဲ့ စိုးနောင်တို့ တစ်အိမ်တည်းသာနေကြရင် ဘာတွေဆက်ဖြစ်မလဲဆိုတာ သိချင်လိုက်တာဟေ့’

ဆိုင်ထဲကထွက်သွားတဲ့ ငြိမ်းအေးကိုကြည့်ရင်း နိုင်ငံတကာထွန်းရွှေက ပြောရင်း ရယ်လိုက်ပါတယ်။

သေချာတာကတော့ အခုကတည်းက မောင်စိုးနောင်ရဲ့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဝယ်ရတော့မယ်ဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်ချင်ရင်
ကမ္ဘာ့အမြင် ထွက်စရာမလိုပါ။
ကိုယ့်အတွက်ကို
ထိန်းချုပ်ဖို့ပဲ လိုတယ်။

## အခန်း(၇)

စိန်သာဗလတစ်ယောက် နေ့လယ်ခင်းမို့ အိမ်မှာနေရတာ ဖျင်းတာမို့ စိန်တို့လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေရှိလို့ရှိငြား..စကားပြောရရင် ...မှာမဟုတ်ဘူးဆိုပြီး စိန်တို့လက်ဖက်ရည်ဆိုင်ဘက် ထွက်လာခဲ့တယ်။

'စိန်သာဗလ..ကျခဲ့ပဲမဟုတ်လား'

လက်ဖက်ရည်ဆိုင်ရောက်ရောက်ချင်းမှာပဲ စိန်က လှမ်းမေးလိုက်ပါတယ်။ ဆိုင်ထဲမှာ သူငယ်ချင်းတွေမရှိဘဲ ရပ်ကွက်ထဲက ဥပသကာ ...သာကြာတို့၊ ဦးလှရွှေတို့ ဝိုင်းဖွဲ့ပြောနေတဲ့ လက်ဖက်ရည်ဝိုင်းပဲ ရှိပါတယ်။

ဟိုကောင်တွေအုပ်စု ဘယ်သဝေထိုးနေလဲမသိ။ မထူးပါဘူးဆိုပြီး ...ယောက်တည်း လက်ဖက်ရည်သောက်နေမိတယ်။

'ဒါပဲပေါ့ ကိုသောကြာရယ်..ဒီနှစ် ပဒိုးမိုးယားလိဂ်က ချယ်ဆီးပဲ ...။ ကိုသောကြာလည်း သိတာပဲ။ ချယ်ဆီးကို အလယ်တန်းမှာ ဘယ်...င်းမီလို့လဲ။ ချန်ပီယံလိဂ်မှာ ဘာစီလိုနာကို အိမ်တွင်း အရေးကြွင်း ...ပေးလိုက်တာ ကြည့်ပါလား'

www.burmeseclassic.com



ဦးလှရွှေးရဲ့စကားကို ဦးသောကြာက မျက်နှာရှုံ့မဲ့ရင်းမှ–

'မဖြစ်နိုင်ဘူးထင်တယ် ကိုလှရွှေး··မန်ယူကို ခင်ဗျား လျှော့တွက်ရင် မှားမယ်။ ဝိုးသွင်းပြီး ဖယားထိပ်ရောက်နေတာဟ မန်ယူဗျ။ လူငယ်တွေနဲ့ အသင်းကို တည်ဆောက်ထားတာ ငွေသိပ်မကုန်ဘူးဗျ။ ကစားသမားတွေ မဝယ်တာ ကြည့်ပါလား။ အလကား ချဲလ်ဆီးအသင်းက သူဌေးပိုက်ဆံရှိတိုင်း မောင်ရင်ညို့က လေကျယ်နေတာ'

ဦးသောကြာစကားကြောင့် ဦးလှရွှေး ဒေါသဖြစ်သွားတယ်ထင်ပါရဲ့။

'ခင်ဗျား အသင်းစွဲနဲ့ ဒီလိုမပြောနဲ့လေဗျာ။ ပွဲက မပြီးသေးပါဘူး။ ကြည့်လိုက်··ခင်ဗျားနဲ့ကျုပ်နဲ့ ပရီးမီးယားလိဂ်မှာ ဘယ်သူ ပထမရမလဲ လောင်းမလား'

'ဒီမှာ ကိုလှရွှေး··လောင်းချင်ရင် သကြိန်ကျမှပေါ့ဗျ။ ဒီည ကန်မယ့် ချဲလ်ဆီးနဲ့စပါး ဘယ်သူနိုင်မလဲ··ခင်ဗျားပြော။ ပြီးတော့ မန်ယူနဲ့ ပို့စ်မောက် ဘယ်သူနိုင်မလဲ ပြော'

'ဟော့ ကိုသောကြာ··ကျုပ်ချဲလ်ဆီး နိုင်မယ်။ ခင်ဗျားမန်ယူ ရှုံးမယ်ဗျာ'

'ကိုလှရွှေး··ခင်ဗျားစကားကို ဒီလို ကပ်သီးကပ်ဖဲ့ မပြောနဲ့လေ။ ခင်ဗျားလည်းလူကြီး ပုတီးသမား,တရားသမားပဲဟာ'

စိန်သာဗလ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး လက်ဖက်ရည်သောက်နေတာ ဘေးကလူကြီးတွေ အငြင်းအခုံလုပ်နေတာကြောင့် စိတ်ကတော်တော်ညစ်သွားပါတယ်။

'ကဲ··ဦးသောကြာနဲ့ ဦးလှရွှေးတို့··ဒီည မန်ယူက ပို့စ်မောက်ကို နိုင်မယ်။ အနည်းဆုံး သုံးဂိုးပဲ။ ချဲလ်ဆီးက စပါးကို ရှုံးမယ်။ မယုံရင်



ဆောင့်ကြည့်'

စိန်သာဗလက ဘုတောတောပြီး ပြောလိုက်ပါတယ်။

'ဟော့ စိန်သာဗလ··မင်းက အတပ်သိနေပါလား'

'ကိုသောကြာ··ဒီကောင် ခင်ဗျားရဲ့ မန်ယူအသင်းဘက်လိုက်ပြီး ပြောတာတော့ မကောင်းဘူးဗျာ'

ဦးလှရွှေးက မကျေမနပ်လေသံနဲ့ ပြောပါတယ်။

'ဦးလေးတို့ကလည်းဗျာ··ဘုရားအလုပ်,တရားအလုပ်တွေ လုပ်နေပြီး ဒါလေးတွေနဲ့ မငြင်းကြစမ်းပါနဲ့'

စိန်သာဗလက အဲဒီလိုပြောပြီး လက်ဖက်ရည်ဖိုးရှင်းပေးပြီး ငစိန်ဆိုင်ကနေ အိမ်ကို ပြန်လာခဲ့ပါတယ်။

◆◆◆

ပြဿနာက နောက်တစ်နေ့မှ စတာပါ။ ကြည့်လေ··နားငြီးလွန်းလို့ ဦးသောကြာနဲ့ ဦးလှရွှေးတို့ ငြင်းခုံကြတာကို ဆန့်ကျင်ဘက် ပြောချင်ရာပြောခဲ့တာ မနက် လက်ဖက်ရည်ဆိုင်ရောက်မှ စတာပါ။

◆◆◆

'စိန်သာဗလရေ··ဒီညပွဲစဉ်ကကော ဘယ်သူနိုင်မှာလဲ။ လုပ်စမ်းပါဦး'

ဆိုင်ထဲရောက်ရောက်ချင်း ဆိုက်ကားဆရာ ကိုမြသောင်းက မေးလိုက်ပါတယ်။

'ဟော့ကောင် စိန်သာဗလ··ဦးသောကြာ မနက်က ရောက်လာတယ်။ မင်းဘယ်မှမသွားပါနဲ့တဲ့။ မင်းကို လက်ဖက်ရည်တိုက်မလို့တဲ့။ မနေ့က မင်းက ပြောတယ်လေ··မန်ယူက သုံးဂိုးနဲ့ နိုင်မယ်။ ချဲလ်ဆီးက စပါးကို

www.burmeseclassic.com

www.burmeseclassic.com



ရှုံးမယ်ဆိုတာလေ။ အဲဒါကို ဦးသောကြာက သူ့သားကို အပေါ်ကော၊ ဂိုးပေါင်းကော၊ ဖိုးကဒ်ကို လုပ်နိုင်းလိုက်တာ။ Hard Trick ဖြစ်သွားလို့ တဲ့ဟေ့'

'ဟာ..ဒါမျိုးကြီးက တကယ်ဖြစ်သွားတာပါလား'

စိန်သာဗလ အံ့အားသင့်သွားရင်းမှ လက်ဖက်ရည်သောက်နေတဲ့ သာဗျင်ရဲ့ဘေး ဝင်ထိုင်လိုက်ပါတယ်။

'စိန်သာဗလ..ဘာတွေဖြစ်နေတာလဲကွ'

'ဘာဖြစ်ရမှာလဲ သာဗျင်ရ..မင်းပြောသလို ကက်ကင်းဖြစ်အောင် လူကြီးတွေ ဘောလုံးအကြောင်းပြောနေတာ နားညည်းတာနဲ့၊ အမြင်ကတ်လို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆန့်ကျင်ဘက်ပြောလိုက်တာ အတည့်ဖြစ်သွားလို့ ဟေ့'

'ဟေ..ဟုတ်လား'

သာဗျင်က ဘာမှဆက်မပြောတော့ပါ။ လက်ဖက်ရည်ကို ဆက်သောက်နေပြန်ပါတယ်။

'စိန်သာဗလ..ဒီညပွဲစဉ်လေး လုပ်ပါဦးကွာ..ငါ့မိန်းမ မကြို မသိအောင် နည်းနည်းပါးပါးလေး ကွမ်းဖိုးဆေးဖိုးလေး လုပ်ချင်လို့'

အရေးထဲ ငစိန်က ရေနွေးအိုး လဲမလိုလို့နဲ့ စိန်သာဗကို လာမေးပါတယ်။

'ဒီမှာ ငစိန်..ဂိုးများများသွင်းတဲ့အသင်း နိုင်လိမ့်မယ်'

'ဟာကွာ..မင်းက မနောက်ပါနဲ့။ အတည်ပြောစမ်းပါ စိန်သာဗလရာ'

'အေး..ဒါဆိုပြောမယ်။ အာဆင်နယ် ရှုံးလိမ့်မယ်'



စိန်သာဗလရဲ့အသံက ကျယ်လောင်သွားလို့ လက်ဖက်ရည်သောက်သူတွေက စိန်သာဗလကို ဝိုင်းကြည့်နေရင်းက-

'အာဆင်နယ် ရှုံးမှာသေချာတယ်နော်'

'သေချာတယ်ဗျာ'

သာဗျင်က စိန်သာဗလနားကို တိုးလာရင်းက-

'စိန်သာဗလ..စွတ်မပြောနဲ့နော် ဟေ့ကောင်..ဒီညကန်မယ့် ဝက်ဟမ်းအသင်းက ဒီလောက်မကောင်းဘူးကွ။ အာဆင်နယ်က ဂိုးအပြင် သွင်းမှာ'

'သေချာတယ်..အာဆင်နယ် ရှုံးလိမ့်မယ်ကွာ'

စိန်သာဗလက ဘာမှဆက်မပြောတော့။ လက်ဖက်ရည်ပဲ ဆက်သောက်နေမိပါတယ်။

'ဟာ..စိန်သာဗလနဲ့ သာဗျင်ပါလား'

လက်ဖက်ရည်သောက်ကောင်းနေတုန်း အော်ကြီးဟစ်ကျယ်နဲ့ ဝင်လာပြီး အော်ပြောလိုက်တဲ့ စကားသံကြောင့် ကြည့်လိုက်တော့ ထွန်းခင်ဖြစ်လို့နေပါတယ်။

'အတော်ပဲကွာ..ဒီနေ့ ငါပါတဲ့ ဗီဒီယိုဇာတ်ကား အခွေထွက်တယ်၊ မင်းတို့ ကြည့်လိုက်။ ငါ ဘယ်လိုသရုပ်ဆောင်ထားလဲ ဆိုတာ'

ထွန်းခင်က ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပါတယ်။

'ဒါမျိုးကြီးက ဘယ်လိုဖြစ်သွားတာလဲ။ ဗီဒီယိုမှာ မီးထိုး၊မှန်ထိုးလုပ်တယ်ဆို၊ နယ်ကို ခဏခဏ ကားသွားရိုက်တာကနေ ဘယ်လိုဖြစ်တာလဲ'

စိန်သာဗလက ထွန်းခင်ကို မေးလိုက်ပါတယ်။ ဒီလိုမေးတော့ ထွန်းခင်က ဖြေချင်နေတဲ့ မျက်နှာအမူအရာမျိုး ပေါ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့သရုပ်ဆောင်လောကမှာက တကယ့်ကို ထိုက်ထိုက်တန်တန် သရုပ်ဆောင်နိုင်တဲ့လူမျိုး ရှားနေတယ်။ ဒါကို ဒါရိုက်တာတွေက မြင်ပြီး ကိုယ့်ကို သရုပ်ဆောင်လုပ်ခိုင်းတယ်လေ။ ကိုယ်က ငြင်းတယ်။ မဟုတ်ဘူး၊ ဝင်သရုပ်ဆောင်ပါ။ ကိုယ့်ခေတ်ရောက်လာမယ်ဆိုလို့ ကိုယ်ငင်သရုပ်ဆောင်ရတယ်'

ထွန်းခင်စကားနားထောင်နေတဲ့ သာဖျင်က မဲ့လိုက်ရင်းမှ–

'ထွန်းခင်ရေ..ကြည့်လည်းပြောပါဦးကွာ။ မင်းဟာက မင်းရုပ် မင်းရည်နဲ့ ဟုတ်ပါ့မလားကွာ'

'သာဖျင်..မင်းက ကိုယ့်သရုပ်ဆောင်ချက်ကို မသိတော့ ဒီလိုပဲ ပြောမှာပေါ့။ ဒါရိုက်တာတွေလောက် မင်းဘယ်သိမလဲ'

စိန်သာဗလကတော့ ထင်လိုက်ပါတယ်။ ဗီဒီယိုတွေထဲမှာ ဒီလောက် မီးထိုး၊မှန်ထိုးလာတာကြာတော့ ဒီလောက်တော့ရှိမှာပဲလို့။

'သာဖျင်နဲ့ စိန်သာဗလ..ဒီည နိုင်ငံတကာတို့ ဖော်လိုတို့ ငြိမ်းအေးတို့ပါခေါ်ပြီး ငါ့အိမ်ကို လာကွာ။ ငါ သရုပ်ဆောင်တဲ့ အခွေကို မင်းတို့ ခံစားပေး။ စားဖို့သောက်ဖို့ ငါစီစဉ်ထားလိုက်မယ်။ သွားပြီဟေ့။ ဟိုကောင်တွေကို ပြောထားဦးနော်'

ထွန်းခင်က တစ်ဆိုင်လုံး သူ့လုပ်စာ စားရတဲ့ပုံစံမျိုးနဲ့ ပြောဆိုရင်း ထွက်သွားပါတယ်။

'ဒီည ဒီကောင့်အိမ် သွားစားရမှာမို့လို့သာပေါ့ကွာ။ ဒီကောင့်ရဲ့လေကို အတော်သည်းညည်းခံ နားထောင်နေရတာ'

'သာဖျင်ရာ..မီးထိုး၊မှန်ထိုးဘဝကနေ သရုပ်ဆောင်ကောင်းတစ်ဦး ဒီလိုဖြစ်တာကို ဂုဏ်ယူစမ်းပါကွာ'



'အေးပါ..စိန်သာဗလရာ..ဒီညတော့ ထွန်းခင်ရဲ့ အရည်အချင်းတွေကို တွေ့ရမှာပေါ့ကွာ'

◆◆◆

စိန်သာဗလတို့သူငယ်ချင်းတွေအဖို့ ထွန်းခင်၏သရုပ်ဆောင်ချက် အရည်အသွေးတွေကို ထိုညမှာ တွေ့ကို တွေ့ရပါတော့တယ်။

◆◆◆

'လာကြဟေ့..လာကြ..စားပြီးသောက်ပြီးမှ ကြည့်တာပေါ့ကွာ'

စိန်သာဗလတို့အုပ်စု ထွန်းခင်ရဲ့အိမ်ကိုရောက်တော့ စားပွဲဝိုင်းမှာ ကြာဇံကြော်ပန်းကန်တွေရော၊ ဘီယာပုလင်းအချို့ပါ အဆင်သင့် ပြင်ထားတာကို တွေ့ရပါတယ်။

'စားမယ် ထွန်းခင်ရေ..ဒီနေ့တော့ အိမ်ဝယ်ရောင်းမဖြစ်တာနဲ့ ကာလုလေးတောင် မမော့ရဘူး။ ဒီတော့ အဝကိုအားပေးရင်း မင်းရဲ့ သရုပ်ဆောင်မှုကို ခံစားမယ်ဟေ့'

အိမ်ပွဲစားငြိမ်းအေးက စားပွဲခုံမှာဝင်ထိုင်ရင်းက ပြောလိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ ဒါမျိုးကို ကျင်းပကြတာပဲကွ။ ထွန်းခင်..မင်းနိုင်ငံတကာအဆင့်မီလာပြီ'

နိုင်ငံတကာထွန်းရွှေ၏စကားအဆုံး ဖော်လိုမင်းစိန်က–

'မှန်တယ်ဗျာ..နိုင်ငံတကာထုံးစံနဲ့အညီ အားပေးတာပေါ့'

'ကဲပါကွာ..အားပေးတာတွေ အသာထား။ စားကြသောက်ကြဦး'

ထွန်းခင်စကားအဆုံး အားလုံး ကြာဇံကြော်လေးစားလိုက်၊ ဘီယာလေးသောက်လိုက်နှင့် ဟုတ်နေလို့။ အဲ..ဒါပေမဲ့ ထွန်းခင်ရဲ့စကားတွေကိုတော့ နားထောင်နေရတာပေါ့လေ။

www.burmeseclassic.com



'သရုပ်ဆောင်တယ်ဆိုတာ တစ်ခန်းပါရင်ပါသလောက် ပီပြင်ရတယ်။ ဒါမှ ထင်ရှားတဲ့သရုပ်ဆောင်ဖြစ်မှာ'

'နေပါဦး ထွန်းခင်ရ..မင်းပါတဲ့ဇာတ်ကားက ဘယ်လိုဇာတ်လမ်းမျိုးလဲ။ ဒါမျိုးကြီးတော့ သိသင့်တယ်ကွ'

စိန်သာဗလက ကြာဇံကြော်စားရင်းမှ မေးလိုက်ပါတယ်။

'ဇာတ်လမ်းက တော်လှန်ရေးဇာတ်လမ်းပဲ။ မင်းသားက သူကြီးသားကြောင့် လူကောင်းဘဝကနေ လူဆိုးဖြစ်တာ။ အမှန်တရားဘက်က ရပ်တည်သူပေါ့ကွာ'

'ထောက်ခံတယ်ဟေ့..ဒါမျိုးဖြစ်ရမယ်'

သာဗျင်က ဖော်လိုမျက်နှာကြည့်ရင်းမှ–

'ဖော်လို..ထွန်းခင်ပြောတာကို ထောက်ခံတာလည်း ထောက်ခံပေါ့ကွာ။ အခု မင်းကြာဇံကြော်စားနေတာ ဘယ်နှစ်ပန်းကန်ရှိပြီလဲ။ ဟင်း.. မပြောချင်ဘူး'

အဲဒီအချိန်မှာ ထွန်းခင်က ဗီစီဒီအခွေတစ်ခွေကို စက်ထဲ ထည့်လိုက်ပါတယ်။

'ကဲ..စားပြီးရင် လာကြဟေ့။ ငါ့ရဲ့ ပြောင်မြောက်စွာ သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်ချက်ကို ကြည့်ရအောင်'

စိန်သာဗလတို့လူစု တီဗွီရှေ့မှာ နေရာယူလိုက်တယ်။

'မင်းတို့ ကြည့်ကြ..ဇာတ်လမ်းက သိပ်စိတ်ဝင်စားစရာဖြစ်လာမှာ'

ဇာတ်လမ်းက မြန်မာတောကြိုက်ပါပဲ။ စလာကတည်းက ထိုးလိုက်ကြိတ်လိုက်ပါပဲ။

'ထွန်းခင်..မင်းသရုပ်ဆောင်တာ မလာသေးဘူးလား'



'လာမှာပေါ့ ငြိမ်းအေးရာ..ကြည့်ပါကွာ'

ဇာတ်ကားစလို့ အချိန်တစ်ဝက်ကျော်လာတဲ့အထိ ထွန်းခင် သရုပ်ဆောင်တာ မမြင်ရသေးပါ။

'ထွန်းခင်..ဘယ်တော့ မင်း သရုပ်ဆောင်လာမှာလဲကွာ။ နိုင်ငံတကာမှာ ဒီလောက်မကြာပါဘူး'

'လာတော့မှာ နိုင်ငံတကာထွန်းရွှေရေ..ကြည့်'

ထွန်းခင်ပြောတဲ့အတိုင်း စိန်သာဗလတို့တစ်တွေ ဆက်လက်ကြည့်နေပါတယ်။ ဇာတ်ကားပြတာက ပြီးလည်းပြီးခါနီးပါပြီ။ ဒီအချိန်မှာ ဇာတ်လမ်းထဲက မင်းသားက လူဆိုးဖြစ်နေတော့ ရွာမှာရှိတဲ့ မိခင်ဆီကို ညဘက်မှာ ခိုးတွေ့ဖို့လာတဲ့အခါ ရွာမှာ ကင်းစောင့်နေတဲ့ ရွာသားအချို့က သိသွားပြီး မင်းသားနဲ့ လိုးကြတိုက်ကြပါတယ်။ အဲဒီအချိန်မှာ ရွာသားတစ်ဦးက တုတ်ကိုင်ပြီး ပြေးဝင်လာပါတယ်။

'ဟာ..ထွန်းခင်ပဲကွ'

စိန်သာဗလရဲ့စကားကြောင့် အားလုံး တီဗွီဖန်သားပြင်ပေါ် **စိတ်ဝင်**တစား ကြည့်ကြပါတယ်။

ထွန်းခင်ရဲ့သရုပ်ဆောင်ချက် ပြောင်မြောက်ပုံတွေကို အားပေးမယ်ပေါ့။

မင်းသားကို တုတ်နဲ့ရိုက်ဖို့ ရွာသားအဖြစ် သရုပ်ဆောင်တဲ့ ထွန်းခင်ကို မင်းသားက ရင်ဝကို ခြေထောက်နဲ့ ကန်ပြီး မျက်နှာကို လက်သီးနဲ့ထိုးတဲ့အခါ တုတ်ကိုင်ထားတဲ့ ထွန်းခင်တစ်ယောက် 'အား'လို့အော်ပြီး မြေကြီးပေါ် လဲကျသွားပါတယ်။ ပြန်ထမလာတော့ပါဘူး။

ဒီလိုနဲ့ ဇာတ်ကားဆုံးတဲ့အထိ ထွန်းခင် ပါလေမလား။ စိန်သာဗလ

www.burmeseclassic.com

www.burmeseclassic.com



တို့အုပ်စု ဆက်ကြည့်ပေမယ့် ထွန်းခင် ပေါ်မလာတော့ပါ။

'ထွန်းခင်ရာ..မင်းသရုပ်ဆောင်ချက်ကတော့ ပိုင်ပါပေ့ကွာ..ဓာတ်ကားထဲမှာ ဒီလို 'အား' လို့အော်ပြီး ပါရမယ့်အခန်းအတွက် ငါတို့ကို ကြည့်ဖို့ ကြာခံကြော်ကျွေး ဘီယာတိုက်ပြီး ခေါ်ရတယ်လို့ကွာ..အံ့ပါရဲ့'

သာဗျင်က မကျေနပ်တဲ့လေသံနဲ့ ပြောပါတယ်။

'နိုင်ငံတကာမှာတော့ ဒါမျိုးကို လက်ခံပါတယ်ကွာ။ တစ်ခန်းထဲ သရုပ်ဆောင်..ဘာမှမပြောဘဲ 'အား' လို့အော်ပြီး လဲကျ..ထွန်းခင် ဆက်ကြိုးစား မင်း အောင်မြင်တဲ့ သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်ဦးမှာ'

နိုင်ငံတကာထွန်းရွှေက ထွန်းခင်ကို ကလိလိုက်ပါတယ်။ ဒါကို ထွန်းခင်က ဗီစီဒီစက်ကို ပိတ်လိုက်ရင်းမှ -

'ဒီလို 'အား' လို့အော်ပြီး သရုပ်ဆောင်နိုင်ဖို့ ငါ့မှာ ခက်ခက်ခဲခဲ ကျင့်ထားရတာကွ။ ငါ့ရဲ့သရုပ်ဆောင်ပီပြင်မှုအတွက် ဂုဏ်ယူပါတယ်ကွာ'

ထွန်းခင်ခမျာ သူ့ကို ရွဲ့ပြောနေမှန်းမသိဘဲ တကယ်ပြောတယ်ထင်ပြီး ပီတိတွေဖြစ်နေပါတယ်။

'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်ကွာ။ ထွန်းခင်..မင်းကို ဒီ[illegible] ကစပြီး 'အားထွန်းခင်' လို့ ခေါ်ရမယ်ဟေ့'

'ဟုတ်တယ် စိန်သာဗလ..ငါ ထောက်ခံတယ်။ 'အားထွန်းခင်' - အဲဒီနာမည်ကောင်းတယ်'

ဖော်လိုမင်းစိန်ကပါ ပြုံးရင်းမှ ပြောလိုက်တာကို ထွန်းခင်က -

'ကြိုက်သွားပြီ စိန်သာဗလ..ဒီတစ်ခါ သရုပ်ဆောင်ရင် အဲဒီနာမည် အတိုင်း ဓာတ်ကားမှာ စာတမ်းထိုးခိုင်းရမယ်။ အကယ်ဒမီ အားထွန်းခင် ပေါ့ကွာ'



စိန်သာဗလတို့တစ်တွေ ထွန်းခင်ကိုကြည့်ပြီး ဘာပြောရမှန်း မသိအောင်ပါပဲ။

စိန်သာဗလခမျာ ထွန်းခင်တစ်ယောက် သူ့ကိုရွဲ့ပြောလို့ ပြောမှန်း မသိအောင်ပါပဲလားလို့။

အားလုံး ထွန်းခင်အိမ်ကနေ ပြုံးပြုံးကြီးလုပ်ရင်းမှ ထွက်လာခဲ့ကြပါတယ်။

'ဒီကောင့်ရဲ့ 'အား' လို့အော်သံကြားဖို့ ကြည့်လိုက်ရတာကွာ။ ဒီကောင်ကျွေးတဲ့ ကြာခံကြော်နဲ့ ဘီယာသောက်ရတာတောင် အားနာတယ်'

ငြိမ်းအေးက ရယ်ကျဲကျဲလုပ်ရင်းက ပြောလိုက်တာကို အားလုံးက ဘာမှမပြောဘဲ ပြုံးလိုက်ကြပါတယ်။

◆◆◆

မနက်လည်း မိုးလင်းရော လက်ဖက်ရည်ဆိုင်မှာ သာဗျင်တို့၊ ဖော်လိုမင်းစိန်တို့ ဖွလိုက်တာ ဘာပြောကောင်းမလဲ၊ 'အားထွန်းခင်' ဆိုတဲ့ သတင်း [illegible] ရပ်ကွက်ထဲမှာ ဟိုးလေးတကြော်ကြော်ပါပဲ။

ဒါထက်ဆိုးတာက စိန်သာဗလအဖို့ ရှိပါသေးတယ်။

◆◆◆

စိန်သာဗလ လက်ဖက်ရည်သောက်နေတုန်းမှာပဲ ရပ်ကွက်ထဲက [illegible]တာတီးရောက်လာပါတယ်။

'စိန်သာဗလရေ..သူငယ်ချင်း..ကျေးဇူးပဲကွာ။ မင်းကို ငစိန် ဘာမှ [illegible]ပြောဘူးလား'

'ဘာကိုပြောရမှာလဲ ကိုတာတီးရ'

'ဘာရမှာလဲကွ..မင်းက မနေ့ညက ဝက်စ်ဟမ်းနဲ့ အဆောင်နယ်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



အာခေါင်နယ် ရှုံးပြီး ဝက်စ်ဟမ်းနိုင်မယ်ဆိုတာလေ။ အဲဒါ ညက ဝက်စ်ဟမ်း

ကိုတာတီးစကားကြောင့် စိန်သာဗလ အံ့အားသင့်သွားပါတယ်။ မနေ့က လက်ဖက်ရည်ဆိုင်ထိုင်တုန်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ငစိန်ယာမေးလို့ ရွဲ့ပြီးဖြေလိုက်တာ မှန်နေလို့ပါ။

'ဟုတ်တယ် စိန်သာဗလရေ..ငါလက်ဖက်ရည် ဖျော်နေတာ လူကျ နေလို့ မင်းကို လာမပြောအားတာ။

'ဒါမျိုးကြီးက မှန်သွားပါလား'

'မှန်တာပေါ့ စိန်သာဗလရာ..ဒီတော့ နောက်တစ်ပတ် ပရီးမီးယား လိဂ်ပွဲစဉ်တွေကျရင် ဘယ်အသင်းတွေက ဘယ်လောက်မှန်မလဲဆိုတာ မင်း လက်ဖက်ရည်လာမသောက်ရင် မင်းအိမ် လာမေးမယ်လို့ ဦးသောကြာတို့ ကတောင် တိုင်ပင်နေကြတယ်ဟေ့'

စိန်သာဗလ ကိုယ့်နဖူးကိုယ် လက်နှင့်ရိုက်မလိုတောင် ဖြစ်ရင်းက သာဗျင်ကိုကြည့်တော့ သာဗျင်က ပြုံးလို့နေပါတယ်။

'ငါလည်း ရုပ်ရှင်ဝါသနာအိုးဘဝကနေ ဒီအတိုင်းဆို ဘောလုံး ဝါသနာအိုးလုပ်ရတော့မှာပဲဟေ့။ ကြည့်လေ..ညက တွမ်ခရုစ်ကား ကြည့် မလို့။ ဒီ Mission Impossible အပိုင်း-၁ က ဘာမိုက်သလဲ မမေးနဲ့



ဒ်တာခတ်တာတွေကလည်း ကြမ်းတာဆိုတာ။ တွမ်ခရုစ်စီးတဲ့ ဆိုင်ကယ်က ဆော်တော်ဈေးကြီးတာ။ အေးကွာ..ဒေးဗစ်ဘက်ခမ်းကိုတောင် တွမ်ခရုစ် က ရုပ်ရှင်မင်းသား လုပ်ခိုင်းနေသေးတာ'

စိန်သာဗလ လက်ဖက်ရည်သောက်နေရင်းမှ မှားပြီဆိုတာ သိလိုက် ပါတယ်။ ငစိန့်ကိုပဲ မေ့ထားပို့နေမိပါတယ်။ ကိုတာတီးဆိုသူက အမြဲတမ်း နိုင်ငံခြားရုပ်ရှင်ကြည့်တာ ဝါသနာပါပြီး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွေ အကြောင်းမှ လူရှေ့မပြောရလျှင် အိပ်မပျော်စားမဝင်ဖြစ်သူ။ အခု ငစိန် ကြောင့် ဘောလုံးပွဲထဲပါရင်းက လိုင်းတွေက ရှုပ်ကုန်လို့ပါ။

'ဘောလုံးပွဲဆိုလို့ကွာ..ကမ္ဘာကျော်ဘောလုံးသမားကြီး ပီလီနဲ့ စတား ဆုံးတို့ပါတဲ့ ဇာတ်ကားက သိပ်ကောင်းတာ။ မိုက်ကယ်ကိန်းကြီးက စစ် သုံ့ပန်းတွေကို ဘောလုံးကန်ခိုင်းတာ။ စတားလုံးက ဝိုးသမား မိုက်တယ် ဟေ့။ စတားလုံးကြီး ဝိုးသမားသရုပ်ဆောင်တာ၊ အီတလီဝိုးသမား ဘူဖွန် အတိုင်းပဲ။ ကမ္ဘာပေါ်မှာ အားကစားနဲ့ပတ်သက်တဲ့ ရုပ်ရှင်တွေကလည်း ဆါမှပေါသနဲ့ကွာ။ အားကစားရုပ်ရှင်ဆိုတာ မှတ်တမ်းတင်မော်ကွန်းကား ဆ စတာ'

စိန်သာဗလက သာဗျင့်ကို မျက်စပစ်ပြလိုက်ပါတယ်။

'ငစိန်ရေ..ပိုက်ဆံရှင်းမယ်ဟေ့'

'စိန်သာဗလ..မင်းတို့ ရှင်းစရာမလိုပါဘူး။ ငါရှင်းပါ့မယ်။

'နေ..နေ..ကိုတာတီး'

စိန်သာဗလက လက်ခါပြရင်းမှ ပိုက်ဆံကို စားပွဲပေါ်ချထားလိုက် ရင်းက-

www.burmeseclassic.com



'ကိုတာတီး..ဒါမျိုးရုပ်ရှင်အကြောင်းတွေ နောက်မှပြောနော်။ သွားစရာရှိလို့'

'ဩော်..အေး..အေး..သွား..စိန်သာဗလ နောက်တစ်ပတ်ပွဲစဉ်လေးတွေ လုပ်ဦးနော်'

စိန်သာဗလက ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ပြရင်းမှ သာဗျင်လက်ကိုဆွဲပြီး လက်ဖက်ရည်ဆိုင်ထဲကနေ အမြန်ဆုံး သုတ်ခြေတင်ထွက်လာခဲ့ပါတယ်။

စိန်သာဗလအဖို့ ဆက်နေလျှင် မလွယ်ရေးချမလွယ်။



www.burmeseclassic.com

ဟယ်လီဖုန်းကို
ဂရေဟမ်ဘဲလ်ကပဲ တီထွင်ထွင်
ဘယ်သူပဲ ထွင်ထွင်ပေါ့လေ
လူတွေများ
အားအားရှိ ဆက်နိုင်လွန်းတယ်
ကမ္ဘာကြီးခမျာ
ကျုံ့ဝင်ရှာပြီ ထင်ရဲ့

# အခန်း(၈)

စိန်သာဗလ ဒီနေ့ အိပ်ရာကနိုးလာတော့ အဖေဖြစ်တဲ့ ဦးဘတုတ်ကော၊ အမေဖြစ်တဲ့ ဒေါ်ရွှေကော ပြုံးလို့နေတာ တွေ့ရတယ်။

'သားရေ..မင်းက နေဖင်ထိုးလို့ မွန်းလွဲမှ နိုးလာတော့ ဘာမှမသိသေးဘူးမဟုတ်လား။ သားရဲ့အဖေ တယ်လီဖုန်း လျှောက်တာ ကျလာပြီ။ ဒီမှာ တွေ့လား။ ဖုန်းရကြောင်း လျှောက်လွှာ'

ဒေါ်ရွှေက စိန်သာဗလကို တယ်လီဖုန်းလျှောက်လွှာ ပြလိုက်ပါတယ်။

'ဒါမျိုးကြီးကျတော့လည်း အဖေက ဟုတ်နေပါလား'

'ဟုတ်ဆို..မင်းအဖေ ငါက ကံတွေ၊ ဇာတာတွေ တက်နေတာကိုး ကွ'

ဦးဘတုတ်ကလည်း ဖုန်းလျှောက်လွှာ ကျတာဆိုတော့ မျက်နှာက ဖြူးလို့ရွှင်လို့ပေါ့လေ။

'ကဲ..ဒီသတင်းကို ဒီအတိုင်းထားလို့မဖြစ်ဘူး။ လက်ဖက်ရည်ဆိုင်မှာ အကျိုးအကြောင်းတော့ သွားပြောရမှာပဲ'

www.burmeseclassic.com



စိန်သာဗလက မျက်နှာကို ခပ်မြန်မြန်သစ်ပြီး လက်ဖက်ရည်ဆိုင်ဘက် ထွက်လာပါတယ်။

◆◆◆

လက်ဖက်ရည်ဆိုင်ရောက်တော့ ဘယ်သူမှမရှိဘူး။ ငစိန်နဲ့ သူ့မိန်းမ မကြူတောင် ထမင်းစားနေပြီ။

'ဘယ်လိုဖြစ်လို့ အခုမှ ရောက်လာရတာလဲ စိန်သာဗလရဲ့..သာဗျင်တို့ ဖော်လိုတို့ကော ကင် ပြန်သွားပြီ'

'အခုမှပဲ အိပ်ရာက နိုးလာလို့ဟာ။ ပြီးတော့ ငါလည်း အိပ်ရာနိုးမှသိရတာ။ ဘာဖြစ်လို့လဲဆိုတော့ ငါတို့အိမ်က ဒီနေ့ ဖုန်းလျှောက်တာ ရတယ်ဟာ့။ လျှောက်လွှာကျလာလို့'

'ဟယ်..ဟုတ်လား။ ဒါဆို ဒေါ်ရွှေကိုတော့ မုန့်ဝယ်ကျွေးခိုင်းရမယ်'

ငစိန်ရဲ့မိန်းမ မကြူက ဝမ်းသာအားရနဲ့ ပြောလိုက်ပါတယ်။

'စိန်သာဗလရာ..မင်းတို့တယ်လီဖုန်းရတာက ဟုတ်ပါပြီ။ ဒါပေမဲ့ တယ်လီဖုန်းဆက်ရလောက်အောင် မင်းတို့အလုပ်က ဘာမှမရှိတာ'

'ဟုတ်တယ် စိန်သာဗလ..မကြူ အကြံပေးရရင် အရင်တုန်းက စိန်သာဗလ ကုမ္ပဏီမှာလုပ်တုန်းက ဗစ်စစ်တင်းကဒ်ပေးထားတာ။ ဖုန်းခေါ်ခိုင်းရတယ်မဟုတ်လား။ အခု စိန်သာဗလတို့အိမ်မှာ ဖုန်းရှိတော့ တယ်လီဖုန်းလာဆက်ရင်လည်း ပိုက်ဆံရမယ်။ ပြီးတော့ ကိုယ်က ဖုန်းခေါ်ပေးရင်လည်း ပိုက်ဆံရမှာ အဲဒါမျိုးလုပ် သိလား'

စိန်သာဗလက မကြူရဲ့အကြံကို အတော်သဘောကျသွားပါတယ်။

'ဒီအကြံမဆိုးဘူး..ဒါမျိုးကြီးလုပ်ရင် ကောင်းမယ်'

စိန်သာဗလအဖို့ သောက်ရတဲ့လက်ဖက်ရည်တွေထဲမှာ ဒီနေ့သောက်



ရတဲ့လက်ဖက်ရည်က အတော့်ကို အရသာရှိလို့နေပါတယ်။

◆◆◆

အခုဆို စိန်သာဗလအိမ်မှာ တယ်လီဖုန်းလည်း တပ်ပြီးပါပြီ။ ဦးဘတုတ်ကော ဒေါ်ရွှေကပါ တယ်လီဖုန်းကို ကြည့်လို့မဝ။ ရွှေတုံးရွှေခဲကြီးကို ကြည့်နေရသလိုမျိုး ကျေနပ်လို့နေပါတယ်။

'အဖေနဲ့အမေ..တယ်လီဖုန်းတပ်တာက ဟုတ်ပါပြီ။ ကျွန်တော်တို့မှာ လုပ်ငန်းအတွက် ဖုန်းနဲ့စကားပြောစရာမှ မလိုတာ။ ဒီတော့ အိမ်ကိုဖုန်းလာဆက်ရင်လည်း ဖုန်းဖိုးရမယ်။ ဖုန်းခေါ်ပေးရင်လည်း ပိုက်ဆံရမယ်။ ဒီတော့ ဝင်ငွေကောင်းမှာနော်'

စိန်သာဗလရဲ့ အကြံပြုစကားကို ဦးဘတုတ်က ဆေးပေါ့လိပ်ကို မီးညှိရင်းမှ-

'မဖြစ်ပါဘူးကွာ..လူဝင်လူထွက်က ဖုန်းဆက်တော့ ရှုပ်ကော။ ဆော်ကြာ ကိုယ်ကကြည့်နိုင်မှ၊ မဟုတ်ရင် ကိုယ့်ပစ္စည်းတွေခိုးမှဖြင့်ကွာ။ တယ်လီဖုန်းခေါ်ပေးဖို့ကျတော့ကော ငါတို့က လူကြီးတွေ ပြေးပြေးလွှားလွှားနဲ့ သွားမခေါ်နိုင်ပါဘူးကွာ'

'အဖေရာ..စိန်သာဗလဆိုတဲ့ ကျွန်တော်တစ်ယောက်လုံး ရှိတယ်။ ဒါမျိုးကြီးက ဘာလို့မဖြစ်ရမှာလဲ။ ကျွန်တော်လုပ်မယ်။ နက်ဖြန်ကျရင် အိမ်ရှေ့မှာ ဆိုင်းဘုတ်ရေးထားမယ်။ တယ်လီဖုန်းဆက်၍ရသည်။ ခေါ်ပေးသည်လို့။ ကြည့်နေ..တစ်လအတွင်း ဝင်ငွေဘယ်လာက်ရမလဲဆိုတာ'

စိန်သာဗလ စကားနားထောင်နေတဲ့ မိခင်ဖြစ်သူဒေါ်ရွှေက-

'ကိုဘတုတ်..သားပြောတဲ့အကြံကို ရှင် ငြင်းပယ်ဖို့ မကြိုးစားနဲ့။ ဒါပဲ။ ကျွန်မ ပြောမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကြည့်ကြသေးတာပေါ့ မရွှေရယ်'

ဦးဘတုတ်က ခေါ်ရွှေကို ဘုတောတောပြီး အိမ်အောက်ကို ဆင်းသွားပါတယ်။

စိန်သာဗလကတော့ သုံးထပ်သားပြားဟောင်းတစ်ခုကိုယူပြီး မြေဖြူခဲနဲ့ ဟိုခြစ်ဒီခြစ်လုပ်နေပါတော့တယ်။

ခေါ်ရွှေကတော့ စိန်သာဗလလုပ်နေတာကို ကြည့်ရင်း ပြုံးပြုံးကြီးကြည့်နေလို့။

**တယ်လီဖုန်း ဆက်လို့ရသည်။**
**တယ်လီဖုန်း ခေါ်ပေးသည်။**

ဤကဲ့သို့ သုံးထပ်သားပြားပေါ်မှာ မြေဖြူနှင့် ရေးသားထားတဲ့ ကြော်ငြာကို စိန်သာဗလက အိမ်ရှေ့မှာ သံနှင့်ချိတ်ဆွဲထားပါတယ်။

'ဖုန်းဆက်မလို့ဟေ့'

'လာပါ'

'ကလင်··ကလင်'

'ဟလို··ကိုမြင့်သန်းကို ခေါ်ပေးပါ'

'ဟုတ်ကဲ့··ခေါ်ပေးပါ့မယ်'

ဤသို့ဤနှယ် စိန်သာဗလတစ်ယောက် အလုပ်ရှုပ်နေပါတော့တယ်။ သုံးမိနစ်ကို ဆက်ခ တစ်ရာကျပ်။ တယ်လီဖုန်းလာလို့ လမ်းထဲကလူ ခေါ်ပေးရင်လည်း တစ်ရာကျပ်နဲ့ ဟုတ်နေလို့။

ဝင်ငွေလေးက ရနေလို့ စိန်သာဗလအဖို့ ဘယ်မှမထွက်ဖြစ်ဘူး။

◆◆◆



ဒီလိုနဲ့ တစ်နေ့တော့ စိန်သာဗလ အိပ်ရာက စောစောနိုးလာတဲ့နေ့မှ ဒုက္ခက စပါတော့တယ်။

◆◆◆

'ကလင်··ကလင်'

မနက်ရှစ်နာရီလောက်က တယ်လီဖုန်းသံမြည်လို့ စိန်သာဗလ ဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

'ဟလို··ပြောပါ'

'သြော်··ရေဝေးကပါလား။ ကျွန်တော်တို့အိမ်မှာ ဦးလေးကွယ်လွန်သွားလို့ အအေးခန်းဌာနက ကားလွှတ်ပေးပါလို့။ လိပ်စာက··'

'ဟေ့··ဖုန်းမှားနေပြီ။ ရေဝေးမဟုတ်ဘူး။ စောစောစီးစီး ကျက်သရေယုတ်လိုက်တာဗျာ။ ဒါမျိုးကြီးက လွဲနေပြီ'

စိန်သာဗလ တယ်လီဖုန်းကိုပြန်ချလိုက်ရင်းက ကုလားထိုင်ပေါ်မှာ ထိုင်ချလိုက်တယ်။

'ကိုစိန်သာဗလ··ဖုန်းဆက်ချင်လို့'

နောက်လမ်းက ကောင်မလေးမိသင်းက အိမ်ထဲဝင်လာပါတယ်။

'ဟဲ့ မိသင်း··နင်တို့လမ်းမှာလည်း တယ်လီဖုန်းဆက်လို့ ရသားနဲ့။ ဘယ်လိုဖြစ်လို့ ဒီမှာလာဆက်တာလဲ'

'အဲဒီမှာ ဆက်လို့မဖြစ်လို့။ ကျွန်မရည်းစားဆီ ဖုန်းဆက်မှာမို့လို့ပါ'

'ဒါဆိုရင်တော့ သုံးမိနစ်ကို တစ်ရာနော်'

'ရတယ်··ကျသလောက်ပေးမယ်'

စိန်သာဗလက မိသင်း ဖုန်းဆက်နေတာကိုကြည့်ရင်း [illegible] ထိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကို..ဘာလို့ ဟိုနေ့က မလာတာလဲ။ သွား..မချစ်တော့ဘူး။ စိတ်ကောက်လိုက်မှာနော်။ ဘာ..ချစ်က သဝန်ကြောင်စရာလား။ ဒါပဲ၊ ချော့ကလက်ကျွေးပြီး ချော့ရမှာပဲ။ ကို..ဆံပင်မညှပ်နဲ့နော်။ ဓော်ပိုင်ပုံစံအတိုင်းထား။ ကို့ကို ဓော်ပိုင်နဲ့တူလို့ ချစ်တာမဟုတ်ဘူး။ ဘာလဲ..နမ်းလို့ရမလား။ ဒီက တယ်လီဖုန်းဆက်နေတာ'

စိန်သာဗလ ခေါင်းစားသွားပါတယ်။ မိသင်းတို့များ သူ့ရည်းစားနဲ့ ဖုန်းဆက်တာ ပန်းခြံထဲမှာ ရည်းစားနဲ့ နှစ်ယောက်သား စကားပြောနေတဲ့အတိုင်းပါပဲ။ သူ့ရုပ်သူ့ရည်နဲ့ ချွဲနေတာ။ သူ့မိဘသာသိရင် နားရင်းကောင်းကောင်းအုပ်မှာ။

'စိန်သာဗလ..ဖုန်းဆက်လို့ရလား'

အိမ်ထဲကို ဒေါနဲ့မောနဲ့တက်လာတဲ့ လမ်းထဲက မအေးမြင့်က မေးလိုက်တာကို စိန်သာဗလက ဖုန်းဆက်နေတဲ့ မိသင်းကို လက်ညှိုးထိုးပြရင်းက စောင့်ခိုင်းလိုက်ပါတယ်။

'ကို..ဟောဒီဖုန်းထဲကနေ မဆိုးနဲ့ကွာ။ ချစ်ရဲ့စကားကို နားထောင်ချစ်က ဘဝလုံးပုံ သက်လုံးရည်ရွယ်ပြီး ကို့ကို မြတ်နိုးသူပါ။ ဒီမှာကိုရယ်..'

တယ်လီဖုန်းဆက်ဖို့ ထိုင်စောင့်နေတဲ့ မအေးမြင့်က မိသင်းကိုကြည့်ပြီး မျက်နှာမဲ့လိုက်ပါတယ်။ ဒီလိုထိုင်စောင့်ရတာ စိတ်မရှည်ဘူးထင်ပါရဲ့။

'ဟဲ့..မြန်မြန်ဆက်ဟယ်။ ငါ ဒီမှာ အရေးတကြီး ဆက်စရာရှိလို့'

မိသင်းက မအေးမြင့်ကို မကျေနပ်တဲ့အကြည့်နဲ့ တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။

'ကို..ဘယ်လိုလဲ။ ချစ်တယ်မဟုတ်လား..ကိုနဲ့ချစ် စကားတစ်ပြီး



ထို မပြောရဘူး။ နောက်မှဆက်တော့မယ်နော်'

မိသင်းက မကျေမနပ်နဲ့ တယ်လီဖုန်းခွက်ကို ချလိုက်ပါတယ်။

'ဘယ်လောက်ကျလဲ ကိုစိန်သာဗလ..တယ်လီဖုန်းဆက်တာ ကောင်းကောင်းကို မဆက်ရဘူး'

မိသင်းစကားကြောင့် မအေးမြင့်က ဒေါပွသွားပါတယ်။

'ဟဲ့..ဘာစကားပြောတာလဲ။ နင့်ဟာနဲ့နင် အီချင်ရင် အခြေအနေလေးဘာလေး ကြည့်ဦးလေ'

ပြဿနာကတော့ ငယ်ထိပ်ဆောင့်ပြီလို့။ ခပ်စွာစွာ မအေးမြင့်နဲ့ မိသင်းတို့တော့ အိမ်ထဲမှာ မနက်စောစောစီးစီးရန်ဖြစ်ရင် ကျိုင်ပဲလို့။

'ကဲ..မိသင်း..နင်ဆက်တာ ငါးရာကျတယ်'

'မအေးမြင့်..ဆက်တော့၊ ဆက်တော့။ ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်ဗျာ'

မိသင်းက စိန်သာဗလကို ငါးရာတန်တစ်ရွက်ပေးပြီး အိမ်ပေါ်ကဆောင့်ကြီးအောင့်ကြီး ဆင်းသွားပါတယ်။

မအေးမြင့်က တယ်လီဖုန်းနံပါတ်တွေကို လှည့်နေရင်းမှ မိသင်းကိုဆောင်ပြီး ကြည့်လိုက်ပါသေးတယ်။

'ဟဲ့..သေနာ..နင် အိမ်ပြန်မလာနဲ့။ အဲဒီရုံးခန်းမှာပဲ ကောင်မတွေနဲ့နေ၊ အဲဒီမှာပဲ သေ။ နင့်ကိုကျွေးမယ့် ထမင်းနဲ့ဟင်းကို ခွေး အဝကျွေးလိုက်မယ်။ လာရဲရင် နင်အိမ်ပြန်လာကြည့်..အေးမြင့်ရဲ့တံမြက်စည်းဟာ နင့်အတွက် ဖြစ်စေရမယ်။ အဲဒီမှာ ကောင်းတာတွေ နင်ဘာတွေနေလို့လဲ'

ဒေါသတကြီး လင်ကိုရန်တွေ့ပြီး ဖုန်းဆက်တဲ့ မအေးမြင့်ရဲ့စကားသံက ကျယ်လေတော့ ဦးဘတုတ်နဲ့ ဒေါ်ရွှေပါ အိမ်ရှေ့ထွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်··အားနာလိုက်တာ စိန်သာဗလရယ်··ငါ့လင်ကို ဒေါသထွက်ပြီး ကုမ္ပဏီဖုန်းဆက်တာ ပိုက်ဆံမေ့လာလို့။ မှတ်ထားလိုက်··လာပေးမယ်နော်'

'ရပါတယ် မအေးမြင့်ရယ်··ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်'

စိန်သာဗလက ကုလားထိုင်ပေါ် ခြေခစ်လက်ပစ်ထိုင်ချတုန်းမှာပဲ တယ်လီဖုန်းမြည်သံက ပေါ်ထွက်လာပြန်ပါတယ်။

'ဗျာ··လမ်းထိပ်က ကိုကျော်ထွန်း ဟုတ်လား။ ခေါ်ရမှာ လမ်းထိပ်ဆိုတော့ နည်းနည်းဝေးတယ်ဗျာ။ နောက်ငါးမိနစ်လောက်မှ ပြန်ဆက်ပါလား။ ဗျာ··ဆက်လို့မရဘူး၊ လိုက်မှတ်ပြီး ပြောပေးရမယ်။ ပြောဗျာ··ကျွန်တော်သွားပြောပေးပါ့မယ်'

တစ်ဖက်က ဖုန်းထဲကပြောတဲ့စကားကို စိန်သာဗလ နားထောင်ရင်းခေါင်းစားသွားပါတယ်။

'ဟသ်ာတမြို့ ကွင်းလယ်ရွာက ကိုကျော်ထွန်းရဲ့အဘွားလေးရဲ့ မောင်ကမွေးတဲ့ သားကြီးဖြစ်သူ ကိုသိန်းဦးရဲ့မြေးတွေရယ်၊ သူ့အစ်မ ယောက္ခမဘက် ယောက်ဖနဲ့ ကလေးတွေရယ် လာမယ့်လပြည့်နေ့မှာ ရှင်ပြုမှာမို့လို့ရွာကိုလာခဲ့ပါလို့ ပြောပေးပါ။ ဒါပါပဲ'

'ဒုက္ခပါပဲ အဖေရယ်··ဒါမျိုးကြီးတွေ ဒီလောက်များပြီး မှတ်ရတာပြဿနာပါပဲ'

ဦးဘတုတ်ကို စိတ်ပျက်လက်ပျက်အသံနဲ့ ပြောရင်းက လမ်းထိပ်က ကိုကျော်ထွန်းကို စိန်သာဗလက သွားပြောရပါတယ်။

ပြဿနာက မနက်ဆယ်နာရီလောက်မှာဖြစ်တာပါ။ ကြည့်လေ··ဖြစ်ပုံကလည်း··



'မရီကို ခေါ်ပေးပါ'

'ဟုတ်ကဲ့··နောက်ငါးမိနစ်ကျရင် ပြန်ဆက်ပါ။ ကျွန်တော် သွားခေါ်ထားလိုက်ပါဦးမယ်'

စိန်သာဗလက လမ်းထိပ်က အပျိုကြီးမရီကို ဖုန်းလာတယ်။ ငါးမိနစ်ကြာရင် ပြန်ဆက်မယ်လို့ သွားပြောပါတယ်။ မရီလည်း စိန်သာဗလနောက်က လိုက်လာပါတယ်။

မကြာပါ။ ဖုန်းလာလို့ စိန်သာဗလ ကောက်ကိုင်လိုက်တော့ စောစောက မရီကို ဖုန်းခေါ်ခိုင်းတဲ့ သူ့အမျိုးဖြစ်နေလို့ ဖုန်းကို လှမ်းပေးလိုက်ပါတယ်။

'ပြောပါ··မရီပါ။ ဘာ'

ရုတ်တရက်ဆိုသလို မရီက ဖုန်းကို နားထောင်နေရင်းမှ မျက်နှာက ဒေါသထွက်တဲ့အမူအရာ ဖြစ်သွားပါတယ်။

'ဟဲ့··ငါ့ကို ဘာမှတ်နေလို့လဲ။ ဘာ··ကျွန်တော်တို့ကားနဲ့ လာခေါ်မယ်။ ကောင်မလေးတွေကို လမ်းထိပ်က စောင့်ခိုင်းထားပါ ဟုတ်လား။ ဟဲ့··ငါက အပျိုကြီးဟဲ့။ နင်တို့စကားက ငါ့ကို စော်ကားနေပြီ'

အပျိုကြီးမရီက ဖုန်းကို ဒေါသတကြီးပစ်ချလိုက်ပါတယ်။

'ကောင်းသေးရဲ့လား စိန်သာဗလရယ်··ငါ့ကို ဟိုဟာမနဲ့ နာမည်မှားပြီး ပေါက်ကရတွေ လျှောက်ပြောတယ်။ ဒီ မရီဆိုတာ ဟိုဘက်လမ်းထိပ်မှာ ဘာညာလုပ်စားတာ။ ယောကျ်ားလေးတွေနဲ့ ပလူးပလဲနေတာ··မသိတာကျတ်လို့။ ဒီဖုန်းနံပါတ်ကို ဒီကောင်မ ဘာလို့ပေးထားရတာလဲ။ ဒါ ငါ့ကို အကြံသက်သက်အရှက်ခွဲတာ။ တွေ့မယ်··ရပ်ကွက်လူကြီး ဦးသူရဲ့ကို တိုင်မယ်'

'ဒါမျိုးကြီးလည်း ဖြစ်မှဖြစ်တတ်တယ်ဗျာ··မနက်ကတည်းက ရေ့ဆေးက ဖုန်းနဲ့မှားလို့ ဖြစ်လိုက်တဲ့ပြဿနာ'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလ အတော့်ကို စိတ်ညစ်သွားပါတယ်။ ဒီထက်ပို စိတ်ညစ်တာက နေ့လယ်ပိုင်း တယ်လီဖုန်းခ တစ်လစာဆောင်ဖို့ ငွေစာရင်းဖြတ်ပိုင်းလာတဲ့အခါမှာပဲ ဖြစ်ပါတယ်။ စိန်သာဗလသာမက ဦးဘတုတ်နဲ့ ဒေါ်ရွှေပါ ဟာခနဲ၊ ဟင်ခနဲဖြစ်ကုန်ပါတယ်။

'ဘယ်လိုဖြစ်တာလဲ အမေရာ..ဒေါ်လာနဲ့ နိုင်ငံခြားဖုန်းဆက်တာတွေကော၊ နယ်ခေါ်ခတွေကော မနည်းပါလား'

'အေး..အဲဒါ တယ်လီဖုန်းဆက်လို့ရတယ်၊ ခေါ်လို့ရတယ်ဆိုတဲ့ မင်းရဲ့ အစီအစဉ်လေ။ ကြည့်..ရန်ကုန်မြို့ထဲ ဆက်သလိုလိုနဲ့ နိုင်ငံခြားတွေကော နယ်တွေကောဆက်ပြီး ခပ်တည်တည်နဲ့လုပ်တာ။ ကဲ..အခုတော့ ဖုန်းဘီလ်တွေ ပေးတော့ပေါ့'

ဦးဘတုတ်စကားအဆုံး စိန်သာဗလခမျာ မျက်လုံးလေး ပေကလယ်ပေကလပ်နဲ့ ဒေါ်ရွှေကိုသာ ကြည့်နေမိပါတော့တယ်။

◆◆◆

နောက်နေ့မှာတော့ စိန်သာဗလအိမ်ရှေ့မှာ 'တယ်လီဖုန်းဆက်၍မရပါ' ဆိုတဲ့ ဆိုင်းဘုတ်က ဂုဏ်ယူဝင့်ကြွားစွာနဲ့ ခြံစည်းရိုးဝမှာ ချိတ်ဆွဲထားလျက် ရှိနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်တာ
ပြောလို့ကတော့
ပြောပါလေ့စေ။
လုပ်ချင်တာ
လုပ်လို့ကလည်း
လုပ်ပလေ့စေ
ညောင်းရင်
ရပ်သွားလိမ့်မယ်။

## အခန်း(၉)

အခုမှပဲ အရင်ပုံစံပြန်ရပြီလို့ စိန်သာဗလ ထင်မိပါတယ်။ အိမ်မှာ တယ်လီဖုန်းခေါ်ပေးရ၊ တယ်လီဖုန်းဆက်တဲ့လူကို အချိန်မှတ်ရနဲ့ အလုပ်ရှုပ်နေတာမျိုး မရှိတော့လို့ပါ။ သူငယ်ချင်းတွေ့လည်း မတွေ့ရတာ ကြာဆိုတော့ လက်ဖက်ရည်ဆိုင်ဘက်ကို ခြေဦးပြန်လှည့်မိပါတယ်။

'ဟာ..စိန်သာဗလ..လာကွာ၊ အခုမှပဲ မင်းမျက်နှာကို တစ်ဝကြီး ကြည့်ရတော့မယ်။ ဘယ်လိုလဲ..တယ်လီဖုန်းနဲ့ ဝင်ငွေတွေ အဆင်ပြေနေပြီ ဟုတ်လား'

သာဗျင်က ဝမ်းသာအားရနဲ့ မေးလိုက်ပါတယ်။

'တော်စမ်းပါ..တယ်လီဖုန်းဆိုတဲ့အသံ ကြားတောင်မကြားချင်ဘူး။ ဒါမျိုးကြီးက စိန်သာဗလအတွက် ဖြစ်မှဖြစ်တတ်လို့ပါကွာ'

စိန်သာဗလက ဖြစ်ကြောင်းရယ်တဲ့ကုန်စင် အစမှအဆုံး ရှင်းပြပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



‘ဒါမျိုးက နိုင်ငံတကာမှာတော့ မဖြစ်ဘူးကွ။ ဘာလို့လဲဆို ငါတို့ နိုင်ငံတကာမှာက လူတိုင်း တယ်လီဖုန်းကိုင်နိုင်လို့ကွ’

‘ဟာကွာ..ထွန်းရွှေရာ..မင်းမလည်း နိုင်ငံတကာမပါရင် စကား မဟုတ်တာ ကျနေတာပဲ’

သာဇျင်က ဝင်ပြီး ထွန်းရွှေကို ဘုတောလိုက်ပါတယ်။

‘စိန်သာဗလရေ..မင်းတို့အိမ်မှာ တယ်လီဖုန်းဆက်တာ ဆက်လို့မရ တော့ဘူးဆို’

ဆိုင်ထဲကို အော်ကြီးဟစ်ကျယ်နဲ့ ကိုတာတီးက အော်ပြောရင်း ရောက် လာပါတယ်။

‘တိုးတိုးပြောပါ ကိုတာတီးရာ..ခင်ဗျား သိနေပြီပဲဟာ’

‘ဟိတာပေါ့ စိန်သာဗလရ..ဒီလို တယ်လီဖုန်းမျိုး ဆယ်လူလာဆိုတဲ့ နိုင်ငံခြားဇာတ်ကားရှိတယ်။ ကင်ဘာဆင်းဂျားကို လူဆိုးတွေက ဖမ်းတာကွ သေနတ်ပစ်ခန်းတွေလည်း ဘာမိုက်သလဲမမေးနဲ့’

ကိုတာတီးကတော့ နိုင်ငံခြားရုပ်ရှင်ဝါသနာအိုးပီပီ သူ့ဝသီအတိုင်း ပြောတော့တာပါပဲ။

‘ပြောရဦးမယ်ကွာ..အခု သရဲဝတ္ထုတွေ ခေတ်စားနေတာ ဟေ့..အဲဒါတွေက Birdsနဲ့ Psychoတို့ဘာတို့ကို မမီဘူး။ ဒရက်ကူလာ သရဲကားက ခရစ္စတိုဖာလီတို့ဘာတို့ကို ပွန်နီဒက်ပ်တို့ဘာတို့က မီတယ်ကွာ’

‘ဖျို့..ကိုတာတီး..လက်ဖက်ရည်သောက်မယ်မဟုတ်လား။ ပြော တာလည်း ပြောပေါ့ဗျာ။ ခင်ဗျား မောနေမှာစိုးလို့’

ဖော်လိုမင်းစိန်က ရွဲ့ပြီးပြောတာကိုတောင် ကိုတာတီးက မသိဘဲ-

‘နိုင်ငံခြားရုပ်ရှင်ဇာတ်ကားတွေနဲ့ပတ်သက်လို့ ပြောရရင် မောမှန်း



တောင် မသိပါဘူးကွာ။ ကိုယ်က ဝါသနာပါတာကိုး။ ဂျိမ်းစ်ဘွန်းဇာတ် ကားတွေများ ကြည့်ရလို့ကတော့ ပိုဆိုးတယ်ဟေ့။ လူဆိုးတွေနဲ့ ပစ်ကြ ခတ်ကြတော့ ဂျိမ်းစ်ဘွန်းခမျာ ရေလေးဘာလေးတောင် မသောက်နိုင်ပါဘူး။ သူ့ခမျာ မောရပန်းရမှန်းမသိ ပြေးလွှားနေရတာ ရေတွေဘာတွေ ငတ်လို့။ ဟေ့..ဂျိမ်းစ်ဘွန်းက အမောခံနိုင်သားဟေ့’

ဇစိန်လာချပေးတဲ့ လက်ဖက်ရည်ကိုတောင် မသောက်အားပဲ ကိုတာ တီးက အရေးထဲ ဂျိမ်းစ်ဘွန်းကိုတောင် သွားပြီး စာနေနေပါသေးတယ်။

‘ရုပ်ရှင်ဆိုတာ အတုဆိုပေမယ့် ကြည့်ရသူအဖို့တော့ အရသာအသစ် ပေးတာက အမှန်ပဲကွ။ ရုပ်ရှင်ကို ကြည့်တတ်မယ်ဆိုရင် ဘယ်အရသာနဲ့မှ မတူဘူး။ အဲ..ဒီအထဲမှာ မြန်မာဇာတ်ကားတွေတော့ မပါဘူးပေါ့ကွာ’

ကိုတာတီးက ရှေ့မှာရှိနေတဲ့ လက်ဖက်ရည်ခွက်ကို တစ်ငုံသောက် လိုက်ပါတယ်။ ပြီးမှ-

‘သြော်..ဒါနဲ့ အိမ်ပွဲစားငြိမ်းအေးတစ်ယောက် မတွေ့ပါလားကွ။ ဟိုဘက်ရပ်ကွက်က ငါ့အဒေါ်အိမ် ပြန်ရောင်းချင်လို့တဲ့။ အဓိကကိစ္စက အဲဒီကိစ္စကွ။ ဟဲ..ဟဲ..မင်းတို့နဲ့တွေ့တာနဲ့ လာရင်းကိစ္စတောင် မေ့သွား တယ်’

‘ဒါဖြင့်ရင် ကိုတာတီးရေ..ညနေလောက်မှ ဒီကောင့်အိမ်သွား၊ ဒီ ကောင် ညနေ သောက်ချိန်၊စားချိန်ဆို ဘုမ်းမဆီက ပိုက်ဆံတောင်းဖို့ အိမ်မှာရှိတတ်တယ်’

‘စိန်သာဗလရေ..ဒါဆိုလည်း ညနေသွားလိုက်မယ်။ ငါ့အဒေါ်အိမ်က မြန်မြန်အရောင်းထွက်မှဟေ့။ အဒေါ်က အပျိုကြီးဆိုတော့ ဘာမှမသိဘူး။ သူက အိမ်ရောင်းလို့ရတာလေးနဲ့ သူရိပ်သာဝင်တဲ့ ဘုန်းကြီးကျောင်းတို့

www.burmeseclassic.com

www.burmeseclassic.com



လှုမလို့တဲ့။ ငါ့ကိုလည်း မုန့်ဖိုးပေးမယ်တဲ့ဟေ့။ ကဲ..လက်ဖက်ရည်ဖိုးလည်း မင်းတို့ ငါ့အတွက်ရှင်းလိုက်။ ဒီနေ့ နိုင်ငံခြားကားအသစ် ဘာရောက်သလဲ မသိဘူး။ ငါ ဗီဒီယိုအခွေဆိုင်ဘက် သွားလိုက်ဦးမယ်'

လက်ဖက်ရည်ခွက်ကို အမြန်မော့ချပြီး ကိုတာတီးက ဆိုင်ထဲကနေ ထွက်သွားပါတယ်။

'နိုင်ငံတကာမှာတော့ ဒါမျိုးမရှိဘူးဟေ့..ကိုယ်ပြောချင်တာပြောပြီး လက်ဖက်ရည်လည်း အလကားသောက်သွားသေးရဲ့ကွာ။ ကိုတာတီးတို့က တော့ အံ့ပါရဲ့ကွာ'

နိုင်ငံတကာထွန်းရွှေက ဆိုင်ထဲကနေ ထွက်သွားတဲ့ ကိုတာတီးကို ကြည့်ပြီး ဝေဖန်မှတ်ချက်ချလိုက်ပါတယ်။

'ကဲ..သာဖျင်နဲ့ စိန်သာဗလ..မင်းတို့ လက်ဖက်ရည်ဆိုင်မှာ ဆက် ထိုင်ဦးမလား။ ငါနဲ့ဖော်လို ကိစ္စရှိလို့ အပြင်သွားဦးမယ်'

'ဘယ်သွားမလို့လဲကွ'

စိန်သာဗလက နိုင်ငံတကာထွန်းရွှေကို မေးလိုက်ပါတယ်။

'ဒီလိုဟေ့..ဟိုဘက်ရပ်ကွက်မှာ ကာရာအိုကေ တစ်ရာဖိုးသုံးပုဒ် ဆိုလို့ရတဲ့ဆိုင်ရှိတယ်။ အဲဒါ သွားလေ့လာမလို့ဟေ့။ ဖော်လိုက သူ့အိမ်မှာ မြေကကျယ်တော့ စီးပွားရေးလေးဘာလေးဖြစ်အောင် ကာရာအိုကေသီချင်း ဆိုတဲ့ အခန်းလေးဖွင့်ရင် ကောင်းမယ်ဆိုလို့ဟေ့။ နိုင်ငံတကာမှာတော့ ဒါမျိုးတွေက စိတ်ရဲ့အပန်းဖြေခြင်းမို့လို့ အတော့်ကို ခေတ်စားနေတယ်ဟ'

'ကောင်းတာပေါ့ ဖော်လိုရ..ငါတို့လည်း ကူညီလို့ရတာပေါ့။ သွားသာ လေ့လာချေ'

စိန်သာဗလစကားကို ဖော်လိုက ပြုံးပြုံးကြီးနဲ့ နားထောင်ရင်းက



ကျေနပ်ပြီး ငစိန့်ကို လက်ဖက်ရည်ဖိုးတွေ အားလုံးစာရှင်းပေးပြီး ဆိုင်ထဲ ကနေ ထွက်သွားပါတယ်။

'ဘယ်ဆိုးလို့လဲ စိန်သာဗလရေ..ဖော်လိုတို့ စီးပွားရေးတွေဘာတွေ လုပ်တော့မှာပဲ'

'ဒါမျိုးကြီးလည်းဖြစ်တတ်ပါတယ်။ ဒီအသက် ဒီအရွယ်မှာ စီးပွား ရေးလုပ်မှ တော်ကာတန်ကာကျမှာပေါ့'

အဲဒီနောက် စိန်သာဗလနဲ့ သာဖျင်တို့နှစ်ယောက် ဘာစကားမှမဆိုဘဲ လက်ဖက်ရည်ဆိုင်အပြင်ဘက်ကို ငေးကြည့်လို့နေပါတယ်။

'စိန်သာဗလ..ဟိုမှာ ဟန်အေးပါလား။ ဒီကောင် အစောကြီးရှိသေး တယ်။ မူးလာပြန်ပြီလားမသိဘူး'

ရုတ်တရက်ဆိုးသလို သာဖျင်က လမ်းမဘက်ကို လက်ညှိုးထိုးပြလို့ ကြည့်လိုက်တော့ ရပ်ကွက်ထဲက စိန်သာဗလတို့သူငယ်ချင်း ဟန်အေးက လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာပါတယ်။

'သူငယ်ချင်းတို့..ကောင်းနေပြီလား'

'ဟေ့ကောင် ဟန်အေး..ဒီစကားက ငါတို့က မင်းကိုမေးရမှာကွ'

သာဖျင်က ဟန်အေးကို ဘုတော,တောလိုက်ပါတယ်။

'ကိုယ်မှားသွားတယ်။ ဆောရီး..သူငယ်ချင်းတို့ ကောင်းရဲ့လားဆို တာက လက်ဖက်ရည်ဆိုင်ထိုင်တာ အရှိန်ရနေပြီလား မေးတာ။ ကိုယ်တို့ သမကာစကားနဲ့ ဘာသာဗေဒချင်း မှားသွားလို့ပါကွာ'

'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ် ဟန်အေးရယ်..ဒါနဲ့ ဘယ်လို ဖြစ်လို့ ဆိုင်မှားပြီး လက်ဖက်ရည်ဆိုင်ရောက်လာတာလဲ'

စိန်သာဗလရဲ့အမေးကို ဟန်အေးက ရယ်ကျဲကျဲလုပ်ရင်းမှ-

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုကွ..ငါ အကြံဉာဏ်ကောင်းတာ။ ငါ့သူငယ်ချင်းတွေက မယုံလို့။ ငါနယ်မှာ ကုန်ရောင်းကုန်ဝယ်သွားလုပ်မလားလို့'

'ဟော..မင်းက အလုပ်လုပ်မလို့ ဟုတ်လား'

စိန်သာဗလနဲ့ သာဗျင်ဆီမှ စကားသံက အုံ့အားတသင့်နဲ့ ပြိုင်တူထွက်သွားပါတယ်။

'ဒီနေ့တော့ ထီသာဖွင့်ရင် ထီပေါက်မလားမသိဘူး။ ဖော်လိုကလည်း ကာရာအိုကေဆိုင်ဖွင့်ဖို့ စီစဉ်တယ်။ ဟော..ဟန်အေးကျတော့လည်း အလုပ်လုပ်မလို့တဲ့။ ဘုရား..ဘုရား..ဘယ်လိုတွေဖြစ်ကုန်သလဲကွယ်'

သာဗျင်က ဟန်အေးကို ကြည့်ရင်းက ပြောလိုက်ပါတယ်။

'ဒါမျိုးကြီးကတော့ ဖြစ်ခဲတယ်ဟေ့..ဟန်အေးတို့လို နေမထွက်ခင်တည်းက နေဝင်တဲ့ထိ သောက်တဲ့လူက အလုပ်လုပ်မယ်ဆိုတော့ အရင်းအနှီးကကော ဘယ်သူထုတ်ပေးမှာလဲ'

'အဲဒါပဲပေါ့ စိန်သာဗလရယ်..မူဆယ်မှာ စီဒီအခွေလွှတ်တွေ ဝယ်ပြီး ဒီမှာ ပြန်သွင်းမှာဆိုတော့ အရင်းအနှီးက အရေးကြီးတယ်။ ဘာလုပ်ရမှန်းမသိဘူးကွ'

စိန်သာဗလက လက်ဖျောက်တစ်ချက်တီးလိုက်ရင်းက-

'ဟုတ်ပြီ ဟန်အေး..ငါ အကြံပေးမယ်။ အိမ်မှာ မင်းရဲ့အဖေနဲ့ တိုင်ပင်ကြည့်။ မင်းအဖေလက်ခံရင် အဆင်ပြေပြီ။ မင်းတို့အိမ်က မိုးထားတဲ့ သွပ်တွေက အသစ်တွေချည်းမဟုတ်လား။ အဲဒါတွေကိုခွာပြီး ပြန်ရောင်းရင် အရင်းအနှီးရမယ်။ မင်းအဖေကို ပြောပေါ့။ ခနိပြန်မိုးပေးမယ်။ ခနိက ရောဂါမဖြစ်ဘူး၊ မပူဘူး၊ အေးတယ်ပေါ့ကွာ'

စိန်သာဗလစကားအဆုံး ဟန်အေးက ဝမ်းသာအားရအမူအရာနဲ့-



'အိုကေ သူငယ်ချင်း..ဒီအကြံကို မေ့နေတာ။ အဖေနဲ့ အခုပဲ သွားတိုင်ပင်မယ်။ ကျေးဇူး သူငယ်ချင်း..ကျေးဇူး'

လက်ဖက်ရည်ဆိုင်ထဲကနေ စိန်သာဗလကို နှုတ်ဆက်ပြီး ဟန်အေးက ဝမ်းသာအားရနဲ့ ထွက်သွားပါတယ်။

'စိန်သာဗလ..မင်းနဲ့ကွာ..ဘယ်လိုအကြံပေးလိုက်တာလဲ။ သူ့အိမ်က သွပ်တွေကိုခွာပြီး ရောင်းခိုင်းတာ ဘယ်မိဘက လက်ခံမှာလဲ'

'ငါသိတာပေါ့ သာဗျင်ရာ..တမင်တကာ ဆန့်ကျင်ဘက်ကို ပြောလိုက်တာပေါ့။ ဒီကောင် မူးမူးနဲ့ ပြောချင်ရာပြောတယ်ထင်လို့ကို ပြောလိုက်တာ'

'တော်ကြကွာ..ဟန်အေးကမူးမူးနဲ့ သူ့အဖေအိမ်က သွပ်တွေ အတင်းခွာနေမှဖြင့်ကွာ'

'မခွာပါဘူး သာဗျင်ရာ..သူ့အဖေလား..သွပ်ခွာရောင်းပြီး အရင်းအနှီးထုတ်ပေးမှာ..ဝေးသေးရဲ့'

နေက အတော်လေးပူလာပါပြီ။ စိန်သာဗလက လက်က နာရီကို ကြည့်တော့ မနက်ဆယ်နာရီလောက် ရှိပြီ။

'ဟော..အခုမှ သတိရတယ်။ အဖေခိုင်းထားတဲ့ကိစ္စလေးတွေ ရှိလို့ သွားဦးမှ'

လက်ဖက်ရည်ဆိုင်ထဲကနေ ကောက်ခါငင်ခါထသွားတဲ့ စိန်သာဗလကို ကြည့်ရင်း သာဗျင်က ဘာပြောရမှန်းမသိ။ မထူးပါဘူးဆိုပြီး သာဗျင်ကတော့ ဧ ဒင်စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေပါရဲ့။

◆◆◆

ညနေစာစားပြီးသွားလို့ ပက်လက်ကုလားထိုင်မှာထိုင်ရင်း ထမင်းလုံး

www.burmeseclassic.com

www.burmeseclassic.com



စီနေတဲ့ စိန်သာဗလ ဘယ်သွားရင်ကောင်းမလဲ စဉ်းစားနေမိတယ်။

မနက်က ဖော်လိုမင်းစိန်နဲ့ နိုင်ငံတကာထွန်းရွှေတို့နှစ်ယောက် ကာရာအိုကေဆိုင်ဖွင့်ဖို့ သွားလေ့လာတာ ဘယ်လိုလဲဆိုတော မေးရင် ကောင်းမယ်ဆိုပြီး အိမ်ကနေထွက်လာပါတယ်။ လမ်းလည်းရောက်ရော–

'စိန်သာဗလ··ဘယ်လဲ'

'သာဗျင်··မင်းကကော'

'ဖော်လိုအိမ်သွားမလို့။ ဒီကောင်နဲ့ နိုင်ငံတကာ စုံစမ်းတဲ့ ကာရာအိုကေဆိုင်အကြောင်းပေါ့ကွာ'

'ဟုတ်ပြီဟေ့··ဒါမျိုးကြီးတွေကျတော့ အကြံကတူနေပြီ'

စိန်သာဗလနဲ့သာဗျင်တို့ ဖော်လိုမင်းစိန်အိမ်ဘက် အတူတူထွက်လာခဲ့တယ်။

◆◆◆

'စိန်သာဗလတို့ပါလားဟေ့··လာကွာ'

ဖော်လိုက စိန်သာဗလနဲ့ သာဗျင်ကို ဝမ်းသာအားရနဲ့ပြောရင်းက အိမ်ပေါ်ကို ခေါ်လိုက်ပါတယ်။

'ဘယ်လိုလဲ ဖော်လို··မင်း ကာရာအိုကေဆိုင်ဖွင့်မယ့်ကိစ္စ လေ့လာတာ ဘယ်လိုရှိလဲ'

သာဗျင်က မေးလိုက်ပါတယ်။

'မဆိုးဘူးကွ··အဆိုဝါသနာရှင်တွေများသားဟေ့။ သူတို့ပြောပုံအရဆို ညပိုင်းတွေမှာ ပိုများတယ်တဲ့။ လူတွေရဲ့စိတ်ထွက်ပေါက်က တစ်နေ့တာ နွမ်းနယ်သမျှအားလုံး သီချင်းဆိုတာနဲ့ စီးမျောတာတဲ့။ ကိုယ်က အခွေ ကောင် ဝယ်နိုင်ဖို့ပဲလိုတယ်။ တစ်နေ့ကို ဝင်ငွေက ငါးထောင်လောက် ရ



တယ်တဲ့။ ခြောက်သိန်း ခုနစ်သိန်းလောက်တော့ ရင်းရမှာပဲ။ ဒါက စက်ဖိုးချည်းပဲ ရှိသေးတယ်။ အဆောက်အဦဆောက်တာ မပါသေးဘူး'

'ကောင်းတာပေါ့ကွ··နေ့စဉ်ဝင်ငွေရတော့ ငါတို့ကို လက်ဖက်ရည်နေ့တိုင်း တိုက်နိုင်တာပေါ့ကွာ'

သာဗျင်စကားအဆုံး စိန်သာဗလက–

'ဖော်လို··သီချင်းဆိုတဲ့လူတွေကိုလည်း ဆိုတာ ကောင်းတာတို့၊ မကောင်းတာတို့။ လာဆိုတဲ့လူတွေစကားနားထောင်ပြီး ဖော်လို မလိုက်နဲ့နော်။ ကိုယ့်ဘာသာကိုယ် စက်ဖွင့်ပေး။ ဒါမျိုးကြီးတွေ မင်းက ဖြစ်မှာစိုးလို့'

'အေးပါ··စိန်သာဗလရယ်··မင်းတို့လည်း အဆိုလေးဘာလေး ဟဲလို့ရတာပေါ့'

'ဖော်လို··မင်းသာ ကာရာအိုကေဆိုင်ဖွင့်လို့ကတော့ အခုဆို ငါတို့ ရပ်ကွက်ထဲမှာ ရွာဆန်လို့ဆိုပြီး ဗီဒီယိုလာလာရိုက်နေတဲ့သူတွေတောင် စာစ်ရာ့ဖိုးသုံးပုဒ်ဆိုတော့ ဝင်ဟဲချင်သူ ဟဲဦးမှာ။ မြန်မြန်သာ ဖွင့်ဟေ့'

'ရှေ့လလောက်တော့ဖွင့်မယ် သာဗျင်ရာ··ဖွင့်ပွဲတွေဘာတွေ လုပ်တာပေါ့။ ဒါပေမဲ့ အသောက်အစားတော့ ပါလို့မရဘူး။ တော်ကြာ စိန်သာဗလမွေးနေ့ပွဲကလို ဖြစ်ကုန်မှာစိုးလို့'

ဖော်လိုက စိန်သာဗလတို့နဲ့ စကားပြောနေရင်းမှ လမ်းမဘက်ကို ကြည့်လိုက်ပါတယ်။

'ကိုတာတီးပါလားဟေ့··ကြားရဦးမယ်ကွာ·· ရုပ်ရှင်အကြောင်းတွေနား ငွမ်းဆို့တားမှဖြစ်မယ်'

'ဘယ်လိုဖြစ်တာလဲ ဖော်လို··ဒီတစ်ခါတော့ မင်း ဖော်လိုမလိုက်တော့ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖော်လိုလိုက်လို့မဖြစ်ဘူး စိန်သာဗလရေ..ဒါမျိုးက နားကိုက်တယ်'

ဖော်လိုက ပြောပြီးရုံသာရှိသေး ကိုတာတီးက စိန်သာဗလတို့ရှိတဲ့နေရာ ရောက်လာပါတယ်။

'စိန်သာဗလတို့ကော သာဖျင်တို့ကောပါလား။ အေးကွာ..ငါလည်း မင်းအိမ်ရောက်ခဲ့သေးတယ်။ ငြိမ်းအေးနဲ့ အိမ်မှာမတွေ့ဘူး။ ငါ့အဒေါ်အိမ်ကိစ္စလေ။ မင်းအိမ်က မင်းသူငယ်ချင်းတစ်အိမ်အိမ်မှာ ရှိနိုင်တယ်ဆိုလို့ အရင်ဆုံး ဖော်လိုအိမ်လာတာ။ ငြိမ်းအေးမှမဟုတ်ပါဘူး၊ မင်းတို့အသိတွေထဲက အိမ်ဝယ်သူ ရှိမယ်ဆိုလည်း ရပါတယ်ကွာ'

'ဒါမျိုးကြီးက ရပါတယ်။ ငြိမ်းအေးနဲ့ဆိုလည်း ပိုကောင်းတာပဲ'

စိန်သာဗလစကားအဆုံး ကိုတာတီးက ဖော်လိုကို-

'ဖော်လို..မင်း ကာရာအိုကေဖွင့်မလို့ဆို။ ဟိုဘက်ရပ်ကွက်မှာ ဘယ်လိုဖွင့်ရသလဲဆိုပြီး ဒီနေ့သွားလေ့လာတာ။ ငါ့ကို ဟိုဘက်ရပ်ကွက်က ပြောလိုက်လို့'

'ဟုတ်တယ် ကိုတာတီးရဲ့..နေ့စဉ်ဝင်ငွေလေးဘာလေး ရအောင်ပေါ့ဗျာ'

'ဒီကာရာအိုကေဆိုတာ ဂျပန်က စတာကွ။ အရင်တုန်းက အဲဒါမျိုး မဟုတ်ဘူး။ အခုကို နိုင်ငံတကာမှာပြနေတဲ့ 'ဂေရှားမယ်'ဇာတ်ကား သိတယ်မဟုတ်လား။ အရင်တုန်းက ကာရာအိုကေအစား ဂေရှားမယ်တွေက အဆို၊ အက၊ အနှိပ် အားလုံးပဲပေါ့။ ဒါကို တရုတ်က မင်းသမီးဂေါင်းလီတို့ဘာတို့နဲ့ သရုပ်ဆောင်လိုက်တော့ ကမ္ဘာကျော်သွားတာပဲပေါ့။ ဒီလို ဂန္ထဝင်မြောက်တဲ့ ဂျပန်ဇာတ်ကားရှိသေးတယ်။ Snow Country လေ၊ ဂေရှားမယ်တွေဘဝကို ရိုက်ပြတာ။ သိပ်ကောင်းပေါ့'



စိန်သာဗလတို့ တော်တော်ခေါင်းစားသွားပါတယ်။ ကိုတာတီးကတော့ သူ့ဝသီအတိုင်း လုပ်ပြီလို့။ ဒါကို စိန်သာဗလက ဖော်လိုကို မျက်စိမှိတ်ပြရင်း-

'ဖော်လိုရေ..ချဲလင်တံခါးကျိတ်ပေါ့'

'ဟာ..အဲဒီဇာတ်ကား သိပ်ကောင်းတာပေါ့ကွာ။ မိုက်ကယ်ဒေါက်ကလပ်စ်နဲ့ ဘရုစ်ဝီလီတို့ တစ်ယောက်က ရဲ၊ တစ်ယောက်က လူဆိုး။ သေနတ်တွေပစ်တာ ဘာပြောကောင်းမလဲကွာ။ မြက်ခင်းပေါ်မှာ ထိုးကြိတ်ကြနဲ့ ရေရေလည်လည် မိုက်တာ'

'မဟုတ်ဘူး ကိုတာတီးရ..ဖော်လိုကို ကျွန်တော်ပြောတာက ချဲလင်တံခါးကျိတ်ဆိုတာ ခြင်တွေ ပြတင်းပေါက်ကဝင်လာလို့ တံခါးပိတ်ပေါ့လို့ပြောတာ။ ခင်ဗျားကလည်း ဒါမျိုးကြီး ဖြစ်,ဖြစ်တတ်ပါရဲ့။ စကားမဟာနဲ့။ သတာနဲ့ ရုပ်ရှင်ဇာတ်ကားထင်နေတာကိုး'

ကိုတာတီးက ရှက်ကိုးရှက်ကန်းအမူအရ ဖြစ်သွားရင်းမှ-

'ဟော..ဒါလား။ ငါက သိပါဘူးကွာ။ ငါကြည့်ရတဲ့ ရုပ်ရှင်ဇာတ်ကားနာမည်နဲ့တူလို့။ အဲဒီဇာတ်ကားပြောတယ် ထင်သွားတာ။ Sorry... Sorry'

ကောက်ခါငင်ကာပါပဲ။ ကိုတာတီးတစ်ယောက် ဖော်လိုတို့အိမ်ပေါ်ကနေ ထွက်သွားပါတယ်။

'စိန်သာဗလကတော့ ပိုင်တယ်ကွာ။ ကိုတာတီး တစ်ခါတည်း လစ်ပြေးတာ'

'ဖော်လိုရေ..တမင်တကာ ငါက ဆန့်ကျင်ဘက် ရွှေ့ပြောလိုက်တာ။ အဲဒါ သာဖျင်ပေးတဲ့ ကက်ကင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့ကွာ..အမြဲလွဲတဲ့ စိန်သာဗလ..တည့်အောင်လုပ်ပေးလိုက်တာ'

စိန်သာဗလတို့သုံးယောက်သား ရောက်တတ်ရာရာ စကားတွေ ပြောင်းကြတာ မိုးတော်တော်ချုပ်မှပဲ လူစုခွဲပြီး အိမ်ပြန်လာခဲ့ကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မမြင်ရတဲ့
ပရလောကထဲက
ပြိတ္တာ၊ သရဲ၊ တစ္ဆေထက်
ကိုယ့်ခန္ဓာထဲက
သရဲသဘက်ကို ကြောက်ပါ။

## အခန်း(၁၀)

'စိန်သာဗလရေ..စိန်သာဗလရေ..'

အိမ်ရှေ့ခြံစည်းရိုးရှေ့ကနေ အော်သံကြားလို့ စိန်သာဗလ ကြည့်လိုက်တော့ အိမ်ရှေ့မှာ ခရီတွေတင်ထားတဲ့ လှည်းတစ်စီးရပ်ထားပြီး ဟန်အေးကို တွေ့ရပါတယ်။

'စိန်သာဗလရေ..မင်းပြောတဲ့အကြံအတိုင်း ငါက အမေ့ကို ပြောပြတာ၊ ငါ့အဖေကလည်း လက်ခံတယ်ဟေ့။ သူလည်း သွပ်မိုးနဲ့နေရတာ ပူလို့၊ မနေချင်ဘူးတဲ့။ ဒါနဲ့ပဲ အိမ်မှာမိုးထားတဲ့ သွပ်တွေကော၊ ပြီးတော့ အိမ်သာမှာမိုးထားတဲ့သွပ်ပါမကျန် အကုန်ရှောင်းလိုက်ပြီဟေ့။ အခု ဒီခရီတွေ ပြန်ရိုးမယ်။ အရင်းအနှီးလည်းရပြီ။ အဲဒါ မင်းပေးတဲ့အကြံပဲဟေ့။ မူဆယ်က ပြန်လာရင် မင်းအတွက် လက်ဆောင်ဝယ်လာပေးမယ်ဟေ့'

ဟန်အေးကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆန့်ကျင်ဘက်ပြောတာ တကယ်အတည်ဖြစ်သွားလို့ စိန်သာဗလက–

www.burmeseclassic.com

www.burmeseclassic.com



'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်။ ဒါမျိုးကြီးမျိုးကို သာဖျင်ကို ပြောပြရဦးမယ်'

'အေး‥ဒါဆို သွားပြီ စိန်သာဗလရေ'

စိန်သာဗလခြံဝင်းရှေ့ကနေ ဟန်အေးက ခေါင်းလှည့်ကို တွန်းသွားပါတယ်။

စိန်သာဗလလည်း လက်ဖက်ရည်ဆိုင်ဘက်ကို သုတ်ခြေတင်ထွက်လာခဲ့ပါတယ်။

◆◆◆

'ဒါဆို ဟန်အေးက တကယ်စီးပွားရေးလုပ်တော့မှာပေါ့'

'ဟုတ်တယ် သာဖျင်ရေ‥‥ဒီအမူးသမားတော့ တကယ်စီးပွားရေးလုပ်ဖြစ်သွားပြီ။ ဘာတွေ ဆက်ဖြစ်လာဦးမလဲမသိဘူး'

'ဟ‥ဒါမျိုးက တကယ်စီးပွားဖြစ်သွားတဲ့လူမျိုးတွေ ရှိတယ်နော်'

သာဖျင်နဲ့ စိန်သာဗလတို့နှစ်ယောက် ဟန်အေးအကြောင်း စကားကောင်းနေတုန်း နိုင်ငံတကာထွန်းရွှေနဲ့ အိမ်ပွဲစားငြိမ်းအေး ရောက်လာပါတယ်။ စိန်သာဗလက ရောက်ရောက်ချင်းဆိုသလို–

'ငြိမ်းအေး‥မင်း ကိုတာတီးနဲ့ တွေ့ပြီးပြီလား။ သူ့အဒေါ်အိမ် ရောင်းမယ်ဆိုတာလေ'

'တော်စမ်းပါကွာ‥အဲဒီ သူ့အဒေါ်အိမ်က လမ်းရဲ့အစွန်မှာ ဆောက်ထားတဲ့အိမ်မဲကြီးကွ။ လူကလည်း အဲဒီနေရာနားမှာ ကန်စွန်းခင်းပဲရှိလို့ လူပြတ်တယ်။ အဲဒီအိမ်က သရဲခြောက်တယ်ဆိုပြီး နာမည်ကြီးနေတာ။ ဘယ်သူက ဝယ်မှာလဲ။ ဒီမှာလည်း ခေါင်းစားနေလို့ဟေ့'

ငြိမ်းအေးက စိန်သာဗလအမေးကို ဖြေရင်းက သူ့မျက်နှာမှာ တစ်စုံ



တစ်ခုကို စိုးရိမ်ထိတ်လန့်နေသလိုမျိုး ဖြစ်နေပါတယ်။ ဒါကို သာဖျင်က သတိထားမိသွားပါတယ်။

'ငြိမ်းအေး‥မင်းမျက်နှာက ဘာဖြစ်တာလဲ။ တစ်ခုခုလန့်နေသလိုပဲ'

'သာဖျင်ရာ‥ငါက ဘာမှမကြောက်တတ်ဘူးဆိုတာ မင်းသိသားနဲ့။ အခု တစ်ရက်,နှစ်ရက်မှာကွ။ ညဘက် တစ်ရေးနိုး အိမ်သာသွားတိုင်း ခြံထောင့်မှာ သရဲခြောက်ခံရတယ်ကွာ'

ငြိမ်းအေးစကားကြောင့် အားလုံးက အာရုံစူးစိုက်ပြီး စိတ်ဝင်တစားနားထောင်လို့နေပါတယ်။

'ဟုတ်ပါ့မလား ငြိမ်းအေးရာ‥မင်းက မူးမူးနဲ့ မြင်မိမြင်ရာ မြင်နေတာဖြစ်ပါဦးမယ်။ မင်းမိန်းမ မိခိုင်ကျတော့ကော အခြောက်မခံရဘူးလား။ ဒါမျိုးကြီးက ဟုတ်မှလည်း လုပ်စမ်းပါ'

'တကယ်ပါ စိန်သာဗလရ‥သရဲက ငါ့တစ်ယောက်တည်း ရွေးခြောက်တာကွ။ နှစ်ရက်ဆက်တိုက်ကို ခြောက်ခံရတာ။ ငါက ညတစ်ရေးနိုး အိမ်သာတက်တဲ့အကျင့်ကပါနေတော့ ခက်တယ်ကွာ။ ငါ့မိန်းမနဲ့ ခယ်မကျတော့ တစ်ရေးနိုး အပေါ့အပါးမှ မသွားတတ်တော့ ဘယ်ခြောက်ခံရပါ့မလဲကွာ'

ငြိမ်းအေးက သက်ပြင်းမှုတ်ထုတ်လိုက်ရင်းမှ ရေနွေးကြမ်းကို ငုံ့သောက်လိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ ဒီလိုသရဲခြောက်တာမျိုးတွေ ရှိတယ်ကွ။ တချို့က ကားပေါ်မှာ သရဲက ပါလာတာ။ တချို့က အိမ်ကြီးထဲမှာ ခြောက်တာတွေလေကွာ'

'ထွန်းရွှေရာ‥အဲဒါတွေက မင်းစာအုပ်ထဲမှာ ဖတ်မှုတာတွေဟုတ်

www.burmeseclassic.com



'ဘယ်ကလာ စာအုပ်ထဲ ဖတ်ရမှာလဲ သာဗျင်ရ..ရုပ်ရှင်တွေ ဗီဒီယို တွေထဲမှာ ကြည့်ရတာလေကွာ။ ဒါက နိုင်ငံတကာမှာရှိလို့နေမှာပေါ့'

စိန်သာဗလက ထွန်းရွှေကို ကြည့်ရင်းက–

'ထွန်းရွှေရာ..မင်းကိုလေ ကိုတာတီးနဲ့ တွဲပေးရမယ်။ နိုင်ငံတကာမှာ က ရုပ်ရှင်၊ဗီဒီယိုဆိုတာ ကမ္ဘာကိုဖြန့်ရတော့ ကြည့်ကောင်းအောင် ရိုက်ရ တာပေါ့ကွာ။ ဒါမျိုးကြီးတွေက လူတွေ ယုံထင်၊ကြောင်ထင် ထင်ဦးမယ်'

ငြိမ်းအေးက စိတ်ပျက်လက်ပျက်အမူအရာနဲ့–

'လုပ်စမ်းပါဦးကွာ..ငါ့ကို သရဲမခြောက်တဲ့နည်း ပေးစမ်းပါဦးကွာ'

ငြိမ်းအေးပုံစံက တကယ်မသိလို့ နည်းလမ်းတောင်းတဲ့ဟန်မျိုး ပေါက် နေပါတယ်။ အိမ်ပွဲစားဗိဗိ သူများကို လေတစ်လုံး မိုးတစ်လုံး ပြောခဲ့လေ သမျှ ဒင်းကို ဒီတစ်ချီတော့ ကောင်းကောင်းပညာပေးရတော့မယ်လို့။

'ဒီလိုလုပ် ငြိမ်းအေးရဲ့..သရဲကို တန်ပြန်တဲ့နည်းပေါ့ကွာ။ မင်း ညအိပ်တော့မယ်ဆို မျက်နှာကို အိုးမည်းသုတ်ပြီး အိပ်။ အဲ..မင်းရဲ့မိန်းမ မိနိုင်နဲ့ တစ်ခြင်ထောင်တည်းမအိပ်နဲ့၊ ခွဲအိပ်။ ပြီးတော့ မင်းရဲ့မျက်နှာကို အိုးမည်းသုတ်တာ ဘယ်သူမှမသိစေနဲ့။ ညတစ်ရေးနိုး အိမ်သာသွားရင် ပုဆိုးကိုခြုံလိုက်၊ ပါးစပ်က အဖျားတက်သလို ညည်း။ သရဲနဲ့တွေ့ရင် ခြုံထားတဲ့ပုဆိုးကိုလှစ်ပြီး မင်းရဲ့မျက်နှာကို ပြလိုက်။ ဒါဆို မင်းကိုခြောက်တဲ့ သရဲက တစ်ခါတည်း မင်းရဲ့မျက်နှာကိုမြင်ပြီး ထွက်ပြေးလိမ့်မယ်။ မယုံရင် ငါပြောတဲ့အတိုင်း ဒီည လုပ်ကြည့်'

ငြိမ်းအေးက စိန်သာဗလရဲ့ အကြံပေးတဲ့စကားအဆုံး–

'စိတ်ချ စိန်သာဗလ..ငါ့ကိုခြောက်တဲ့သရဲ ဒီညတော့ မင်းရဲ့နည်း



တိုင်း တွေ့ပြီပေါ့ကွာ'

'စိန်သာဗလ..မင်းရဲ့နည်းကိုတော့ ငါတို့နိုင်ငံတကာမှာ မတွေ့ဖူး ဘူးနော်'

နိုင်ငံတကာထွန်းရွှေက လက်ခါပြရင်းမှ စိန်သာဗလကို ပြောလိုက် ပါတယ်။

'ဒါက မြန်မာနည်းကွ။ ငါလေ့လာထားတာကို အခုလိုပြောခွင့်ရတာ'

'ဟော့ကောင် စိန်သာဗလရေ..သာဗျင်ဆိုတဲ့ ငါနဲ့ မင်းနဲ့ ပေါင်းနေ တာ အတော်ကြာပြီ။ မင်းမှာ ဒီလိုဟာမျိုးတွေသိတာ ငါ့ယည်းမသိရပါလား'

အရေးထဲ သာဗျင်က စပ်နေလို့ စိန်သာဗလက မသိမသာ မျက်စိ ပြလိုက်တော့မှ သာဗျင်က ပြုံးပြုံးကြီးလုပ်ရင်း ခေါင်းညိတ်ပြလိုက်ပါ တယ်။

'ငြိမ်းအေး..ဒီည မင်းလုပ်ကြည့်ဖြစ်အောင်သာ လုပ်ဟေ့။ ဒါမျိုးကြီး ဖြစ်ကိုဖြစ်လာမှာ'

'တွေ့ပြီကွာ..ငါ့ကိုခြောက်တဲ့သရဲ ငါက ပြန်ခြောက်ပြီး ချုံနံ့ပါတ်၊ ပုံနံ့ပါတ်ကို တောင်းကိုတောင်းပစ်လိုက်ဦးမယ်'

ငြိမ်းအေးရဲ့အမူအရာက စောစောက လက်ဖက်ရည်ဆိုင်ထဲကိုလာတဲ့ ပုံမျိုးမဟုတ်တော့တာ အမှန်ပါ။

စိန်သာဗလကတော့ ညရောက်လျှင်တော့ ငြိမ်းအေးတစ်ယောက် ဘယ်လိုဘယ်ပုံ ရင်ဆိုင်လေမလဲဆိုတာ သိချင်နေတာက အမှန်ပါပဲ။

◆◆◆

နောက်တစ်နေ့ မိုးလင်း လက်ဖက်ရည်ဆိုင်ရောက်တော့ ငြိမ်းအေး တစ်ယောက် စိန်သာဗလရဲ့ လမ်းညွှန်ချက်အတိုင်း သရဲပကြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



သူက ပြန်ခြောက်ရင်း တွေ့ခဲ့ရတာတွေကို ပြောပြရင်း ကြားခဲ့ရတာတွေက တော့···။

◆◆◆

အိမ်ထဲမှာ အားလုံးက အိပ်မောကျနေပြီ။ ငြိမ်းအေးတစ်ယောက် အသာလေး ခြင်ထောင်ထဲက ထွက်လိုက်တယ်။ သူ့မိန်းမ မိနိုင်ကတောင် သူ့ကို မေးသေးတယ်။ ဘာဖြစ်လို့ ခြင်ထောင်ခွဲအိပ်သလဲမေးတော့ လွတ်လွတ်လပ်လပ် အိပ်ရအောင်လို့ဆိုပြီး သူက ရှင်းပြခဲ့ရသေးတယ်။

အဲ··ခြင်ထောင်ခြေရင်းမှာ အိမ်ကလူတွေမသိအောင် မီးဖိုချောင်ထဲကနေ ဝှက်ပြီးယူလာတဲ့ ထမင်းအိုးဖင်ကို လက်နဲ့စမ်းပြီး ထမင်းအိုးဖင်က ပေနေတဲ့ အိုးမည်းတွေကို မျက်နှာမှာ စိမ်ပြေနပြေ ထိုင်သုတ်လိုက်တယ်။ စိတ်ထဲကလည်း သူ့ကိုခြောက်တဲ့သရဲတော့ တွေ့ပြီလို့။

ပြီးသည်းပြီးရော ခြင်ထောင်ထဲပြန်ဝင်ပြီး အိပ်လိုက်တယ်။

ညဉ့်နက်တော့ သူ့အကျင့်အတိုင်း အိမ်သာက တက်ချင်လာတယ်။ ဒါနဲ့ ခြင်ထောင်ထဲက သူထွက်ပြီး ပုဆိုးကိုခြုံ အိမ်သာတက်ဖို့ နောက်ဖေး တံခါးကိုဖွင့်ပြီး ပါးစပ်က စိန်သာဗလက ညည်းခိုင်းတဲ့အတိုင်း ညည်းရင်း အိမ်သာရှိတဲ့နေရာ လျှောက်လာခဲ့တယ်။ လကလည်း မိုက်နေတော့ မှောင်မည်းနေတယ်။

ခါတိုင်းနှစ်ရက်က သူ့ကို အိမ်သာတက်တုန်း သရဲခြောက်တဲ့ ငှက်ပျောပင်ကြားကို သူကြည့်လိုက်တယ်။ လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ အရိပ်နှစ်ခုကို တွေ့ရတယ်။

ငြိမ်းအေး တွေးလိုက်တယ်။ သေချာပြီ ဒါသူ့ကိုခြောက်တဲ့ သရဲပဲလို့။ ညကသောက်ထားတဲ့ အရှိန်ကလည်း မပြေသေးတဲ့အပြင် စိန်သာဗလရဲ့



ညွှန်ကြားချက်အတိုင်း လုပ်ထားတာဆိုတော့ ရဲကလည်း နည်းနည်းရဲနေတယ်။ ဖြစ်ချင်ရာဖြစ် အဲဒီငှက်ပျောပင်နားက အရိပ်နှစ်ခုနဲ့ ခြောက်တဲ့နေရာနားကိုသွားပြီး အဲဒီသရဲကို နောက်ထပ်မခြောက်ရဲအောင် ပညာပေးမယ်ဆိုပြီး ပုဆိုးကိုခြုံ ပါးစပ်က ညည်းသံပြုရင်းက ငှက်ပျောပင်နားရောက်အောင် သွားလိုက်တယ်။

လှုပ်လှုပ်ရှားရှားဖြစ်နေတဲ့ အရိပ်နှစ်ခုနားလည်းရောက်ရော ငြိမ်းအေးက ခေါင်းမြီးခြုံထားတဲ့ ပုဆိုးကို အောက်လျှောချရင်းက ပါးစပ်ကနေ အော်လိုက်တယ်။

'ဂရား··ဟား··ဟား··'

'အောင်မယ်လေး··သရဲ··သရဲ··'

အရိပ်နှစ်ခုက အလန့်တကြားနဲ့ အော်သံတွေကြောင့် အိပ်နေတဲ့ မိနိုင်တော ဘေးအိမ်ကလူတွေပါ နိုးလာကြတယ်။

'ဟင်··တင့်တင့်'

'ဪ··သန်းစိန်'

ငြိမ်းအေးနှုတ်က ဤသို့ပဲပြောနိုင်တယ်။ အဖြစ်အပျက်အမှန်ကတော့ ညဘက် ငြိမ်းအေးတို့အိပ်မှ ငြိမ်းအေးမိန်းမ မိနိုင်ရဲ့ညီမ တင့်တင့်က အိမ်နောက်ဖေး ငှက်ပျောပင်ကြားမှာ ခြေရင်း ငါးအိမ်ကျော်က ပလတ်စတစ်ဆွဲတဲ့ သန်းစိန်ဆိုတဲ့ကောင်လေးနဲ့ ရည်းစားဖြစ်တော့ ချိန်းတွေ့ကြတာပါ။

တစ်ရေးနိုးရင် ငြိမ်းအေး အိမ်သာတက်တတ်တာသိတော့ နောက်ရက်တွေ သူတို့ချိန်းတွေ့ရင် ငြိမ်းအေး အိမ်သာလာမတက်နိုင်အောင်လို့ သရဲအဖြစ်ခြောက်တဲ့ပုံစံမျိုး လုပ်ခဲ့တာကို ရှင်းပြပါတယ်။

ဒီညတော့ သူတို့နှစ်ယောက် အချစ်ရေးယဉ်ကြောမှာ မျောနေကြတုန်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းအေးကို သတိမထားမိတာနဲ့ အဖြစ်မှန်တွေ သိကုန်ကြတာပဲ ဖြစ်ပါတယ်။

◆◆◆

'အဲဒါပါပဲ စိန်သာဗလရယ်··မင်းပေးတဲ့အကြံအတိုင်း သရဲရုပ်ခြောက်လိုက်တာ၊ သရဲမဟုတ်ဘဲ ငါ့ခယ်မ ဖြစ်နေကောကိုး။ အမြတ်ထွက်သွားတာကတော့ သန်းစိန်ပဲဟေ့။ ရပ်ကွက်ပတ်ဝန်းကျင်က သိသွားတော့ ငါ့ခယ်မနဲ့ ပေးစားရတော့မယ်လေ'

ငြိမ်းအေးရဲ့ မချိတင်ကဲလေသံနဲ့ ပြောစကားကို နိုင်ငံတကာထွန်းမြ က-

'နိုင်ငံတကာမှာတော့ ဒါမျိုးမရှိသေးဘူးဟေ့ စိန်သာဗလရေ··မင်းနည်းက နိုင်ငံတကာမှာ ပထမပဲဟေ့'

'ဒါပေါ့ကွာ··ယုန်ထောင် ကြောင်မိဆိုတာ။ ဒီအတွက် မိခိုင်ညီမနဲ့ ရည်းစား သန်းစိန်ကတော့ စိန်သာဗလကို ကျေးဇူးတင်နေမှာပဲဟေ့'

'ဒါမျိုးကြီးကလည်းကွာ··ဖြစ်မှဖြစ်တတ်ပါတယ် သာဇျင်ရာ'

စိန်သာဗလက ငြိမ်းအေးမျက်နှာကိုကြည့်ရင်း-

'ငြိမ်းအေး··မင်းမိန်းမကကော ဘာပြောသေးလဲ'

'ပြောတာပေါ့ စိန်သာဗလရယ်··ဒီရက်အတွင်း ဝင်ငွေမကောင်းဘဲ ကြားထဲ ဒီညနေ သန်းစိန်က တင့်တင့်ကို အိမ်မှာ လူကြီးတွေနဲ့ လာတောင်းမယ်လေ။ အဲဒါ လက်ဖက်ရည်နဲ့မုန့် လုပ်ရဦးမယ်။ မင်းတို့လည်း ညနေ လာခဲ့ဦး။ မိခိုင်ကတော့ သူ့အမေဆီ သွားတယ်။ ညနေအိမ်လာခဲ့ဖို့ အကျိုးအကြောင်းသွားပြောရင်း ပိုက်ဆံလေးဘာလေး သွားချေးပေါ့ကွာ'

ငြိမ်းအေးရဲ့စကားကြောင့် အားလုံးက ပိုင်းရယ်ကြပါတယ်။ ဒီကြား



ဲ သာဇျင်က-

'နောက်ဆိုရင် အရပ်ထဲက ကောင်မလေးတွေက စိန်သာဗလဆီ လာပြီး သရဲပြန်ခြောက်မယ့်နည်းတွေ လာတောင်းတော့မှာဟေ့။ ဒီတော့မှ သူတို့ မြန်မြန်စွံကြမှာ'

အဲဒီစကားတွေ နားထောင်ရင်း မရယ်နိုင်သူရယ်က စိန်သာဗလပါ။ သိုယ်က ဆန့်ကျင်ဘက်လုပ်ပေးကာမှ ဟိုနှစ်ယောက်အတွက် အလုပ်ဖြစ်တော့ယ်လို့။



www.burmeseclassic.com

www.burmeseclassic.com

ဂျူမှုးကိုစွဟာ
တင် ခါတစ်လေ
ကိုယ့်ခမျာ
လှုကြမ်းဖြစ်ရရှာ

# အခန်း(၁၁)

'စိန်သာဗလ..လာဟော့..ထိုင် သူငယ်ချင်း၊ ဘာသောက်မလဲ..ဘာ အလဲ'

စိန်သာဗလတစ်ယောက် ငစိန်တို့လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်း ဆဲ အိမ်ပွဲစားငြိမ်းအေးက ပြောလိုက်လို့ အံ့အားသင့်သွားပါရဲ့။

အောင်မယ် ဒီကောင့်လက်မှာလည်း လက်စွပ်တွေဘာတွေနဲ့။ တစ်ခါ မှာ လက်ဖက်ရည်မတိုက်ချင်တဲ့ ငြိမ်းအေး..ငွေစကြေးစရှင်လာပြီထင်ရဲ့။ ဘားမှာ ကျန်တဲ့သူငယ်ချင်းတွေက အပီတွက်နေကြတာ။

'နေစမ်းပါဦး ငြိမ်းအေးရ..ဘယ်လိုဖြစ်တာလဲ'

'ဘယ်လိုဖြစ်ရမှာလည်း စိန်သာဗလရဲ့၊ မင်းက နေမကောင်းလို့ ကက်ဖက်ရည်ဆိုင်မလာတဲ့နေ့တွေမှာ အပြောင်းအလဲတွေဖြစ်ကုန်တာဟေ့'

ငြိမ်းအေးက အိတ်ကပ်ထဲက ပိုက်ဆံထောင်တန်တွေကို ထုတ်လိုက် ပြီး ယပ်တောင်လိုလုပ်ကာ ယပ်ခပ်လိုက်ပါတယ်။

'ငြိမ်းအေး..ဒါမျိုးကြီးက ဘယ်လိုဖြစ်တာလဲ'

'ကဲ..ထွန်းရွှေ ရှင်းပြလိုက်စမ်းပါဗျာ'

နိုင်ငံတကာထွန်းရွှေက ဆမူဆာကိုစားလိုက်ရင်းမှ-

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ နိုင်ငံတကာမှာတော့ ဒါမျိုးတွေရှိတာပဲ၊ ဘာလဲဆိုတော့ကွာ နိုင်ငံတကာမှာ ပွဲပေါက်တွေတိုးတာရှိတယ်'

'ဟာကွာ..ဒီကောင် နိုင်ငံတကာကမတက်ဘူး။ ဒီလိုဟေ့..မင်း သိတယ်မဟုတ်လား စိန်သာဗလရယ်၊ ဟို မင်းသားရှူး သောင်းဇော်ဟေ အေး..သူ့မိဘတွေက ပိုက်ဆံကလည်းချမ်းသာ၊ ဒီကောင်က အညာကနေ ရန်ကုန်မှာ အခြေချပြီး ရုပ်ရှင်၊ ဗီဒီယိုမင်းလုပ်ချင်ကယ်ဆိုလို့ သူ့မိဘတွေက ငါတို့ရပ်ကွက်ထဲ ပြောင်းလာတယ်။ သား ငြိမ်းအေး က တိုက်ဝယ်ပေးရတာ လေကွာ။ မင်းတို့ နောက်လမ်းက ဦးဘိုကြီးတို့တိုက်ကို ဒီကောင်ဝယ်ပေး လိုက်တာ ငါးသိန်းလောက်နိုင်သွားတယ်ဟေ့..ဒါကြောင့် ဒီကောင် ရှင်း တာ'

'ဒါဆို သာဖျင်..ဟိုမင်းသားရှူးသောင်းဇော်က ဗီဒီယိုမင်းသားလုပ် တော့မယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်ဟေ့..အခု ဖော်လိုရဲ့ကာရာအိုကေအခန်းမှာ သီချင်းအ ကျင့်နေလေရဲ့။ သူ မင်းသားဖြစ်ရင် စတိတ်ရှိုးတွေဘာတွေဆိုတဲ့အခါ အခ အခံမဖြစ်အောင်လို့တဲ့ကွာ။ ဒီကြားထဲ ပြောသေးရဲ့..ရပ်ကွက်ထဲ ဗီဒီ လာရိုက်တဲ့ ဒါရိုက်တာတွေကိုလည်း ဖိတ်ခိုင်းသေးတယ်။ သူ့အိမ်မှာ ထမင်း လာစားပါတဲ့ကွာ'

သာဖျင်ရဲ့ စကားနားထောင်နေတဲ့ စိန်သာဗလကတော့ ရပ်ကွက်ထဲ မှာ မနှစ်ကဖြစ်ပျက်တဲ့ သောင်းဇော်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ ပဲ တွေးနေမိပါတယ်။

သောင်းဇော်တစ်ယောက် ဘာတွေမွေလေဦးမလဲမသိ။

'ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်ကွာ..ဝါသနာပါတော့ ခက်သ



ဟေ့'

စိန်သာဗလက အဲဒီနောက် လက်ဖက်ရည်တစ်ခွက်မှာလိုက်ပါတယ်။

ဒီအချိန်မှာပဲ ဖက်ဆစ်ဂျပန်ဝတ်စုံနဲ့ လူနှစ်ဦး လက်ဖက်ရည်ဆိုင်ထဲ ဝင်လာပါတယ်။

'လက်ဖက်ရည်နှစ်ခွက်ဟေ့'

ဖက်ဆစ်ဂျပန်ဝတ်စုံနဲ့ လူနှစ်ယောက်ထဲက တစ်ယောက်က လက်ဖက်ရည် လှမ်းမှာလိုက်ပါတယ်။

'ဆရာတို့ လွတ်လပ်ရေးမရသေးဘူးလား'

ငစိန်က လက်ဖက်ရည်နှစ်ခွက်ချပေးရင်းမှ ပြောလိုက်ပါတယ်။

'မရသေးဘူးဗျ..အခုမှ ချွေးတပ်ဆွဲတုန်း'

ဂျပန်ဝတ်စုံပတ်ထားတဲ့ တစ်ယောက်က ငစိန့်ကို ပြန်ပြောရင်း ရယ် လိုက်ပါတယ်။

စိန်သာဗလတို့ရပ်ကွက်ထဲမှာ ဗီဒီယိုလာရိုက်ကူးတဲ့ အဖွဲ့ထဲမှ သရုပ် ဆောင်နှစ်ယောက်ဖြစ်နေလို့ ငစိန်က နောက်လိုက်တာပဲလို့ စိန်သာဗလက တွေးနေမိတယ်။

'ငါတို့ရပ်ကွက်လည်း ဟောလီးဝုဒ်ဖြစ်တော့မယ်ဟေ့..ရုပ်ရှင်၊ ဗီဒီယို သမားတွေက ငါတို့ရပ်ကွက်က တောဆန်တော့ နယ်သွားစရာမလိုတော့ဘူး ပေါ့ကွာ'

'ဒါဆို သာဖျင်ရေ..သေချာပြီ အိမ်ဈေးတွေကောင်းမှာပဲဟေ့'

ငြိမ်းအေးက ဝမ်းသာအားရနဲ့ ပြောလိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ ဒီလိုနေရာမျိုးမှာနေတာက ပိုက်ဆံရှိသောသူ တွေချည်းပဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါမျိုးကြီးကတော့ ဒီနားမှာ ရှားတာပေါ့ကွာ။ တို့ရပ်ကွက်မှာပဲ ရုပ်ရှင်၊ ဗီဒီယိုတွေရိုက်ကြတော့ အရင်တုန်းကတော့ လူတွေဘာတွေ ဝိုင်းအုံကြည့်နေသေးတယ်။ အခုတော့ ကြည့်မယ့်လူတောင် သိပ်မရှိဘူးမဟုတ်လား'

'ဒါပေါ့ စိန်သာဗလရဲ့၊ နောက်ဆို ကျောက်ပန်းတောင်းက ရွှေချို တို့လို ရုပ်ရှင်၊ ဗီဒီယိုသမားတွေများလာရင် ငါတို့ရဲ့အိမ်တွေ၊ ခြံတွေတောင် ဇာတ်ဝင်ခန်းအဖြစ် ငှားစားလို့ရတော့မှာကွ'

သာဗျင်က ဝမ်းသာအားရနဲ့ ပြောလိုက်ပါတယ်။ ဒီအချိန်မှာပဲ နိုင်ငံတကာထွန်းရွှေက လမ်းမဘက် လက်ညှိုးထိုးရင်း-

'ဟိုမှာ ကိုတာတီးပါလား..ဒုက္ခပါပဲ၊ နားတော့ ငြီးတော့မှာပဲ'

ကိုတာတီးကတော့ ရယ်ကျဲကျဲလုပ်ရင်း ဆိုင်ထဲကိုဝင်လာရင်းက-

'စိန်သာဗလ..ဟန်အေး မူဆယ်ကပြန်လာပြီ။ သူ့အိမ်ကိုလာခဲ့ပါဦးတဲ့။ မင်းကို လက်ဆောင်ပေးမလို့တဲ့'

'ဟုတ်လား ကိုတာတီး၊ ဒီကောင် စီးပွားဖြစ်လာပြီထင်တယ်'

'ဒါတော့မသိဘူး၊ သွားလိုက်ဦး..ငါ့ကိုကွာ နိုင်ငံခြားရုပ်ရှင်တွေ သိပ်ကြည့်တာ၊ အခု ဘုန်းကြီးကျောင်းထဲမှာ ရိုက်နေတဲ့ ဗီဒီယိုဒါရိုက်တာ ထမင်းရောင်းတဲ့မညွန့်ကပြောလို့ ငါ့ကို ငါကြည့်ရတဲ့ဇာတ်ကားအကြောင်းတွေ ပြောပြပါ။ လက်ဖက်ရည်ဖိုးပေးမယ်ဆိုလို့ သွားပြောပြလိုက်ဦးမယ်ဟေ့..ဗဟုသုတ ရုပ်ရှင်သမားတွေရတာပေါ့ကွာ'

အားရဝမ်းသာစွာနဲ့ပြောရင်း ကိုတာတီးက လက်ဖက်ရည်ဆိုင်ကနေ ထွက်သွားပါတယ်။

'နိုင်ငံတကာမှာလည်း ကိုတာတီးပြောသလိုမျိုး ရှိတာပဲဟ'



'ဟာကွာ..ဘာရှိရမှာလဲ၊ အဲဒါ ကိုတာတီးမသိလို့'

ငြိမ်းအေးက လက်ဖက်ရည်သောက်နေတဲ့ ဂျပန်ဝတ်စုံနဲ့ ဗီဒီယိုထဲက သရုပ်ဆောင်နှစ်ယောက်ကို မသိမသာကြည့်ရင်းမှ လေသံကိုတိုးလိုက်ရင်း-

'အဲဒါ ကိုတာတီးကိုလုပ်စားတာကွ၊ ဟို ဒါရိုက်တာက ကိုတာတီးကြည့်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို နားထောင်ပြီး ဇာတ်လမ်းရှာတာ။ ဒီတော့ သူ့ဇာတ်လမ်းက ပိုက်ဆံအများကြီးပေးစရာမလိုတော့ဘူး။ ငါတို့ အိမ်ပွဲလောကနဲ့ပြောရင် ခွင်ဆင်လိုက်တာ။ ကိုတာတီးကလည်း ရုပ်ရှင်အကြောင်းပြောရရင်ပြီးရော ဘာမှသိတာမဟုတ်ဘူး၊ တွေ့ပြီပေါ့'

'ငြိမ်းအေးပြောတော့လည်း ဒါမျိုးကြီးက ဖြစ်တတ်တာပဲကိုး'

'ကဲ..စိန်သာဗလ ဒါပြီးရင် ငါတို့ ဟန်အေးအိမ်ဘက်သွားရအောင်။ စီးပွား ဘယ်လောက်ဖြစ်လာသလဲသိရတာပေါ့ကွာ'

စိန်သာဗလရယ်၊ သာဗျင်ရယ်၊ နိုင်ငံတကာထွန်းရွှေတို့ ငြိမ်းအေးက လက်ဖက်ရည်ဆိုင်မှာ ဆက်ထိုင်မယ်ပြောလို့ သူတို့သုံးယောက် ဟန်အေးအိမ်ဘက်ထွက်လာခဲ့ကြတယ်။

အဲဒီမှာတင် ကြုံခဲ့ရတာက-

◆◆◆

'ကောင်းကြသေးရဲ့လား စိန်သာဗလရယ်..ငါ့သားဟန်အေး စီးပွားဖြစ်လာပုံ လာကြည့်ပါဦးကွာ'

ဟန်အေးတို့အိမ်ရောက်တယ်ဆိုရင်ပဲ ဟန်အေးရဲ့အဖေ ဦးမြက အော်ပြောလိုက်တယ်။

'စိန်သာဗလ..မင်းက ဒီကောင့်ကို အကြံပေးတယ်လေ။ အရင်းအနှီးရှိရင် အိမ်ကသွပ်တွေ ချွာရောင်း၊ မနိုမိုးပြီး စီးပွားရေးလုပ်ဆိုတာလေ..

www.burmeseclassic.com

www.burmeseclassic.com



တော်တော်အကျိုးအမြတ်ဖြစ်တဲ့ စီးပွားရေး၊ ခေါင်းရင်းမှာကြည့်စမ်း··အဲဒါ ဒီကောင် စီးပွားရေးလုပ်လာလို့ ရတဲ့အမြတ်'

ဦးမြက ဘုရားစင်ရှေ့ကို လက်ညှိုးထိုးပြလို့ကြည့်လိုက်တော့ ဖရဲသီး နှစ်လုံးကို တွေ့ရပါတယ်။ အဲဒီ ဖရဲသီးနှစ်လုံးဘေးနားမှာ အရက်ပုလင်း တစ်လုံးနဲ့ ခွက်နဲ့ရှိနေပြီး ဟန်အေးက မှူးပြီးအိပ်ပျော်နေပါတယ်။

'ဘယ်လိုဖြစ်ရတာလဲ ဦးလေးမြရယ်'

စိန်သာဗလက ဦးမြကို မေးလိုက်ပါတယ်။

'ဒီကောင် အရင်းအနှီးထုတ်ပြီး မူဆယ်သွားတာ မူဆယ်မှာတည်းတဲ့ တည်းခိုခန်းမှာ ဖဲဝိုင်းရှိလို့ဆိုပြီး ဝင်ကစားတာ ရှုံးပါလေရော့လား။ အဲဒါ အမှတ်တရလက်ဆောင်ပြန်လာရင် ဘာမှမပါလာမယ့်အတူတူ ဖရဲသီးနှစ်လုံး ဝယ်လာတယ်တဲ့။ တစ်လုံးက အိမ်မှာစားဖို့၊ တစ်လုံးက မင်းကိုပေးဖို့တဲ့ ကဲ··ဒီသားလိမ္မာလေး ဟန်အေး တကူးတကသယ်လာတဲ့ ဖရဲသီးတစ်လုံးကို မင်းဘာသာမင်း ကြိုက်ရာသာ ရွေးယူပေတော့'

'ဟာ··ဦးလေးမြကလည်း မယူပါရစေနဲ့'

စိန်သာဗလက ငြင်းပါတယ်။ ဒါပေမဲ့ မရပါ။ ဦးမြက အတင်းကို ယူခိုင်းပါတယ်။

'နိုင်ငံတကာမှာတော့ ဒါမျိုးက ကြုံတောင့်ကြုံခဲပေ။ ဖရဲသီးကတော့ အတော်ချိုမှာ။ စားရတာပေါ့ကွာ။ နေ··နေ··ကျွန်တော်ပဲ ရွေးမယ်'

နိုင်ငံတကာထွန်းရွှေက ဖရဲသီးနှစ်လုံးအနက်က ကြီးတဲ့တစ်လုံးကို ရွေးယူလိုက်ပါတယ်။

'ဒါမျိုးကြီးကလည်း ဟန်အေးအဖို့ လုပ်မှလုပ်တယ်ဗျာ'

စိန်သာဗလက မှူးပြီး အိပ်ပျော်နေတဲ့ ဟန်အေးကိုကြည့်ရင်း စိတ်



ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

'စိန်သာဗလ··အဲဒါမင်းစတာ။ မင်းလည်း ဒီကောင့်အကြောင်းသိရဲ့ သားနဲ့။ အဲဒါ မင်းမြှောက်ပေးလို့'

'ဟာ··ငါကလည်း မဖြစ်လာဘူးထင်လို့ ဆန့်ကျင်ဘက်ပြောလိုက်တာ။ အဲဒါ မင်းရဲ့ကက်ကင်းလေ သာဇျင်ရဲ့'

ဖရဲသီးကိုချစ်သူအလား ရင်ဝယ်ပိုက်ထားတဲ့ နိုင်ငံတကာထွန်းရွှေ က-

'ယောကောင်တွေ··အငြင်းအခုံနောက်မှလုပ်သွားမယ်။ ဒါကြီးကို အားပေးရမယ်။ ဒါမျိုးကြီးက ချိုလည်း၊ ချိုပါတယ်ကွာ'

'ဟာ··ထွန်းရွှေ၊ ငါ့ရဲ့အလုံးက မင်းပါးစပ်ထဲရောက်သွားပြီ'

စိန်သာဗလတို့လည်း မထူးတော့ပါဘူးဆိုပြီး ဦးမြကို အားနာနာနဲ့ နှုတ်ဆက်ရင်းက ပြန်လာခဲ့ကြပါတယ်။

◆◆◆

ပြောမယ့်သာပြောတာ ဟန်အေးတစ်ယောက် မူဆယ်ကဝယ်လာတဲ့ ဖရဲသီးက စားဖူးသမျှဖရဲသီးတွေထဲမှာ တော်တော်ကို အရသာရှိတယ်လို့ ပြောရမှာပါပဲ။ တကယ့် ဇွတ်ရှယ်ပါပဲ။

◆◆◆

အခုဆိုရင် ရပ်ကွက်ထဲမှာ အဆိုပညာရှင်နဲ့ပတ်သက်လို့ ဖော်လိုဖွင့် ထားတဲ့ ကာရာအိုကေဆိုင်မှာ သီချင်းလာဆိုတဲ့လူတွေ ဘယ်လိုရှိလေသလဲ တော့မသိ၊ ရပ်ကွက်အိမ်နီးနားချင်းတွေကတော့ တစ်ယောက်တစ်ပေါက် အော်ဟစ်သီဆိုတာ တော်တော့်ကို နားဒုက္ခခံစားနေရတဲ့အကြောင်း စိန်သာ ဗလကို လာလာပြောကြလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ အဆိုးဆုံးက မင်းသားရှုးသောင်းဖော်တဲ့။ ကာရာအိုကေ သီချင်းဆိုရင်း ငိုလိုက်၊ ရယ်လိုက်၊ ဒေါသထွက်သလိုလုပ်လိုက်နဲ့ သူ့အသံက မိုက်ကရိုဖုန်းကို မပိတ်တော့။ ပတ်ဝန်းကျင်ခမျာ သောင်းဖော်သီချင်းဆိုမှာကို အတော်လန့်နေတယ်လို့ သိရပါတယ်။

◆◆◆

အခုလည်း ကြည့် ‥ဖော်လိုမင်းစိန်က အိမ်ရောက်လာရင်း မြွေဖမ်းခိုင်းပြန်ပါပြီ။

'စိန်သာဗလရေ ‥ငါ့ညီမဝမ်းကွဲ မင်္ဂလာဆောင်က သယ်န်းကျွန်းမှာ အဲဒါ ငါသွားရမယ်။ မင်း ငါ့အိမ်မှာဖွင့်တဲ့ ကာရာအိုကေဆိုင်မှာလာပြီး စက်ဖွင့်ပေးပါကွာ။ တနင်္ဂနွေနေ့ဆိုတော့ ဆိုသူများမှာ ငါကို့တစ်အိမ်လုံး သွားရမှာ'

'ဒါမျိုးကြီးကတော့ လုပ်ပေးရမှာပေါ့ ဖော်လိုရာ'

'သီချင်းဆိုမယ့်လူတွေရဲ့ သီချင်းတွေကို သေသေချာချာဖွင့်ပေးနော် စိန်သာဗလ'

'သေသေချာချာဖွင့်ဆို ‥မင်းစီဒီတွေက မူရင်းတွေလား ခိုးကူးတွေ လား'

'အခွေတွေက သန့်သန့်လေးရယ်ချည်းပဲဟေ့ ‥ထစ်သာတောင် မပါဘူး။ ကာရာအိုကေမှာက သီချင်းကို ထပ်တလဲလဲဖွင့်ရတော့ ခိုးကူးခွေက အရည်အသွေးမမီဘူးကွ'

ဖော်လိုမင်းစိန်က စိန်သာဗလကို သူ့ရဲ့ကာရာအိုကေစက်နဲ့ ပတ်သက်လို့ အသေးစိတ်ရှင်းပြပါလား။

အဲဒီနောက် စိန်သာဗလတစ်ယောက် ဖော်လိုမင်းစိန်နဲ့အတူ သူ့အိမ်



ကို လိုက်လာခဲ့ပါတော့တယ်။

ဒီမှာပဲ-

◆◆◆

စိန်သာဗလတစ်ယောက် ကာရာအိုကေခန်းထဲမှာ အခွေတွေကို စနစ်တကျစီလိုက်တယ်။ ပြီးတော့ စားပွဲခုံပေါ်က သီချင်းအခွေစာအုပ်စာရင်းကို ခုံပေါ်တင်လိုက်တယ်။

ဖော်လိုပြောတဲ့အတိုင်းဆို ဒီနေ့တနင်္ဂနွေဆိုတော့ ရပ်ကွက်ထဲက ကာရာ အိုကေဟဲချင်သူတွေ အတော်လာမှာပဲဆိုတာ သိလိုက်တယ်။

အခုနေမှာ နိုင်ငံတကာထွန်းရွှေ၊ သာဇာင်တို့လာရင် သိပ်ကောင်းမှာပဲ လို့ စိန်သာဗလက တွေးနေမိတယ်။

'ကိုစိန်သာဗလ‥‥ကိုဖော်လိုမရှိဘူးလား'

အခွေတွေစီနေတဲ့ စိန်သာဗလ ကာရာအိုကေအခန်းထဲကို လူငယ်တစ်ယောက်က ဝင်လာလို့မော့ကြည့်လိုက်တော့ 'သေပြီဆရာ' လို့ စိတ်ထဲကနေ ပြောလိုက်မိတယ်။

ဘာဖြစ်လို့လည်းဆို မင်းသားရှုးသောင်းဖော်ဖြစ်နေလို့ပါ။

'မင်္ဂလာဆောင်ကို သွားတယ်။ ဒါကြောင့် ငါ သူ့စက်ခန်းမှာ သူ့အစား သီချင်းလာဖွင့်ပေးတာ'

'ဒါဆိုရင် အောင်သူ့အခွေထည့်ဗျာ။ ဒီသီချင်းခွေထဲက ပြတင်းတံခါးဆိုတဲ့သီချင်းကို ဆိုမယ်။ ပြီးရင် ဇော်ဝမ်းရဲ့ ကျောက်ခဲနဲ့ စိုင်းထီးဆိုင်ရဲ့ လက်ဆောင်းမင်းသား။ ဒါတွေကို ကျွန်တော်က အပီအပြင်ဆိုမယ်။ ကျွန်တော့်ရဲ့သီဆိုပုံအိုက်တင်နဲ့ဆို ကျွန်တော် မင်းသားဖြစ်လာလို့တောင် ရှိပြီ'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလကို မင်းသားရှူးသောင်းဇော်က လက်ဟန်ခြေဟန်အမူအယာတွေနဲ့ ပြောလိုက်တယ်။

'ဒါမျိုးကြီးတွေကို မလျှော့သေးပါလား သောင်းဇော်ရယ်။ မင်းကတော့ကွာ'

သောင်းဇော်က အင်္ကျီအိတ်ကပ်ထဲက မိဝါကပ်မှန်ဝိုင်းကို ထုတ်လိုက်ပြီး သူ့မျက်နှာကို သူတစ်ချက်ကြည့်လိုက်ရင်းက-

*'ငှက်မှန်ရင် ပျံပြီးသေရတယ်*

*ငါးမှန်ရင် ရေကူးပြီးသေရတယ်*

*ကျွန်တော်...*

*အနုပညာကို ချစ်တဲ့သောင်းဇော်*

*အနုပညာရှူးသွပ်မှု*

*ကောင်းကင်ပြာအောက်မှာ*

*အနုပညာတွေကို ဖက်တွယ်ရင်း*

*သေပါရစေ'*

စိန်သာဗလခေါင်းကုပ်လိုက်ပါတယ်။ ရပ်ကွက်ထဲက အိမ်နီးနားချင်းတွေပြောတာတော့ ကွတ်တီပဲလို့။

စိန်သာဗလက အောင်သူဗီစီဒီအခွေကို စက်ထဲထည့်လိုက်ပါတယ်။ ပြီးတော့ သောင်းဇော်ဆိုမယ့်သီချင်းနံပါတ်ကို ခလုတ်နှိပ်လိုက်ပါတယ်။

'ချစ်ခင်မြတ်နိုးရတဲ့ ပရိသတ်တွေကို ပထမဦးဆုံးဇရာဝတီမြစ်လယ်က အလွမ်းသမားလေးအောင်သူရဲ့ တေးသံကို ကျွန်တော်သောင်းဇော်ရဲ့ သောတအသံနဲ့ စီစဉ်တင်ဆက်လိုက်ပါတယ်'

ဒုက္ခပါပဲလို့ မိုက်ကိုကိုင်ပြီး သောင်းဇော်က တကယ့်ဟန်ပန်အမူအရာ



နဲ့ ပြောဆိုနေပါတယ်။ သူ့ရှေ့မှာ ပရိသတ်တွေရှိတဲ့အလားပါပဲ။

'ဟေ့...သောင်းဇော် ဆိုလေကွာ၊ မင်းဟာကလည်း တကယ့်ပရိသတ်တွေရှိတာကျနေတာပဲ'

'အိုက်တင်လုပ်နေတာဗျ...သိရဲ့လား'

ဆောင်းဘောက်ထဲက ထွက်ပေါ်လာတဲ့ စည်းချက်အတိုင်း သောင်းဇော်က တေးသရုပ်ဖော်ကသလို အမူအရာလုပ်ရင်းက-

'ပြတင်းတံခါးများပိတ်ကာ

မီးလုံးများ ခိုတ်ကာ ရင်မှာ

တိတ်တခိုးသူလေးလည်းပါလာ'

ဒုက္ခပါပဲလို့ စိန်သာဗလ ရေရွတ်လိုက်ပါတယ်။ ဆိုပုံဆိုဟန်က 'တီး' မဝင်ဆောင့်အော်သလိုအော်...တိုးတိုးလေးဆိုသလိုဆိုနှင့် စိန်သာဗလနားထဲ ကိုးလိုးကန့်လန့်နဲ့ သောင်းဇော်ရဲ့ဆိုသံက ဘယ်လိုမှနားထဲမဝင်။ သည်ဒုက္ခမျိုး ဖော်လိုခံနိုင်ရည်ရှိတာကိုပင် စိန်သာဗလ တော်တော်အံ့အားသင့်နေမိပါတယ်။

'ဆက်လက်ပြီး လူ့ဘဝရဲ့ ဒဿနကို ကျွန်တော်ဖော်ထုတ်ပြသမယ့်သီချင်းက ကျောက်ခဲ...ကျောက်ခဲရဲ့ဘဝ။ လူ့ဘဝရဲ့ အားမာန် ဘဝဆိုတာ ကျောက်ခဲတွေလား တွေ့ကြုံချင်သပဆိုရင်တော့ ကဲ...စိန်သာဗလ်ရေ ဟုပ်ပါ ဦး နောက်တစ်ပုဒ်'

စိန်သာဗလ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကုပ်လိုက်ရင်းက-

'ဒါမျိုးကြီးတွေမပြောဘဲဆိုရင်လည်းရပါတယ်ကွာ။ မိုက်နဲ့ အော်ကြီးပြောဖို့ မလိုပါဘူးသောင်းဇော်ရယ်'

'ခက်တယ်ဗျာ...ဟောဒီအခန်းငယ်ထဲမှာ အချိန်ကုန်လာပြီး တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



မရှိစားသုံးနေတာ မဟုတ်ဘူး။ အချိန်ကို အချိန်ရှိသလို အမူအယာတွေနဲ့ အသုံးချနေတာမှတ်ထား'

စိန်သာဗလတော့ ဒီနေ့တော့ အတော့်ကိုခံစားနေရပါပြီ။ သောင်းဇော်ရဲ့စကားလုံးတွေက မချိမဆန့်ပင်။ ဇော်ဝမ်းသီချင်းခွေကို စက်ထဲထည့်ပြီး ဖွင့်ပေးလိုက်တယ်။

'မင်း ရည်မှန်းသူက မြခဲစိန်ခဲ ထိန်ထိန်ကြဲ…အများကလည်း မက်မောကျလို့ အသည်းထဲမှာစွဲ…ခေါင်းမှာလဲဆင်…ရင်မှာစွဲ…တန်ဖိုးကလည်း မနည်း…ကျောက်ခဲလေးမှာတော့ မျက်နှာငယ်'

'ဘာတဲ့…အားပေးတဲ့ပရိသတ်တွေ အဆင်ပြေတယ်မဟုတ်လား'

စိန်သာဗလတစ်ယောက် သောင်းဇော်ရဲ့ ဆိုနေတဲ့ဟန်ပန်ကိုကြည့်ရင်း ဒင်းသာဒီလိုအသံနဲ့ စတိတ်ရှိုးဆိုလို့ကတော့ ရပ်ကွက်ထဲမှာ သောင်းဇော်တို့ နောက်ထပ် တိုက်အိမ်အသစ်ဆောက်လို့ရတာ သေချာနေပြီ။

စိန်သာဗလတစ်ယောက် အတိတ်က ဝဋ်ကြွေးတွေကို အခုမှပြန်ဆပ်ရလေပြီလားလို့။

'ဒီမှာ ကိုစိန်သာဗလ…အညတရကျတဲ့ ယောဒီပလက်ဖောင်းပေါ်မှာ လမ်းလျှောက်နေတဲ့ လူသားတစ်ယောက်ရဲ့အားမာန် ပလက်ဖောင်းမင်းသားကိုဖွင့်ဗျာ'

ကိုယ့်ရဲ့ချစ်သူလက်မောင်းလေးအလား မိုက်ကရိုဖုန်းကိုမလွှတ်တမ်းဆုပ်ကိုင်ထားတဲ့သောင်းဇော်က နောက်ထပ်သီချင်းတစ်ပုဒ် ထပ်ဖွင့်ခိုင်းပြန်ပါတယ်။

'ကြယ်ရောင်တွေပျောက်ဟဲ့ညမှာ အပြင်လောကထဲထွက်လာသူ…ကိုယ် ပလက်ဖောင်းမင်းသားအရင့်စား'



တကယ့်ကို ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်သလို ဒယိမ်းဒယိုင်ပုံစံမျိုးနဲ့ သောင်းဇော်က အသံပြဲကြီးဟစ်ပြီး သီဆိုတာ စိန်သာဗလအဖို့ သီချင်းမြန်မြန်ပြီးပါစေလို့ ဆုတောင်းနေမိပါတယ်။

'ကဲ…သောင်းဇော် ဘာသီချင်းဆိုဖို့ ရွေးဦးမလဲ'

'ကျွန်တော်မှဒ်အပြည့်နဲ့ အိုက်တင်လုပ်ပြီး ဆိုလိုက်တာအသံနည်းနည်းနာသွားတယ်။ အိမ်မှာ သံပရာသီးနဲ့လျက်ဆားပြန်စားရင်း အိုက်တင်ပြန်ကျင့်ဦးမယ်။ နေ့လည်ကျ ဒီနေ့ခေတ် Hip Hop တွေလာဆိုဦးမယ်'

'ဟေ့…ဒါမျိုးကြီးတွေလာဆိုဦးမယ် ဟုတ်လား'

သောင်းဇော်က အိမ်ပြန်တော့မယ်ဆိုလို့ ဝမ်းသာသွားတဲ့ စိန်သာဗလနောက်ဆက်တွဲစကားကြောင့် နင်သွားပါတယ်။

'ဘာ ဒါမျိုးကြီးကမှ လည်းဗျာ၊ သရုပ်ဆောင်မင်းသားလုပ်မယ့်လူတစ်ယောက်ဟာ ဒီနေ့ခေတ် RB တို့၊ Rock တို့ Hip Hop တို့ သိရမှာပေါ့'

သောင်းဇော်က စိန်သာဗလတို့ ကာရာအိုကေသုံးပုဒ်ဆိုခ ငွေတစ်ရာပေးပြီး ကာရာအိုကေအခန်းထဲကနေ ထွက်သွားပါတယ်။

စိန်သာဗလအဖို့ အခုမှ သောင်းဇော်ရန်ကအေးသွားပြီမို့ သက်ပြင်းတွေကို မှုတ်ထုတ်ရင်း နံရံကိုမှီပြီး ထိုင်ချလိုက်ပါတယ်။

'ဟေ့…စိန်သာဗလပါလား၊ ဖော်လိုမရှိဖူးလား'

နံရံကိုမှီပြီးထိုင်မလို့လုပ်နေတဲ့ စိန်သာဗလ မှန်တံခါးကိုဖွင့်ပြီး ဝင်လာပြီးနှုတ်ဆက်တာကို ကြည့်လိုက်တော့ ကိုသောင်းတင်ဖြစ်လို့နေပါတယ်။ သူတင်မက သူ့မိန်းမ မလှငွေကော သူ့ရဲ့သားသမီးရတနာဘုရားတွေကော ကာရာအိုကေခန်းထဲဝင်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဖော်လို သူ့အမျိုး မင်္ဂလာဆောင်သွားလို့ ကျွန်တော် စက်ခန်းလာ စောင့်ပေးတာ'

'ဒါဆို စိန်သာဗလရေ…မင်းက သိမှာမဟုတ်ဘူး။ ဖော်လိုကတော့ သိတယ်။ ငါဆိုနေကျ တွဲတေးသိန်းတန်သီချင်းလေး လေးဆယ်ကျော်အချစ် အခွေကွာ။ တစ်ရာဖိုးသုံးပုဒ်ဟဲမှာဟေ့'

ကိုသောင်းတင်ရဲ့ ကလေးတွေက ကိုသောင်းတင်နဲ့ မလှငွေအားနာ မှာထိုင်သူကထိုင်၊ မတ်တပ်ရပ်သူကရပ်၊ ဆော့သူကဆော့နဲ့ ဖြစ်လို့နေပါ တယ်။

'ဒါမျိုးလေးတွေ ငြိမ်ငြိမ်နေကြ…ဖာတ်လိုက်မယ်ဟေ့'

စိန်သာဗလက သတိပေးလိုက်မှ ကလေးတွေက ငြိမ်သွားပါတယ်။ စိန်သာဗလက တွဲတေးသိန်းတန်အခွေကိုရှာပြီး စက်ထဲထည့်နေတုန်း ကိုသောင်းတင်က မိုက်ကရိုဖုန်းခလုတ်ကိုနှိပ်ရင်း…

'ချစ်ခင်မြတ်နိုးရတဲ့ ဟောဒီ ချစ်သောတရှင်မိသားစုကို လေးဆယ် ကျော်အချစ်နဲ့ ဖျော်ဖြေပါ့မယ်။ လေးဆယ်ကျော်ဆိုပေမယ့် အချစ်မပြော တဲ့ အကြောင်းတွေပေါ့ နားဆင်ကြည့်ပါ'

'ဟေး…ဒါမှ အဖေကြီးကွ…ဖြောင်း…ဖြောင်း'

စိန်သာဗလတစ်ယောက် ကိုယ့်နဖူးကိုယ်ရိုက်ပြီး 'ဟိုက်' လို့ အော် ပါရဲ့။ တွဲတေးသိန်းတန်အသံမျိုးနဲ့ ကိုသောင်းတင်ရဲ့စကားအဆုံး သူ့မိန်း မလှငွေကော၊ သူ့ကလေးတွေကပါ လက်ခုပ်တီးအော်ဟစ်ကြလို့ပါ။

'လေးဆယ်ကျော်…ငါးဆယ်အတွင်းမှာ…အသည်းလေးများ လှုပ်ခတ်သွား…ဪ…လေးဆယ်ကျော်ငါးဆယ်အတွင်း မင်းနဲ့ပြန်တွေ့ ပြန်တော့ မင်းမှာလည်းကလေးတွေနဲ့ ကိုယ့်မှာလည်း အကြွေးတွေနဲ့



ကွယ်…'

'ဗျို့…ကိုသောင်းတင် သီချင်းထဲမပါတာတွေ ဘာလို့ထည့်ပြောနေ တာလဲ။ ဒါမျိုးကြီးတွေက မပါဘူးလေ'

စိန်သာဗလကို မလှငွေက ပါးစပ်ကိုလက်ညှိုးနဲ့ ပိတ်ရင်းက တိတ် တိတ်နေဆိုတဲ့ အမူအရာမျိုးနဲ့ သတိပေးလိုက်ပါရဲ့။

'ခေါင်းလောင်းသံတညံညံနဲ့ ရွာကျောင်းဆီက သတိရနေတယ် သူ ငယ်ချင်းရေ…ကြည်းရေလေ တပ်မတော်တွင်းက သူငယ်ချင်းရေ'

'သူငယ်ချင်းရေ…တဖြေးဖြေးတိုက်စစ်ဆင်ကာလေ ဟေး…ဟေး'

ကိုသောင်းတင်က ရှေ့ကဆိုလိုက် နောက်ကနေ သူ့မိန်းမနဲ့ ကလေး တွေက ရှေ့ကဆိုတဲ့အတိုင်း လိုက်အော်လိုက်။ ပြီးတော့ က,လိုက်နဲ့ ကာရာ အိုကေခန်းထဲမှာ ပျော်ပွဲရွှင်ပွဲကျင်းပနေသလို ဖြစ်နေပါတယ်။

'ဟေ့…ဒါမျိုးကြီးတွေမလုပ်နဲ့လေ၊ တော်ကြာ တီဗီတွေဘာတွေ တိုက်မိလို့ ကွဲကုန်ဦးမယ်။ ဖော်လိုကတော့ လုပ်ချလိုက်ပြန်ပြီဟေ့'

ငွေတစ်ရာဖိုးနဲ့ သီချင်းသုံးပုဒ်ကို မိသားစုတစ်တွေ အားရပါးရသီဆို ပြီးတဲ့အခါ ကိုသောင်းတင်တို့မိသားစုတွေ ကာရာအိုကေခန်းထဲက ထွက် သွားပါတယ်။

စိန်သာဗလကတော့ ကာရာအိုကေစက်ခန်းထဲမှာ ကိုသောင်းတင်ရဲ့ ကလေးတွေ က,လိုက်၊ ခုန်လိုက်မှုကြောင့် လဲကျနေတဲ့ ပလတ်စတစ်ထိုင်ခုံ တွေပြန်ထောင်ရ၊ သီချင်းခေါင်းစဉ်စာအုပ်ကို ပြန်ကြည့်ရ။ တော်ကြာ ကလေးတွေက စာအုပ်ထဲက သီချင်းခေါင်းစဉ်တွေကို လက်ဆော့ပြီး ဖြဲသွား ရင်ဖြင့် နောက်ဆိုမယ့်သူ ရောက်လာလျှင်မလွယ်။

'ကျွန်တော် သီချင်းဆိုပါရစေ'

www.burmeseclassic.com



ရုတ်တရက်တောင်းပန်တိုးလျှိုးတဲ့အသံနဲ့ပြောရင်း ဝင်လာလို့ကြည့်မိတော့ ရုပ်ကွက်ထဲက လူငယ်လေးရာဇာထွန်းပါ။

စိန်သာဗလအဖို့ ဒီနေ့တော့ ပြဿဒါးပါလားလို့။ ဘာဖြစ်လို့လည်းဆို ဒီကောင်လေးအကြောင်းကို သူက ကောင်းကောင်းကြီးသိနေလို့ပါ။ အမြဲတမ်း ရုပ်ကွက်ထဲက ကောင်မလေးတွေကို ကျိတ်ကြိုက်နေပြီး ဘယ်တော့မှလည်း သူကြိုက်နေတဲ့ကောင်မလေးတွေကို ရည်းစားစကားဖွင့်မပြောဘဲ တစ်ယောက်တည်းလွမ်းတတ်သူမို့လို့ပါ။ အဲ…သူလွမ်းတဲ့အကြောင်းတွေကိုတော့ နားထောင်မယ့်သူရှာပြီး ပြောတတ်ပါတယ်။ သူနဲ့တွေ့လျှင်တော့ ပြေးတတ်ရှောင်တတ်သူများပါရဲ့။

အဲဒီလိုလူမျိုးတွေကို ဖော်လိုမင်းစိန် သည်းညည်းခံတတ်တာကိုက အတော်ချီးကျူးဖို့ ကောင်းလှချည်ရဲ့။

'ကိုစိန်သာဗလ…စက်ကိုင်မယ့်လူပြောင်းသွားတာကိုး…ဟုတ်တာပေါ့လေ…လူသာပြောင်းတာမှမဟုတ်တာ၊ အချစ်ဆိုတာလည်း ပြောင်းလဲတတ်တာ ဘာဆန်းမလဲ နှလုံးသားဆိုတာ ပြောင်းလဲနေတာပဲ'

စိန်သာဗလ စိတ်တော်တော်ညစ်သွားပါတယ်။ ဒီနေ့ တွတ်ပီစကားနဲ့ပြောရရင်တော့ ကံမကောင်းတဲ့နေ့ပဲလို့။

'ဒါမျိုးကြီးတွေဖြစ်တတ်ပါတယ်ကွာ၊ ကဲ…လွမ်းတာအသာထား ဘာသီချင်းဆိုမှာလဲ'

စိန်သာဗလက စိတ်မရှည်တဲ့လေသံနဲ့ မေးလိုက်ပါတယ်။

'လွမ်းတယ်ဆိုမှတော့ ခင်မောင်တိုးရဲ့ လွမ်းဆိုတဲ့သီချင်းလေးနဲ့ ကျွန်တော်ချစ်တဲ့ နန္ဒာခင်လေးအတွက် အလွမ်းတွေဖွဲ့သီပါရစေဗျာ'

စိန်သာဗလက ရာဇာထွန်းကို မျက်စောင်းတစ်ချက်ထိုးလိုက်ရင်းမှ



ခင်မောင်တိုးအခွေကိုရှာပြီး စက်ထဲထည့်လိုက်ပါတယ်။

'လွမ်း…ရင်ထဲ အသည်းသဲလိုက်ဖို့လွမ်း…လွမ်း…အသည်းထဲကရင်မှာကျွမ်း'

စိန်သာဗလတစ်ယောက် ပြောမယ့်သာပြောတာ ရာဇာထွန်းရဲ့ဆိုသံကိုကြားရတော့ ချီးကျူးချင်စိတ်တောင်ပေါက်ပါရဲ့။ ဘာဖြစ်လို့လည်းဆို ခင်မောင်တိုးအသံနဲ့ တစ်ထပ်တည်းတူနေပါလားလို့။ မိုက်ကရိုဖုန်းကို ဟန်ပါပါကိုင်ရင်း အလွမ်းတွေကို စားသုံးနေတဲ့ပုံစံမျိုး ရာဇာထွန်းရဲ့ဟန်ပန်ကဖြစ်လို့နေပါတယ်။

'ရာဇာထွန်းရာ မင်းအသံက ခင်မောင်တိုးနဲ့ တော်တော်တူတာပဲကွ'

သီချင်းဆုံးတော့ စိန်သာဗလ ချီးကျူးလိုက်ပါတယ်။

'ဟာ…ဘယ်ကသာ ခင်မောင်တိုးနဲ့တူရမှာလဲ ကိုစိန်သာဗလရဲ့။ ကျွန်တော်က မိုက်ကိုဖွင့်ထားတာမှမဟုတ်တာ၊ မိုက်ကရိုဖုန်းကို ပိတ်ပြီး ဂါးစပ်ကသီချင်းဆိုသလိုလုပ်နေတာ ရုပ်ရှင်တွေထဲမှာ ချစ်သူကို လွမ်းတဲ့အခါသရုပ်ဆောင်တဲ့ Play back သီချင်းလိုမျိုး အလွမ်းကို တိတ်တဆိတ်ခံစားနေတာဗျ'

'ဟေ…ဒါမျိုးကြီးလည်း ဖြစ်တတ်ပါတယ်ကွယ် အံ့ရော'

စိန်သာဗလအံ့အားတသင့်နဲ့ ရာဇာထွန်းကိုပြောလိုက်ပါတယ်။ ရာဇာထွန်းကနောက်ထပ်သီချင်းတစ်ပုဒ်ထပ်ဖွင့်ခိုင်းပြန်ပါတယ်။ ဒါနဲ့သူပြောတဲ့ မင်းအောင်ရဲ့ 'သူများနဲ့သွားတဲ့ငါ့ရည်းစား' သီချင်းကိုဖွင့်ပေးရပြန်ပါတယ်။

ဒီအချိန်မှာ သီချင်းတီးလုံးလာတာနဲ့ ရာဇာထွန်းမျက်နှာ နွမ်းသွားပါတယ်။

'မေရယ်…မေရယ်…ကျော်တော့လေ့သူကြီးပါကွယ်၊ ညားတော့

www.burmeseclassic.com



လည်း လေ့ထိုးသားနဲ့ရယ်…ချစ်ကြပါ…ကြိုက်ကြပါ…ချစ်နိုင်သူတွေ ချစ်ကြပါ၊ ကြိုက်ကြပါ…ဟီး…ဟီး'

သီချင်းဆိုရင်းနဲ့ နောက်ဆက်တွဲဆိုသလို ငိုသံတွေပါလာပါတယ်။ ရာဇာထွန်းတစ်ယောက် သီချင်းဆိုရင်းငိုလို့။

'ရာဇာထွန်း…ဒါမျိုးကြီး မငိုရဘူးလေ'

'ငိုပါရစေ…စိန်သာဗလရယ် ဟီး…ဒီသီချင်းဟာ ကျွန်တော့်ရင်ကို ထိချက်ပြင်းလွန်းတယ်ဗျာ။ ဒါကြောင့် ကျွန်တော်ငိုမိတာ အပြစ်လားဗျာ။ ဟို သုံးလမ်းကျော်က မသီတာပေါ့၊ အားလုံးက ကျွန်တော်နဲ့ဖြစ်ပြီလို့ ထင်နေတာ…သူက ကလေးတစ်ယောက်အဖေတစ်ခုလပ်နဲ့ လိုက်ပြေးတယ်လေ။ ကျွန်တော့်မှာ လာမေးကြလို့ ကျွန်တော်မဟုတ်ကြောင်း ရှင်းပြရတယ်။ သီတာ…ရက်စက်သွားတာ…ရက်စက်တယ်သီတာ…ဟီး…ဟီး'

ရာဇာထွန်းကပြောရင်းမှ အားပါးတရ ငိုပါတယ်။

'ဟ…ပတ်ဝန်းကျင်က မိုက်ကြီးဖွင့်ထားတာ ကြားသွားပါဦးမယ် ကွာ…ဒါမျိုးကြီးမငိုရဘူး၊ ဒါနဲ့ မင်းက ဘယ်လောက်ကြာကြာ မသီတာနဲ့ သမီးရည်းစားဖြစ်ခဲ့လို့လဲ'

ရာဇာထွန်းက မိုက်ကရိုဖုန်းကိုပိတ်လိုက်ရင်း–

'အိပ်မက်ထဲမှာ ညတိုင်းသမီးရည်းစားဖြစ်တာဗျ…ပန်းခြံတွေသွား လိုက်၊ ဘုရားတွေဖူးလိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နဲ့ ဒါကြောင့် ကျွန် တော်ခံစားပြီးလွမ်းနေတာ'

'ဒါမျိုးကြီးလည်းဖြစ်တတ်…ဖြစ်တတ်ပါတယ် ရာဇာထွန်းရယ်… အခု သီချင်းဆိုလို့ရင် ငမိုးရိပ်ချောင်းဘေးမှာ သွားလွမ်းဦးကွာ။ မင်းအလွမ်း တွေချောင်းရေထဲမျောအောင်လွမ်းပစ်'



စိန်သာဗလက စိတ်ပျက်လက်ပျက်နဲ့ ရွှဲပြီး ရာဇာထွန်းကိုပြောလိုက်ပါ တယ်။ ဒါကို သူက တကယ်ထင်ပြီး–

'အဲဒီစကားလုံးက ရင်ကိုဝင်ဆောင့်တယ်ဗျာ…ရှေ့တစ်ရာ၊ နောက် တစ်ပုဒ်ဆက်မဆိုတော့ဘူး။ အခုပဲ ချောင်းစပ်မှာ သွားလွမ်းမယ်'

'လွမ်းကွာ…ဒီနေ့ လပြည့်ဆိုတော့ ချောင်းရေတက်တယ်။ မင်း အလွမ်းတွေ အပီပြင်သာဖွင့်လွမ်းပေ့'

'သွားပြီ ကိုစိန်သာဗလရေ'

စိန်သာဗလရဲ့လက်ထဲ ငွေတစ်ရာထည့်ပြီး ရာဇာထွန်းက ထွက်သွား ပါတယ်။

စိန်သာဗလကတော့ စိတ်တော်တော်ညစ်နေပါပြီ။ ဖော်လိုတို့မင်္ဂလာ ဆောင်ကနေ မြန်မြန်ပြန်လာရင် ကောင်းမှာပဲလို့။

◆◆◆

နေ့လယ်ခင်းမှာတော့ ဘယ်သူမှဆိုတဲ့လူပေါ်မလာပါဘူး။

ဘာဖြစ်လို့လဲလို့ အိမ်နီးနားချင်းတွေကို စပ်စုကြည့်တော့ ဒီနေ့ ရပ် ကွက်ထဲမှာ ဗီဒီယိုလာရိုက်တဲ့အဖွဲ့က ရွာသားတွေနဲ့သူကြီး စည်းဝေးတဲ့ခန်း ရိုက်မှာမို့လို့ ရွာသားတစ်ဦးအဖြစ်ပါဝင် သရုပ်ဆောင်မယ့်သူကို တစ်ယောက် ငွေတစ်ထောင်ပေးမယ်ဆိုလို့ အိမ်လုံးကျွတ်သွားသရုပ်ဆောင်နေတယ်လို့ သိရပါတယ်။

ခါတိုင်းဆိုလျှင်တော့ နေ့လယ်နေ့ခင်းမှာလည်း ဆိုသူက မပျက်ဘူး တဲ့။

◆◆◆

စိန်သာဗလအဖို့ ညနေလည်းဆောင်းရော ဘယ်သူမှမဲ့နိုင်စရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပါတော့တယ်။

'ဟော့…ဆိုတဲ့သူ ဘယ်သူကျန်သေးလဲ…ထွီ…မကျန်ရင် ကိုယ်ဆိုမယ်'

မူးပြီးခြေလှမ်းတွေကို မနည်းလှမ်းနေရတဲ့ ရပ်ကွက်ထဲက ကိုထွားကြီးက ကာရာအိုကေခန်းထဲဝင်လာပါတယ်။ ထိုင်ခုံပေါ်ထိုင်ချတာ လဲမလိုဖြစ်လို့ စိန်သာဗလက တွဲလိုက်ရင်းမှ-

'ဘယ်လိုဖြစ်တာလဲ ကိုထွားကြီးရယ်…ခင်ဗျားကလည်း'

'ညီလေး…ညီလေး ဘာမှမသိပါဘူး၊ ကိုယ် အရွဲ့တိုက်ပြီးသောက်နေတာ။ ကဲ…ဂုဏ်သီချင်းကိုဖွင့်ကွာ ကိုယ့်ခံစားချက်တွေကို အပီကြွေးကြော်မယ်'

စိန်သာဗလတစ်ယောက် ဖော်လိုက်ကိုမေ့တွာပို့နေမိပါတယ်။ တစ်နေ့လုံး ခံစားချက်တွေဆိုပြီး လာဟစ်ကျေးသူတွေက တစ်နည်းမဟုတ်တစ်နည်း စိတ်ပျက်ချင်စရာကောင်းနေလို့ပါ။

'ဂုဏ်…ဂုဏ်…ဂုဏ်…ဂုဏ်ဆိုတာ ငွေကိုခေါ်တယ်…ငွေကိုကွယ်ရေလိုသုံးမယ်…ယောက္ခမကြီးက မျက်နှာချိုတယ်။ ကျုပ်မယားက စေတနာပါတယ်။ ဟုတ်တယ်…ငါ ငွေမရှိလို့ အေးသီ…နှင့်အမေ ငါ့ယောက္ခမက ငါ့ကို မတူမတန်ဆက်ဆံတာပေါ့…ဘာဂုဏ်လဲ ငွေရှိမှဂုဏ်လား…ဟား…ဟား…'

ပြဿနာပါပဲလို့ စိန်သာဗလ ခေါင်းကုပ်မိလိုက်တယ်။ ကိုထွားကြီးတစ်ယောက် မူးမူးနဲ့ သူ့ခံစားချက်တွေကို အပီရင်ဖွင့်လို့နေတာ အသံက တော်တော်ကျယ်ပါတယ်။

'ကိုထွားကြီး သီချင်းဆိုဗျာ…ခံစားချက်တွေကိုမေ့လိုက်'



စိန်သာဗလက ကိုထွားကြီးကို နှစ်သိမ့်နေတုန်းမှာပဲ-

'ဟဲ့…ထွားကြီး… …နင်က ဒီမှာလာပြီး အရည်ကလေးဝင်တော့ သံသာဟစ်ကြွေးနေတာပေါ့လေ…နင် အိမ်က မီးပူ ဒီနေ့သွားပေါင်တယ်ဆို'

အော်ကြီးဟစ်ကျယ်နဲ့ ကိုထွားကြီးမိန်းမ မအေးသီက ကာရာအိုကေခန်းထဲဝင်လာရင်းက ကိုထွားကြီးအကျီလည်ပင်းကို ဆွဲလိုက်ပါတယ်။

'ဟဲ့…ငါ့ကိုလွှတ် ဘာဖြစ်လဲ…မီးပူပေါင်တာ အဲဒါနင့်အမေကို မကျေနပ်လို့ ပေါင်ပြီးအရက်သောက်တယ်ဟာ ဘာဖြစ်လဲ'

'ဘာဖြစ်ရမလဲ…အမေက ဒေါသူပုန်ထနေတယ်…ရှင်လေ'

'အား…ငါ့ကိုဗိုက်ခေါက်မဆွဲနဲ့'

'ဆွဲတယ်…ဘာဖြစ်လဲ…ဒါ ပေါင်စရာလား'

'ပေါင်ဦးမှာ နင့်တောင် ရေစက်အပေါင်ဆိုင်မှာ ပေါင်လို့မရလို့ ရလို့ကတော့ကွာ'

'ဘာ…ရှင်က ကျွန်မကို ပေါင်မယ်ဟုတ်လား'

'ကဲ…ဟဲ့ ငါ့ကို လက်မောင်းမကိုက်နဲ့…နာတယ်…အား'

စိန်သာဗလ ဘာလုပ်ရမှန်းမသိ။ မအေးသီက ကိုထွားကြီးလက်မောင်းကို ကိုက်ပါတယ်။ ကိုထွားကြီးက လက်ကိုခါချရင်း မအေးတင်ကို တွန်းလိုက်ပါတယ်။

မိုက်ကရိုဖုန်း မပိတ်ဘဲရန်ဖြစ်တော့ ဆောင်းဘောက်ထဲက အသံတွေက ထွက်လို့လားမသိ။ ပတ်ဝန်းကျင်က စပ်စုတဲ့သဘောနဲ့ ကာရာအိုကေခန်းရှေ့မှာ လာကြည့်နေကြပါတယ်။

'ဒါမျိုးကြီး မဖြစ်ကြပါနဲ့…အပြင်မှာ ဖြစ်ကြပါ…ဒီမှာမဖြစ်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလက အတင်းဝင်တားပေမယ့် မအေးသီက အနီးအနားမှာရှိတဲ့ ပလတ်စတစ်ကုလားထိုင်ကိုကိုင်ရင်း–

'ဖယ်ပါ စိန်သာဗလရယ်…ဒီကောင်မူးတာ တရားလွန်နေပြီ…သေပေတော့'

'အား…နာတယ်…နာတယ်'

မအေးသီက ကုလားထိုင်ကိုလွှဲပြီး ကိုထွားကြီးကိုရိုက်တာ ကိုထွားကြီးက ရှောင်လိုက်တာ ကိုထွားကြီးကိုမထိဘဲ တီဗွီမှန်ကိုထိမလိုဖြစ်လို့ တီဗွီမှန်ရှေ့ကနေ ပိတ်ရပ်လိုက်တဲ့ စိန်သာဗလကိုထိမိသွားပါတယ်။ စိန်သာဗလ တီဗွီရှေ့မှာလဲကျသွားပါတယ်။

'ဒါမျိုးကြီးတွေ အိမ်ကြမှဆက်ဖြစ်ပါ'

နာလွန်းလို့ စိန်သာဗလက အဲဒီလောက်ပဲပြောနိုင်ပါတယ်။ ပတ်ဝန်းကျင်က ဝင်ဖျန်ဖြေမှပဲ ရန်ပွဲက ပြီးသွားပါတယ်။

◆◆◆

မပြီးတာက စိန်သာဗလပါပဲ။ အိမ်ခဲလည်းရောက်ရော ဗိုက်ကို ပရုပ်ဆီလူးရ၊ ဒီကြားထဲ တစ်ခါဖူးမှမဆူဘူးတဲ့ မိခင်ဒေါ်ရွှေကပါ ဆူတာခံလိုက်ရပါတယ်။

◆◆◆

ဇော်လိုမင်းစိန်ကတော့ အားနာနာနဲ့ တောင်းပန်ပါတယ်။

စိန်သာဗလက တစ်ခုပဲပြောလိုက်ပါတယ်။ ဘဝမှာ ဘယ်တော့မှ ကာရာအိုကေအကြောင်း မပြောဘူး၊ မဆိုတော့ဘူးဆိုတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်
ဖြစ်တတ်ခြင်းများမှ
ကင်းဝေးရပါလို၏။

*(စိန်သာဗလ)*

## အခန်း(၁၂)

စိန်သာဗလ လက်ဖက်ရည်ဆိုင်သွားဖို့ အိမ်ရှေ့ကိုထွက်လာတော့ သမ်းပေါ်မှာ အင်္ကလိပ်ဝတ်စုံနဲ့ လူငါးယောက်ကို တွေ့ရတယ်။ လက်ထဲမှာ သည်း သစ်သားသေနတ်တွေနဲ့။ သူတို့ရှေ့တည့်တည့်ကနေ ဖက်ဆစ်ဂျပန် ငါးယောက်,ခြောက်ယောက်ကလည်းလာနေတယ်။ စိန်သာဗလတို့ အိမ်ရှေ့ သမ်းကြားကနေ ကုတ်အင်္ကျီအရှည်ကြီးတွေဝတ်ထားတဲ့ လူတစ်သိုက် ခြောက်လုံးပြူးတွေခါးကြားထိုးပြီး စောစောက လူတွေရှိရာသွားလိုက်တယ်။

စိန်သာဗလ ခေါင်းစားသွားတယ်။ ဘာတွေဖြစ်ကုန်ပြီလဲလို့။

'ဟေ့ကောင်တွေ…ဒီနေ့တော့ ရှုတင်မန်နေဂျာတွေကော၊ ကုမ္ပဏီ ပိုင်ရှင်တွေပါ မနက်စာထမင်းဖိုးသက်သာပြီဟေ့'

ဖက်ဆစ်ဂျပန်ဝတ်စုံဝတ်ထားတဲ့ လူတစ်ယောက်က ပြောလိုက်ပါ တယ်။ ခြောက်လုံးပြူးခါးကြားထိုးထားတဲ့လူက-

'ဒီရုပ်ကွက်ထဲက မင်းသားဖြစ်ချင်နေတဲ့သောင်းဖော်က အတော် ငွေရှိတယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အခုအလှူလုပ်တာ ဒီရပ်ကွက်မှာလာရိုက်တဲ့ ဗီဒီယိုသမားတွေကော၊ ဒါရိုက်တာတွေကော သရုပ်ဆောင်တွေကိုပါ ထမင်းကျွေးတာဆိုတော့ အပိဆွဲရမယ်'

အင်္ဂလိပ်ဝတ်စုံဝတ်ထားတဲ့လူက-

'ဒါရိုက်တာတွေကို ညပွဲပါစီစဉ်ပေးအုံးမယ်တဲ့...အေးကွာ...ဒီကောင် မင်းသားရှူးချက်ကတော့ ငွေတော်တော်ကုန်ခံရမယ်ဟေ့'

'မင်းတို့ ရှူတင်စပြီလား'

'မင်းသားမရောက်သေးလို့ကွ...အဲဒါ ဟိုသွားဒီသွား သွားနေတာ'

ဗီဒီယိုထဲက သရုပ်ဆောင်တွေ သူတို့ဘာသာသူတို့ အချင်းချင်းစကားတွေ ဆက်လက်ပြောဆိုနေကြတာကို စိန်သာဗလလည်း ဂရုတစိုက်နားမထောင်တော့ပဲ လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့ပါတယ်။

'စိန်သာဗလ လာဟေ့'

နိုင်ငံတကာထွန်းရွှေက လည်ကတုံးအင်္ကျီမဝတ်စဖူးဝတ်ထားရင်းက လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းခေါ်ပါတယ်။

'လည်ကတုံးအင်္ကျီတွေဘာတွေနဲ့ ဘယ်လိုဖြစ်တာလဲ ထွန်းရွှေရ'

စိန်သာဗလက လှမ်းမေးလိုက်ပါတယ်။

'နိုင်ငံတကာမှာတော့ အမျိုးသားဝတ်စုံဆိုတာ ရှိတာပါပဲလေ။ ပွဲတွေဘာတွေတက်တဲ့ခါ ဝတ်ရတာပေါ့။ အခုလည်း သောင်းဇော်တို့အိမ်မှာအလှူရှိတယ်လေကွာ...သာဗျင်တို့၊ ငြိမ်းအေးတို့၊ ဖော်လိုတို့က အဲဒီအလှူအိမ်မှာဆုံမယ်တဲ့။ ဒါကြောင့် ပွဲတက်ဝတ်စုံဝတ်လာတာကွ'

'ငါသိပြီးပါပြီကွာ...ငါ့အိမ်ရှေ့မှာ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်တွေ ပြောနေကြတာ ငါကြားပါတယ်'



'သောင်းဇော်က မင်းကိုလည်းလာဖြစ်အောင်လာပါတဲ့...စိန်မိန်းမမကြူက သောင်းဇော်တို့ အိမ်မှာသွားဝိုင်းလုပ်ပေးနေတယ်'

ဒီအချိန်မှာပဲ လက်ဖက်ရည်ဆိုင်ရှေ့ကို ဒက်ဆန်းကားတစ်စီးထိုးရပ်လိုက်တယ်။ ကားပေါ်ကနေ ဗီဒီယိုကင်မရာကော၊ မီးတွေကော ဘက်ထရီအိုးတွေကောချလို့၊

တဘက်ကို ပုခုံးပေါ်တင်ထားတဲ့ လူတစ်ယောက်က စိန်နဲ့ဆီသွားပြီးစကားပြောနေပါတယ်။

'လက်ဖက်ရည်ဆိုင်ထဲ ဗီဒီယိုလာရိုက်တာပဲကွ'

'နိုင်ငံတကာမှာလည်း ဒါမျိုးရှိတယ်လေကွာ'

'ထွန်းရွှေရာ...ဒါတော့ မင်းပြောမှလား။ ငါတို့ရပ်ကွက်အကြောင်းစဉ်းစားမိလို့ပါ'

'မင်းက ဘာစဉ်းစားမိတာလဲ စိန်သာဗလရဲ့'

'ဩော်...ငါတို့ရပ်ကွက်မှာ ဟိုတုန်းက ၄၅အရပ်ပြဇာတ်ကတော့ လူတွေ စိတ်ဝင်တစားရှိလိုက်ကြတာဆိုတာ မပြောနဲ့တော့။ ဟော..ရပ်ကွက်ထဲမှာ ဗီဒီယိုရိုက်ခါစတုန်းကလည်း လူတွေဆိုတာ အုန်းအုန်းထပဲ။ ဟော..အခုကြတော့လည်း ရပ်ကွက်ထဲကလူတွေများ ဗီဒီယိုလာရိုက်တာကို ကိုယ်နဲ့ဘာမှမဆိုင်သလိုမျိုး စပ်စပ်စုစုစိတ်ဝင်စားတာမျိုးတောင် မရှိတော့ဘူး။ သူတို့ စိတ်ဝင်စားတာက သူတို့အိမ်တွေ ဗီဒီယိုရိုက်ဖို့လာငှားမလား..နေ့စားသရုပ်ဆောင်လုပ်လို့ရမလား၊ ပစ္စည်းငှားမလားပဲ။ စိန်တို့ပဲကြည့် အခုလောက် သူတို့လက်ဖက်ရည်ဆိုင်အလုပ်ဖြစ်သလဲ'

'ဒါပေါ့ စိန်သာဗလရယ် မြင်ပါများတော့ ရိုးကုန်ကြတာပေါ့'

နိုင်ငံတကာထွန်းရွှေက ပြောရင်းဆိုရင်းမှ လည်ပတ်နာရီကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတယ်။

'စိန်သာဗလရေ..သောင်းဇော်တို့ အလှူသွားရအောင်။ လူမများခင် တော်ကြာ ဗီဒီယိုသမားတွေ ဝိုင်းအားပေးလို့ ကိုယ်နောက်ကျရင် ကိုယ်ဖို့ အကျန်ဘဲနေဦးမယ်'

'ဒါမျိုးကြီးလည်း မှန်ပြန်ရော..သွားမယ်၊ ငစိန်ရေ..ပိုက်ဆံလာယူ ဟေ့'

ငစိန်က စိန်သာဗလတို့ဆီမှာ ပိုက်ဆံလာယူစဉ်မှာလဲ ဆိုင်ရှေ့ကို နောက်ထပ်ကားတစ်စီးရပ်လိုက်ပြီး ကားပေါ်ကနေ ဗီဒီယိုဒါရိုက်တာကော သရုပ်ဆောင်အချို့ပါ လက်ဖက်ရည်ဆိုင်ထဲဝင်လာပါတယ်။

'ထွန်းရွှေရေ..ဒီတစ်ခါတော့ ငစိန်ရဲ့ဆိုင်ထဲမှာ ကွန်မြူနစ်တွေ လေကျယ်ကြတော့မယ်ထင်တယ်။ ဟိုမှာတွေ့လား အရင်ခေတ်က လက်ဝဲသမားတွေ ဝတ်တဲ့စားတဲ့ပုံစံနဲ့ စာအုပ်ထူကြီးတွေကိုင်ထားတာ ဆေးလိပ်တွေခဲထားတာသာကြည့်ပေတော့။ ငါတို့ရဲ့အခြေခံကောင်းစားရေး လှသောင်းကို သတိရလိုက်တာကွာ။ ဒီနေရာမှာ သူသာဆိုကွက်တိပဲ'

'အေးပါ ဗီဒီယိုသမားကလည်း သူတို့အလုပ် သူတို့လုပ်မယ်။ ငါတို့ကလည်း ငါတို့အလုပ် ငါတို့လုပ်ရုံပဲဟေ့...လာ...လာ...ငါးသလောက်ပေါင်းကို အဝတွယ်ရမယ်'

လက်ဖက်ရည်ဆိုင်ထဲကနေ နိုင်ငံတကာထွန်းရွှေနဲ့ စိန်သာဗလတို့ သောင်းဇော်တို့အိမ်ကို ထွက်လာခဲ့ကြပါတယ်။

◆◆◆

သောင်းဇော်တို့အလှူမှာ ကျွေးတာတွေကလည်း တကယ့်ရှယ်ပါပဲ။ သောင်းဇော်မွေးနေ့ဆိုပြီး သောင်းဇော်မိဘတွေက ငွေကုန်ကြေးကျခံပြီး



လှူတာပါ။ တော်တော်လည်း ပိုက်ဆံရှိပုံရပါတယ်။

အဲ...မွေးနေ့ရှင် သောင်းဇော်ဝတ်ထားတာကလည်း မျက်နှာမှာလည်း မိတ်ကပ်အဖွေးသားနဲ့ ဝတ်တာစားတာကလည်း ပြိုးပြိုးပျက်ပျက်နဲ့ ပြီးတော့ ဆွဲကြိုးတွေရော၊ ဟန်းချိန်းတွေရော၊ လက်စွပ်သုံးလေးကွင်းပါ ဝတ်ဆင် ထားတာကို စိန်သာဗလက ပြောဖြစ်အောင်ပြောလိုက်သေးရဲ့။

'သောင်းဇော်တို့ကတော့ကွာ ဥစ္စာစောင့်မ ယောကျ်ားကြနေတာပဲ။ သိုက်ကပေးထားတဲ့အတိုင်းပဲဟေ့...ဝတ်ထားစားထားတာတွေကတော့ကွာ'

စိန်သာဗလနားမှာရှိတဲ့လူတွေက အဲဒီအခါကြမှ သောင်းဇော်ကိုကြည့်ပြီး ရယ်ကြပါလေရော။

◆◆◆

သောင်းဇော်တို့အလှူလုပ်ပြီးကာမှ အရပ်ထဲမှာ သောင်းဇော်တို့ မည်းမည်းမှိုင်းမှိုင်းသာကြောင်း သတင်းတွေက ပိုလို့တောင် ဟိုးဟိုးကျော်ပြီး ပြောကြလေရဲ့။

◆◆◆

အဲဒီလို သတင်းတွေကို ဂုဏ်ယူဝင့်ကြွားစွာနဲ့ နားထောင်ရင်း ကျေနပ်နေတာက သောင်းဇော်အပါအဝင် သူ့မိသားစုပါပဲ။

◆◆◆

တစ်နေ့မှာပေါ့ ဒါမျိုးကြီးဖြစ်တောင့်ဖြစ်ခဲ့ ဖြစ်ခဲ့တာက-

◆◆◆

မိုးကမနက်ကတည်းက ဖွဲဖွဲလေးရွာနေတာ မနက်ဆယ်နာရီလောက်မှာ တိတ်သွားတယ်။ ရပ်ကွက်ထဲမှာ ဗီဒီယိုလာရိုက်တဲ့သူတွေအတိုးရွက်လာလို့ တော်တော်ဝမ်းသာနေကြတယ်။ မိုးက အခါမဟုတ်တဲ့ရွာတို့

www.burmeseclassic.com



ရှုတင်မန်နေ ဂျာတွေကတောင် မေတ္တာပို့သူက ပို့ပေါ့။

ဟိုင်းလတ်ကားတစ်စီးက သောင်းဇော်တို့ အိမ်ရှေ့မှာရပ်လိုက်တယ်။ ကင်မရာကိုထမ်းပြီး ဝင်လာသူကော မီးသမားအချို့ကော ကုတ်အင်္ကျီဝတ်ထားတဲ့ လူသုံးယောက်ကော ဒါရိုက်တာကော ဘာကော လူဆယ်ယောက်လောက်ရှိမယ်။

'အမေရေ…အိမ်မှာ ဗီဒီယိုလာရိုက်တယ်ဗျို့'

သောင်းဇော်က ဝမ်းသာအားရနဲ့ သူ့အမေကိုပြောလိုက်ပါတယ်။

'ဟုတ်လား…သားရဲ့၊ အိမ်မှာလာရိုက်မယ်လို့ ဘယ်သူမှလည်းပြောမထားပဲနဲ့'

'အမေကလည်းဗျာ…ဒါရိုက်တာကအခုမှ အရေးကြုံလို့နေမှာပေါ့…အမေကြည့်ငြိမ်ခံထားလိုက် ခဏလေး'

သောင်းဇော်က ပြောပြောဆိုဆိုပါပဲ အိမ်ခန်းထဲပြေးဝင်သွားရင်းက မှန်ရှေ့မှာ ပေါင်ဒါတွေ၊ တို့ပတ်တွေ မျက်နှာမှာရိုက်လို့နေပါတယ်။

'သြော်…ဒါရိုက်တာကြီးတို့က ကျွန်မတို့အိမ်မှာ ရုပ်ရှင်ရိုက်မယ့်ထင်တယ်။ အိမ်မှာက ဒီနေ့မှ သားနဲ့ကျွန်မပဲရှိတယ်'

ဒါရိုက်တာလုပ်တဲ့သူက ဘာမှမပြောသေးဘဲ မီးထိုးသမားတွေဖက်ကိုလှည့်ရင်းက-

'ကဲ…မီးတွေဘာတွေချိန်ပေ့ ကင်မရာသမားကလည်း အဆင်သင့်လုပ်ထား'

ဒါရိုက်တာလုပ်သူက ညွှန်ကြားလိုက်ပါတယ်။ ဒီအချိန်မှာ အိမ်ခန်းထဲကနေ သောင်းဇော်ကထွက်လာရင်း ဒါရိုက်တာကိုကြည့်ရင်းက-

'ဆရာက ဒါရိုက်တာထင်တယ်၊ ဆရာ့ကို ကျွန်တော်တို့ရပ်ကွက်



ထဲမှာ ဗီဒီယိုလာရိုက်တာ တစ်ခါဖူးမှမတွေ့ဖူးဘူး။ ဒါရိုက်တာအသစ်ဆင်တယ်။ အခုမှ ဒီရပ်ကွက်ထဲလာရိုက်တာထင်တယ်။ ပြီးတော့ ကစားရောသေနတ်တွေ ခါးကြားထိုးထားတဲ့ လူကြမ်းတွေကိုလည်း တစ်ခါဖူးမှမမြင်ဖူးဘူး'

'ဟုတ်တယ် ညီလေး၊ ကဲ…အားလုံးအဆင်သင့်ဖြစ်ပြီလား'

'အားလုံး ရယ်ဒီပဲဆရာ'

ဒါရိုက်တာက သောင်းဇော်ရဲ့အမေးကိုဖြေရင်းက ကင်မရာနဲ့ မီးသမားတွေကို မေးလိုက်ပါတယ်။

'ကဲ…ဟေ့ကောင်တွေ ဟောဒီက သောင်းဇော်နဲ့ သူ့အမေကို ကြိုးတုပ်လိုက်'

'အိုကေ ဆရာ'

ဒါရိုက်တာလုပ်သူက အမိန့်ပေးလိုက်တယ်ဆိုရင်ပဲ မီးထိုးနေသူတွေထဲက နှစ်ယောက်က ကြိုးနဲ့ သောင်းဇော်ရော သောင်းဇော်ရဲ့အမေကိုပါတုတ်လိုက်ပါတယ်။

'ဆရာ…ဘာလုပ်တာလဲ ကျွန်တော်တို့က သရုပ်ဆောင်ရမှာမို့လို့လား'

ကြိုးတုပ်ခံနေတဲ့ သောင်းဇော်က ဒါရိုက်တာကို မေးလိုက်ပါတယ်။

'ဟေ့ကောင်တွေ ဗီဒီယိုရိုက်သလိုလုပ်နေ ပတ်ဝန်းကျင်ကိုကြည့်'

ဒါရိုက်တာက သူ့လူတွေကို အမိန့်ပေးနေပါတယ်။

'ဆရာ…ကျွန်တော်ကော၊ အမေကောက ဇာတ်ဝင်ခန်းမှာဘာလဲ'

ကြိုးတုပ်ခံနေတဲ့ သောင်းဇော်ကမေးလိုက်ပါတယ်။

'ဟေ့ကောင်…စကားမများနဲ့ မင်းတို့ကို ဗီဒီယိုရိုက်ဖို့မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကွ..ဗီဒီယိုရိုက်သလို ဟန်ဆောင်ပြီး ဓားပြတိုက်မလို့ကွ'

သေနတ်ခါးကြားထိုးထားတဲ့လူကြမ်းက သေနတ်ကိုဆွဲထုတ်ရင်းမှ ပြောလိုက်ပါတယ်။

'မနောက်ပါနဲ့ဗျာ..ခင်ဗျားတို့ ဗီဒီယိုသမားတွေက တော်တော် နောက်တာပဲ'

'နောက်နေတာမဟုတ်ဘူး။ တကယ်ဓားပြတိုက်နေတာကွ။ ကဲ.. ဘယ်မှာလဲ မင်းတို့အိမ်မှာ အတွင်းပစ္စည်းတွေဘယ်နေရာမှာထားလဲပြော'

သေနတ်ကိုင်ထားတဲ့လူက သောင်းဇော်ကို ဒေါသတကြီးပြောလိုက်ပါ တယ်။

သောင်းဇော်က ကြိုးတုပ်ခံနေတဲ့သူ့အမေကို ကြည့်လိုက်ပါတယ်။ သူ့အမေမျာလည်း အတော်ကြောက်လန့် တုန်လှုပ်နေပါတယ်။

'ဟဲ့ သား..ဓားပြတိုက်တာတဲ့'

'ဒီလူတွေ နောက်နေတာပါအမေရာ'

'ဟေ့ကောင်..နောက်နေတာမဟုတ်ဘူး။ တကယ် ဓားပြတိုက်နေတာ ကွ။ ဒီရပ်ကွက်ထဲမှာ ဗီဒီယိုတွေ ခဏ,ခဏရိုက်တော့ အခုလည်း မင်းတို့ကို ပိုက်ဆံရှိမှန်း အလျှုလုပ်တုန်းကသိလို့ ဗီဒီယိုရိုက်သလိုခွင်ဆင်ပြီး ဓားပြတိုက် တာပဲဟေ့။ မြင်တဲ့လူရှိလည်း ဗီဒီယိုရိုက်တယ်လို့ ထင်မှာပဲ'

သောင်းဇော်က အလန့်တကြားနဲ့ သူ့အမေကိုကြည့်လိုက်ရင်း-

'အမေရေ..တကယ်ဓားပြတိုက်တာတဲ့'

'ဒုက္ခပါပဲ သားရယ်..ဒုက္ခပါပဲ'

သားအမိနှစ်ယောက်စလုံး ကြိုးတုပ်ခံထားရလို့ ဘယ်လိုမှမရုန်းနိုင်

'ကဲ..အဒေါ်ကြီး ပစ္စည်းတွေဘယ်နေရာမှာထားလဲပြော..မပြောရင်



ဟာဒီသေနတ်က သိတယ်မဟုတ်လား'

'အမေ မပြောနဲ့'

သောင်းဇော်က ဝင်တားလိုက်ပါတယ်။ ဒါကို သေနတ်ကိုင်ထားတဲ့ လူက-

'ဒီကောင် တော်တော်ပိတ်ပင်တဲ့ကောင်ပဲ။ နာတော့မယ် ကဲကွာ'

'ဖုန်း'

'အား'

ပြောပြောဆိုဆိုပါပဲ သေနတ်ကိုင်ထားတဲ့လူက သောင်းဇော်ရဲ့ပါးကို ရိုက်လိုက်ပါတယ်။ သောင်းဇော်ခမျာ နာလွန်းလို့ အော်လိုက်မိရဲ့။

ဒီအချိန်မှာပဲ အိမ်ပွဲစားငြိမ်းအေးက သောင်းဇော်တို့ အိမ်ခြံဝင်းထဲ ဝင်လာ ပါတယ်။

'ဟာ..သောင်းဇော်တို့အိမ်မှာ ဗီဒီယိုရိုက်နေပါလား..ကြည့်စမ်း.. အမေရော၊ သားရော ကြိုးတုပ်လို့ အောင်မယ်..သောင်းဇော် မင်း နေ့စား ဝင်ရိုက်တာကိုး။ အမေကော သားရောဆို နှစ်ယောက်ခရမှာ'

'ဟေ့လူ..ရှုး စကားမများနဲ့'

မီးထိုးသူတစ်ယောက်က လက်ဟန်ခြေဟန်နဲ့ သတိပေးလိုက်ပါ တယ်။ ငြိမ်းအေးလည်း ဗီဒီယိုရိုက်နေတာပဲဆိုပြီး ဘာသံမှမထွက်ဘဲ နေမိ ပါတယ်။

'ကိုငြိမ်းအေး..ငြိမ်းအေး..ဒီမှာ ဓားပြတိုက်'

'အေးပါကွာ..ဓားပြတိုက်တဲ့အခန်းရိုက်တာ ငါသိတာပေါ့။ အေး.. ငါ အနောင့်အယှက်ဖြစ်နေဦးမယ်။ မင်း အိမ်လာတာ နောက်မှဝယ်မယ့် အိမ်ကိစ္စပြောမလို့ နေတော့ နောက်မှလာမယ်။ မင်းဗီဒီယိုရိုက်တာ ဆက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်'

သောင်းဇော်ပြောတာကို အဆုံးထိနားမထောင်ဘဲ ငြိမ်းအေးက သူပြောချင်တာပြောချပြီး အိမ်ထဲကနေထွက်သွားပါတယ်။ အိမ်ခြံဝင်းထဲက ထွက်ထွက်ချင်းမှာပဲ စိန်သာဗလတစ်ယောက် မျက်နှာချင်းဆိုင်က လာနေတာကို တွေ့ရလို့-

'စိန်သာဗလရေ··သောင်းဇော်တို့ အိမ်မှာဗီဒီယိုရိုက်နေတယ်ဟ··သောင်းဇော်ကော သူ့အမေကော သရုပ်ဆောင်နေတာ'

'ဟေ ဟုတ်လား··ခဏတော့ ဝင်ကြည့်ဦးမှပဲဟေ့'

အဖြစ်မှန်မသိသေးတဲ့ စိန်သာဗလကလည်း ငြိမ်းအေးစကားကြောင့် သောင်းဇော်တို့အိမ်ခြံဝင်းထဲ ဝင်လာပါတယ်။

သောင်းဇော်က စိန်သာဗလဝင်လာတာမြင်တော့ အားတက်သွားပါတယ်။

'ဟေ့ကောင်··မင်းရဲ့အမေကိုမေး ပစ္စည်းတွေဘယ်မှာထားသလဲလို့'

သေနတ်ကိုင်ထားတဲ့လူက စိန်သာဗလဝင်လာတာမသိဘဲ သောင်းဇော်ကို ပြောပြန်ပါတယ်။

'မပြောဘူးဗျာ··ကျုပ်မှ မသိတာ'

'ဩော်··ဒီလိုလား ကဲကွာ'

'ဖျန်း'

'အား··နာတယ်··နာတယ်'

သောင်းဇော်က ဓားပြတိုက်သူရိုက်ချက်ကြောင့် အတော့်ကို နာကျင်သွားပါတယ်။ ပထမရိုက်ချက်ထက် ပိုပြင်းလို့ပါ။

စိန်သာဗလကလည်း သောင်းဇော်ကို အတော်ချီးကျူးနေမိတယ်။



ဒီကောင် သရုပ်တော်တော်ဆောင်နိုင်တာပဲလို့။ အားပါး···သူတလည်း လက်သံပြောင်အောင် သရုပ်ဆောင်နိုင်ပါလားလို့။

'ဟော့···ဘာလုပ်နေတာလဲ'

ခြံဝင်းထိပ်ကနေ ရပ်ကွက်လူကြီးဦးသူရရဲ့ လူအချို့က သောင်းဇော်တို့ အိမ်ဘက် ကြည့်ရင်းက မေးလိုက်ပါတယ်။

'သောင်းဇော်တို့ အိမ်ထဲမှာ ဓားပြတိုက်ခန်း ဗီဒီယိုရိုက်နေတာ သောင်းဇော်ကော သူ့အမေကော ကြိုးနဲ့တုပ်ခန်း သရုပ်ဆောင်နေတာ ဦးသူရရဲ့··ဝင်ကြည့်ပါဦးလား'

စိန်သာဗလက ခြံဝကိုပြေးထွက်လာရင်းမှ ပြောလိုက်ပါတယ်။

'မကြည့်တော့ပါဘူးကွာ···ဒီသောင်းဇော်က အနုပညာပိုးတော့ ပါသားကွ။ သွားဦးမယ်ဟေ့···ရုံးမှာအစည်းအဝေးရှိလို့'

'ကောင်းပြီဗျာ···ကျွန်တော်လည်း သောင်းဇော်တို့ ရိုက်နေတာကို ခဏကြည့်ပြီးရင် သွားမယ်'

စိန်သာဗလက သောင်းဇော်တို့ ဗီဒီယိုရိုက်ကူးတဲ့နား ပြန်လာတော့ ကြိုးတုပ်ထားတဲ့ သောင်းဇော်အမေကို ပိုက်ဆံတွေ ဘယ်မှာထားလဲ မေးတဲ့ အခန်းကို ရိုက်နေပါတယ်။ သောင်းဇော်ကလည်း သရုပ်ဆောင် တော်တော် ကောင်းပါရဲ့။ ကြောက်လန့်တဲ့အမူအရာက မျက်လုံးမှာ အတိုင်းသားပေါ်နေရဲ့။

'ဒီဇာတ်ဝင်ခန်းရိုက်မှာက အတော်ကြာဦးမှာလား'

'ကြာဦးမှာ ဒီအခန်းက အဓိကဇာတ်ဝင်ခန်းဆိုတော့ အပီပြင်ရိုက်ရမှာ'

'ဒါရိုးကြီးက ဟုတ်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စိန်သာဗလက မီးထိုးနေတဲ့စက်သမားကို မေးလိုက်တာကို ဟိုက ပြန်ဖြေတာပါ။ စိန်သာဗလက ပြန်ရင်ကောင်းမယ်ဟုခုံးဖြတ်ရင်း-

'သောင်းဇော်ရေ သွားပြီဟေ့--ခင်း ကြီးစားကွာ သရုပ်ဆောင်ဖြစ်မှာ'

'စိန်သာဗလ'

'ဟာကွာ--ဒီကောင် ကဲကွာ--ဖျောင်း'

'အား'

စိန်သာဗလကတော့ သောင်းဇော်ခေါင်းကိုမကြားဘဲ ခြံဝထွက်လာပါတယ်။ သောင်းဇော်တို့ဇာတ်ဝင်ဓားပြတိုက်ခန်းကတော့ အိမ်ထဲမှာ ဆက်ရိုက်နေခဲ့။

သောင်းဇော်တို့ ခြံဝင်းထဲကနေ ဟိုင်းလပ်ကားနဲ့ ဗီဒီယိုရိုက်ကူးသူတွေက ထွက်သွားကြတယ်။

အဲဒီကားထွက်သွားပြီး နာရီဝက်အကြာမှာ သောင်းဇော်ရဲ့အမေနဲ့ အစ်မတွေ အပြင်က ပြန်လာတော့အိမ်ထဲမှာ သောင်းဇော်နဲ့ သောင်းဇော်ရဲ့ အဖေကို ကြိုးတုပ်ပြီး ပါးစပ်မှာ ပလာစတာကပ်ထားတာကိုမြင်ကြရတယ်။ သောင်းဇော်မျက်နှာမှာလည်း ဖူးယောင်လို့။

ဝတ်ဝန်းကျင်ကို လှမ်းခေါ်ပြီး သေသေချာချာမေးတော့ ဗီဒီယိုရိုက်သလိုဟန်ဆောင်ရင်း အထွက်ချ၊ နေစိတကျကျနဲ့စီစဉ်ပြီး ရှိသမျှပစ္စည်းတွေ စိတ်ကြိုက်ယူဆောင် ဓားပြတိုက်မှန်းသိလိုက်ကြတယ်။

ရပ်ကွက်ထဲမှာ ချက်ချင်းဆိုသလို အုန်းအုန်းကျွက်ကျွက်နဲ့ ဖြစ်ကုန်ကြပါတယ်။

ရပ်ကွက်အေးချမ်းသာယာရေးရုံးကို အကြောင်းကြား၊ အဲဒီကနေ သက်ဆိုင်ရာကို သတင်းပို့တိုင်ကြားနဲ့ အလုပ်ကိုရှုပ်သွားပါတယ်။



ဝတ်ဝန်းကျင်ကို သက်ဆိုင်ရာက စစ်ဆေးတဲ့အခါ အရပ်ထဲ အကြော်လှည့်ရောင်းသူ ကိုဆာမိက သောင်းဇော်တို့ခြံဝင်းထဲကနေ ထွက်သွားတဲ့ ကားနံပါတ်ကို သတိထားမိလို့ ကြည့်မိကြောင်းပြောပြတော့ ကားနံပါတ်ကနေ ခြေရာခံ လိုက်လံစုံစမ်းတာ ညရောက်တဲ့အခါ မနက်ဆယ်နာရီလောက်က ဗီဒီယိုရိုက်သလို ဟန်ဆောင်ပြီး အကွက်ချစီစဉ်ပြီး ပုံမှားရိုက်ပြီး ဓားပြတိုက်ခဲ့တဲ့လူတွေအားလုံးကို ဖမ်းမိပါတယ်။

သူတို့က သောင်းဇော်အိမ်ရဲ့အလှူကို လာစားရင်းက အကွက်ချစီစဉ်ခဲ့တာ လို့ ပြောပါတယ်။

◆◆◆

ဒီကိစ္စမှာ ခံပြင်းသူကလည်း ရှိပါသေးတယ်။

ဒီထက်ဆိုးတာက အိမ်ပွဲစား ငြိမ်းအေးပါပဲ။ စေ့စေ့စပ်စပ်မလေ့လာဘဲ စိန်သာဗလကိုပြောပြီး ထွက်သွားလို့ပါပဲ။

အဲဒီဟာတွေထက်ဆိုးတာကတော့-

◆◆◆

ဟုတ်ပါတယ်ဗျာ--ကျွန်တော် စိန်သာဗလရယ်ပါ။ ဒါမျိုးကြီးလည်း ဖြစ်တတ်,ဖြစ်တတ်ပါရဲ့ဗျာ။ ဒီလောက်ရိုက်၊ ရက် ဓားပြတိုက်နေတာကို ကိုယ်က ထိုင်ကြည့်ရင်း ဓားပြတိုက်နေတာမှန်းမသိအောင် 'အ' လှရချေရဲ့ လူကျိုးမရ ဖြစ်မိပါရဲ့။

တော်ပြီဗျာ--နောက်ဆိုရင် ဒါမျိုးကြီးတွေမဖြစ်ရလေအောင် ဘယ်အရာမဆို သတိထားပြီး မလွဲအောင်လုပ်တော့မယ်လို့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ်ဗျာ..အရပ်ထဲပြောနေတာကြည့်လေ။

ဓားပြတိုက်၊ သူခိုးဖမ်းလို့ကတော့ စိန့်သာဗလကို အထူးအညီမတောင်းနဲ့တဲ့။ ဓားပြသူခိုး အထုအထောင်းပိုခံရတတ်တယ်တဲ့။ အဲဒီစကားက အရပ်ထဲ တွင်ကျယ်နေတာလေ။

ကဲ..ခင်ဗျားတို့ကော ကျွန်တော့်နေရာမှာဆို ဘယ်လိုနေမလဲ။

ဒါမျိုးကြီးလည်း ဖြစ်တတ်,ဖြစ်တတ်ပါရဲ့ဗျာ။

ပဒ္မမ်ဒီရှိုင်း



www.burmeseclassic.com